# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လဆန်း (၁၂)ရက် ၊ အင်္ဂါနေ့ ၊ (25-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၁၇)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ဧဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၂၀ နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့်တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဧဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ရေဖြတ်သန်းစီးဆင်းမှုစတင်ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၂၀ နှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက်

စာမျက်နှာ ၂၃ ကော်လံ ၁

နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ခရီးလမ်း(၇) ဆောင်းပါး

စာမျက်နှာ - ၁၈

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသော ပြိုင်ပွဲအဆင့်နှင့် ဘာသာရပ်များ

စာမျက်နှာ - ၂၅

## မန္တလေး-မတ္တရာ ရထားလမ်းပိုင်းရှိ သူရဲဈေး-တောင်ပြုံး၊ တောင်ပြုံး-သူရဲဈေး ရထားခရီးစဉ် ခရီးသည်စီးနင်းမှုများပြားသဖြင့် ရထားတိုးချဲ့ပြေးဆွဲ




နေပြည်တော် ဩဂုတ် ၂၄

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရန် မ-၄၁၊ မ-၄၃ သူရဲဈေး-တောင်ပြုံးနှင့် မ-၄၂၊ မ-၄၄ တောင်ပြုံး-သူရဲဈေး ရထားခရီးစဉ်ကို ရိုးရိုးတန်း ခြောက်တွဲ၊ ဘရိတ်တွဲ နှစ်တွဲ စုစုပေါင်း ရှစ်တွဲဖြင့် တွဲဆိုင်းဖွဲ့ဆင်ပြီး ဩဂုတ် ၁၉ ရက်မှစတင်၍ ပြေးဆွဲပေးလျက်ရှိရာ တောင်ပြုံးပွဲတော်ကာလအတွင်း ရထားစီးခရီးသည် စီးနင်းမှုများပြားသဖြင့် ဩဂုတ် ၂၂ ရက်မှစတင်၍ မ-၄၅ နှင့် မ-၄၆ ရထားနှစ်စီး ထပ်မံတိုးချဲ့ပြီး တစ်နေ့လျှင် အစုန်၊ အဆန် ရထားခရီးစဉ်

စာမျက်နှာ၂၁ ကော်လံ ၁

## လေဖိအားနည်းရပ်ဝန်း အိန္ဒိယနိုင်ငံ ဂျက်ခမ်းပြည်နယ်နှင့် ဩရိသပြည်နယ်မြောက်ပိုင်းတို့ကို ဖြတ်ကျော်နိုင်




နေပြည်တော် ဩဂုတ် ၂၄

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်၊ ယင်းနှင့် ဆက်စပ်လျက်ရှိသော ဩရိသပြည်နယ်မြောက်ပိုင်း၊ ဂျက်ခမ်းပြည်နယ်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော

စာမျက်နှာ ၂၁ ကော်လံ ၄

## ပဲခူးမြို့ ၆၆ ကေဗွီ ပဲခူး အမှတ်(၆)ဓာတ်အားလိုင်းကို ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်မည်ဖြစ်သဖြင့် ယာယီဓာတ်အားပြတ်တောက်မည်

နေပြည်တော် ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ၆၆ ကေဗွီ ပဲခူး အမှတ်(၆) ဓာတ်အားလိုင်းကို ဓာတ်အားလိုင်းအပြစ်မဖြစ်ပေါ်စေရေးနှင့် ဓာတ်အားလိုင်းကြံ့ခိုင်ကောင်းမွန်စေရေးအတွက် ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီထိ ဓာတ်အားပိတ်၍ ဓာတ်အားလိုင်းစစ်ဆေးပြုပြင်ခြင်း၊သစ်ပင်သစ်ကိုင်းခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်အားခွဲရုံ Switch Yard များနှင့် Distribution Panel များကို လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်နေချိန်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်ရေိယာအတွင်း ပါဝင်သည့် ရုံးဌာနများနှင့် စက်ရုံ၊ အလုပ်ရုံများသို့ ကြိုတင်အကြောင်းကြားထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ရတနာပုံ

၂၀၂၆ ခုနှစ် ဩဂုတ် ၂၅ ရက်

အယ်ဒီတာ့အာဘော်

# နိုင်ငံ့အကျိုးစီးပွားဖြစ်ထွန်းစေမည့်အောင်မြင်သောခရီးစဉ်

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားအတွက် အိမ်နီးချင်းများ၊ မိတ်ဖက်နိုင်ငံများနှင့် သံတမန်ဆက်ဆံမှုကောင်းမွန်တိုးတက်စေရေးကို အစဉ်တက်ကြွစွာဖော်ဆောင်လျက်ရှိသည်။ ယခုအခါတွင်လည်း နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ်လည်းကောင်း သွားရောက်ခဲ့ရာ ဩဂုတ် ၂၃ ရက် ညနေပိုင်းတွင် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အဆိုပါခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတတို့သည် ဩဂုတ် ၁၈ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုအခြေအနေများနှင့် နိုင်ငံတော်အစိုးရအနေဖြင့်ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာ-ရုရှားနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ကာကွယ်ရေး၊ လုံခြုံရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အာကာသနည်းပညာ၊ ကျန်းမာရေးနှင့် ခရီးသွားကဏ္ဍ အပါအဝင် နယ်ပယ်ပေါင်းစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးနှင့် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် တည်ဆောက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံအကျိုးအတွက်နားလည်မှုစာချွန်လွှာ ၁၂ ခုတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အလားတူ မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ သမ္မတနန်းတော် အစည်းအဝေးခန်း၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတတို့သည် မြန်မာ-ဘယ်လာရုစ်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ အာကာသနည်းပညာကဏ္ဍ၊ ပညာရေးနှင့်လူငယ်ကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာကိုးခုကို လက်မှတ်ရေးထိုးခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်သမ္မတကြီး၏ တရားဝင်ချစ်ကြည်ရေးခရီးစဉ်များသည် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတို့အကြား စီးပွားရေးကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကာ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် များစွာအကျိုးပြုအထောက်အကူပြုသည့် အောင်မြင်သောခရီးစဉ်တစ်ခုဖြစ်ပါကြောင်း ဂုဏ်ယူဝမ်းမြောက်စွာရေးသားလိုက်ရပေသည်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၃၈၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၃၈၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၉၈၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၃၈၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ မြေပဲဧက ၉၀၀၀ ကျော်လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက် မှတ်တမ်းယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ မြေပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးကြင်းပိဿာချိန် ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မအူပင် ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးကြင်းပိဿာချိန် ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးကြင်းပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးကြင်းပိဿာချိန် ၅၄၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးကြင်းများကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းလာခြင်းကြောင့် တင်ပို့မှုကောင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့တဲ့ ငါးကြင်းတွေက လတ်ဆတ်ပြီး အရည်အသွေးကောင်းပါတယ်။ လက်ရှိ ငါးကြင်းတွေအဝယ်လိုက်နေပါတယ်။ ပွဲရုံတွေကို ငါးကြင်းအဝင်နည်းနေတာရယ်၊ ရန်ကုန်ဈေးကွက်က ငါးကြင်းတွေ အဝယ်လိုက်နေတာရယ်ကြောင့် ငါးကြင်းကို ဝယ်လိုအားကောင်းနေတာပါ။ ပြီးခဲ့တဲ့လအတွင်း ငါးကြင်းပိဿာချိန် ၅၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်"ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများကို ပွဲရုံပိုင်ရှင်များက ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ငါးကြင်းတစ်ပိဿာလျှင် ငွေကျပ် ၂၂၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဝမ်းတွင်းမြို့နယ် ကံကွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံကွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၃ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကံကွေ့ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၈ ဦးကို ငွေကျပ် ၄၂ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၉ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ခုနစ်သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၉ ဦးကို ရန်ပုံငွေကျပ် ၅၈ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# သာစည်မြို့နယ် မြေစိုကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြေစိုကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြေစိုကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၄၈ သန်းဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ၊ စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြေစိုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၁၈ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁ဝ၇ ဦးကို ငွေကျပ် ၂၉ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၄ ဦးကို ရန်ပုံငွေကျပ် ၄၈ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# တံတားဦးမြို့နယ် ပန်းယျကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တံတားဦး ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းယျကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၃ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သန်း ၃ဝ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁ဝဝ ကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် သန်း၃ဝ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၁၇၇၉ဝ စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲဧက ၁၇၇၉ဝ စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် ကုလားပဲဧက ၁၇၇၉ဝ စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှစတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ကုလားပဲ ဧက ၁၇ဝဝဝ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားပါမယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့် တွေသုံးစွဲဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက် ပေးသွားပါမယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်၌ ကုလားပဲစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကုလားပဲစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂ဝ၆)

# ရမည်းသင်းခရိုင် လူထုအခြေပြုဗဟိုဌာန၌ လူငယ်ရေးရာအသိပညာပေး ဟောပြော

**ရမည်းသင်း ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟုသုတ ရရှိစေရန်နှင့် အသိဉာဏ်ပညာများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်နန်းအေးခိုင်က လူငယ်များအနေဖြင့် အတွေးအခေါ် အမြော်အမြင်များ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်၊ မိမိတို့နှင့်လိုက်လျောညီထွေဖြစ်မည့် သုတ၊ ရသ စာအုပ်၊ စာပေများကို ရွေးချယ်ဖတ်ရှုစေရန်၊ ကျောင်းစာများသာမက ပြင်ပဗဟုသုတရရှိစေမည့် စာပေများကိုဖတ်ရှုကြရန် စသည့်အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ လက်ထောက်ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဟိန်းပြည့်ဖော်**

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၅ဝဝဝ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ ဩဂုတ် ၂၄**


ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၅ဝဝဝ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ် ဆန်စပါး၊ ဖွဲရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၄ဝဝဝဝ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေ ၅၅ဝဝဝ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဖွဲနုများကို ပြည်တွင်း၌ ငါးစာ၊ ကြက်စာ၊ ဝက်စာ၊ ဘဲစာ စသည့် မွေးမြူရေးလုပ်ငန်းသုံးအစာအဖြစ် အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း အိမ်မဲမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၅ဝဝဝ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖွဲနုက စပါးကြိတ်ခွဲရာမှာ ထွက်လာတဲ့ကုန်ကြမ်းတစ်ခုပါ။ ပြည်တွင်းမှာ တိရစ္ဆာန်အစာအဖြစ်အသုံးပြုတာများပါတယ်။ လက်ရှိဩဂုတ်လထဲမှာလဲ ဖွဲနုအိတ်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူဖို့ ချိတ်ဆက်နေပါတယ်။ မွေးမြူရေးလုပ်ငန်းတွေ အပြိုင်လည်ပတ်လုပ်ကိုင်နေတာကြောင့် ရန်ကုန်ဈေးကွက်က အခုလို ဖွဲနုအိတ်တွေ ဝယ်ယူအားကောင်းလာတာပါ။ ဝယ်ယူအားကောင်းလာတော့ တောင်သူတွေ၊ ဆန်စက်လုပ်ငန်းလုပ်ကိုင်သူတွေ၊ ပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင် အဆင်ပြေနေပါတယ်"ဟု အိမ်မဲမြို့နယ် ဆန်စပါး၊ ဖွဲရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြသည်။


အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဖွဲနု ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၅ဝဝ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဖွဲနုများ တင်ပို့ရောင်းချအား ကောင်းလာခြင်းကြောင့် တောင်သူများ၊ ဆန်စက်ပိုင်ရှင်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဘဝတစ်သက်တာအတွက် ဗီတာမင် အပိုင်း(၁၆)

**ပါမောက္ခကိုကိုအောင်**




**ပရိုတင်းနှင့် သတ္တုဓာတ် ပြည့်ဝစေဖို့**

ထာဝရ သက်သတ်လွတ် စားသုံးသူများနှင့် ကာလရှည် သက်သတ်လွတ်စားသူတို့သည် ပရိုတင်းနှင့် သတ္တုဓာတ်များပြည့်ဝအောင် စနစ်တကျ စားသုံးကြရန်လည်း လိုအပ်သည်။

ပရိုတင်းဓာတ်ချို့တဲ့မှု မဖြစ်စေရန်အတွက် ပဲအမျိုးမျိုး၊ နို့၊ ဒိန်ချဉ်၊ ဒိန်ခဲတို့ကို စားသုံးကြရန် လိုအပ်သည်။

သံဓာတ်ချို့တဲ့မှု မဖြစ်စေရန်အတွက်လည်း ပဲနီလေး၊ ကုလားပဲ၊ ပဲကြီး၊ ပဲတောင့်ရှည်၊ ဟင်းနုနယ်၊ ကိုက်လန်၊ သီဟိုဠ်စေ့၊ နေကြာစေ့၊ ဖရုံစေ့၊ စပျစ်သီးခြောက်၊ ဆီးသီးခြောက်တို့ကို စားသုံးကြရမည်ဖြစ်သည်။

ဗီတာမင် C ကြွယ်ဝသော သစ်သီးမျိုးစုံ၊ ခရမ်းချဉ်သီး၊ ငရုတ်ပွတို့နှင့်အတူ တွဲဖက်စားသုံးမည်ဆိုပါက ခန္ဓာကိုယ်၏သံဓာတ်စုပ်ယူမှုကို ပိုမိုအားကောင်းစေမည်ဖြစ်သည်။

သာဓကအားဖြင့် ပဲဟင်းထဲသို့ သံပရာရည်ထည့်ပြီး စားသုံးခြင်းမျိုးသည် သံဓာတ်ကို ခန္ဓာကိုယ်က စုပ်ယူမှုအား ပိုမိုကောင်းမွန်စေသည့် နည်းလမ်းတစ်ရပ်ဖြစ်သည်။

ကယ်လ်စီယမ် ချို့တဲ့မှုမဖြစ်စေရန်အတွက် ကိုမူ အစိမ်းရောင် ဟင်းသီးဟင်းရွက်များ၊ ကိုက်လန်၊ ဟင်းနုနယ်၊ မုန်လာဥဝါ၊ ပဲအမျိုးမျိုး၊ ဗာဒံစေ့နှင့် သစ်ကြားသီး စသည်တို့အပြင် ကယ်လ်စီယမ် ဖြည့်စွက်ထားသည့် ပဲနို့နှင့် သစ်သီးဖျော်ရည်တို့ကို စားသုံးကြရမည်ဖြစ်သည်။

ထို့အတူ ဇင့်ဓာတ်ချို့တဲ့မှုမဖြစ်စေရန်အတွက်လည်း ပဲအမျိုးမျိုး၊ အခွံမာနှင့် အခွံမာသီးအစေ့များ၊ သီဟိုဠ်စေ့နှင့် ဂျုံကြမ်း စသည်တို့ကို စားသုံးကြရမည်ဖြစ်သည်။

အိုင်အိုဒင်း ချို့တဲ့မှုမဖြစ်စေရန်အတွက်မူ အိုင်အိုဒင်းဆား (Iodized Salt) ကို နေ့စဉ်အနည်းငယ်၊ စားသုံးကြရန် လိုအပ်သကဲ့သို့ ပင်လယ်ရေညှိကိုလည်း တစ်ပတ်လျှင် နှစ်ကြိမ်ထက် မပိုစေဘဲ စားသုံးကြရမည်ဖြစ်သည်။

ဗီတာမင်နှင့် အာဟာရဓာတ်များပြည့်ဝအောင် စနစ်ကျသည့် အစီအမံများဖြင့် ကာလရှည်ကြာ သက်သတ်လွတ် စားသုံးခြင်းသည် ကျန်းမာကြံ့ခိုင်ပြီး အသက်ရှည်နိုင်သော ဘဝနေထိုင်မှုပုံစံတစ်ခုပင်ဖြစ်သည်။

**အသားသီးသန့် စားသူများ ဗီတာမင်ချို့တဲ့မှု မဖြစ်စေဖို့**

အသီးအရွက်များကိုသာ စားသုံးသူတို့အတွက် ဗီတာမင်ချို့တဲ့မှုမဖြစ်အောင် စနစ်တကျ ရွေးချယ်စားသုံးကြရန် လိုအပ်သည့်နည်းတူပင် အသားကိုသာ အဓိကစားသုံးပြီး အသီးအရွက် မကြိုက်သူတို့အတွက်လည်း ဗီတာမင်ကို လုံလုံလောက်လောက် ပြည့်ပြည့်ဝဝရရှိအောင် ရွေးချယ်စားသုံးတတ်ကြရန် လိုအပ်မည်ဖြစ်သည်။

အသားနှင့်ငါး ကြိုက်နှစ်သက်သူတို့ အနေဖြင့် ဗီတာမင်ပါဝင်မှုအလိုက် မှန်မှန်ကန်ကန်ရွေးချယ်ပြီး စားသုံးနိုင်ကြမည်ဆိုပါက ကျန်းမာရေးအတွက် အကျိုးများနိုင်သည်။

တိရစ္ဆာန်တို့၏အသည်းကို စားသုံးပါက ဗီတာမင် A၊ ဗီတာမင် B12၊ သံဓာတ်တို့ကို ကြွယ်ဝစွာရရှိမည်ဖြစ်သည်။ အဆီများသည့် တူနာငါးတို့ကို စားသုံးမည်ဆိုပါကလည်း ဗီတာမင် D နှင့် Omega-3 တို့ကိုရရှိမည်ဖြစ်သည်။

ဥအမျိုးမျိုးကို စားသုံးမည်ဆိုပါကမူ ဗီတာမင် D၊ ဗီတာမင် B12 တို့ကို ရရှိလိမ့်မည်ဖြစ်သည်။ ဆိတ်သားနှင့် အမဲသားတို့ကို စားသုံးမည်ဆိုပါကလည်း သံဓာတ်၊ ဇင့်ဓာတ်နှင့် ဗီတာမင် B12 တို့ကို ရရှိမည်ဖြစ်သည်။

အသားကိုသာ ကြိုက်နှစ်သက်ပြီး အသီးအရွက်ကို မနှစ်သက်သူတို့အတွက် အနည်းဆုံးအားဖြင့် အနံ့နှင့်အရသာပျော့ပြီး အာဟာရဓာတ်ပြည့်ဝသော အသီးအရွက်တချို့ကို ကျန်းမာရေးအတွက် မဖြစ်မနေ စားသုံးသင့်ကြသည်။ စတော်ဘယ်ရီသီးနှင့် ချယ်ရီသီးတို့ကိုစားသုံးပါက ဗီတာမင် C ကို အလုံအလောက်ရရှိနိုင်သကဲ့သို့ ထောပတ်သီးကို စားသုံးမည်ဆိုပါကလည်း ကျန်းမာရေးအတွက် အကျိုးပြုသည့်အဆီဓာတ်နှင့် ဗီတာမင် E တို့ကို ရရှိနိုင်မည်ဖြစ်သည်။

ကန်စွန်းဥကို စားသုံးပါက ဗီတာမင် A နှင့် ပိုတက်ဆီယမ်တို့ကို ကြွယ်ဝစွာ ရရှိနိုင်မည်ဖြစ်သကဲ့သို့ ပန်းဂေါ်ဖီစိမ်းကို စားသုံးမည်ဆိုပါကလည်း ဗီတာမင် C၊ ဗီတာမင် K နှင့် အမျှင်ဓာတ်တို့ကို လုံလုံလောက်လောက် ရရှိနိုင်လိမ့်မည်ဖြစ်သည်။

အလားတူပင် မုန်လာဥနီကို စားသုံးလျှင် ဗီတာမင် A ကို ကြွယ်ဝစွာ ရရှိနိုင်မည်ဖြစ်သကဲ့သို့ မှိုကိုနေလှန်းပြီးမှ ချက်ပြုတ်သုံးဆောင်ပါကလည်း ဗီတာမင် D ကို လုံလုံလောက်လောက် ပြည့်ပြည့်ဝဝ ရရှိနိုင်ကြလိမ့်မည်ဖြစ်သည်။

အသီးအရွက်များကို သုပ်စားခြင်းနှင့် ဖျော်ရည်ပြုလုပ်ပြီး သောက်သုံးခြင်းတို့ထက် ပြုတ်ပြီးစားသုံးခြင်းနှင့် ကြော်ပြီးစားသုံးခြင်းတို့က ပို၍ထိရောက်မှုရှိလိမ့်မည်ဖြစ်သည်။ မန်ကျည်းသီးအနှစ်နှင့် ဆီးသီးအနှစ်ကဲ့သို့သော အသီးအနှစ်အမျိုးမျိုးတို့ကို ဟင်းချိုထဲ၌ ရောနှောချက်ပြုတ်ပြီး စားသုံးခြင်းကလည်း အလွန်ကောင်းမွန်သည့် နည်းလမ်းတစ်ခုပင်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် အသီးအရွက်မျိုးစုံနှင့် အသား၊ ငါး၊ ဥအမျိုးမျိုးတို့ကို စုံစုံလင်လင် စားသုံးသူတို့ထက် သက်သတ်လွတ်စားသူများနှင့် အသား၊ ငါး၊ ဥအမျိုးမျိုး ကိုသာ သီးသီးသန့်သန့် စားသုံးသူတို့က ဗီတာမင်နှင့် သတ္တုဓာတ် ချို့တဲ့နိုင်ခြေရှိနေကြသည်ဖြစ်ရာ၊ အထက်ဖော်ပြပါ နည်းလမ်းများအတိုင်း စနစ်တကျရွေးချယ်ပြီး စားသုံးကြမည်ဆိုလျှင် ကျန်းမာအသက်ရှည်ရေးအတွက် အလွန်ပင် အကျိုးရှိကြလိမ့်မည်ဖြစ်သည်။

သက်သတ်လွတ်စားသူများအထဲ၌ပင် နို့အမျိုးမျိုးကို သောက်သုံးသူတို့ထက် တိရစ္ဆာန်နို့မှန်သမျှကို ရှောင်ရှားနေကြသူတို့က ဗီတာမင်နှင့် သတ္တုဓာတ် လုံလောက်ပြည့်ဝစွာရရှိနိုင်ရေးကို ပိုမိုအလေးထားကြရလိမ့်မည်ဆိုသည်ကို မမေ့အပ်ကြပေ။

# အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၁၆၂၇ ဧက စိုက်ပျိုးမည်


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**အင်းတော် ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၁၆၂၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၁၆၂၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အင်းတော်မြို့နယ်မှာ နှမ်း ၁၁၆၂၇ စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်။ နှမ်းစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စတဲ့ အသိပညာပေးလုပ်ငန်းတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ လုပ်ဆောင်ပေးနေပါတယ်"ဟု အင်းတော် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။ (၂ဂ၆)

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

## ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၁၁၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပုလဲ ဩဂုတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၁၁၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုလဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပုလဲမြို့နယ်တွင် စပါးဧက ၄၅၇၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ဇွန်လ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၁၁၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပုလဲမြို့နယ်မှာ စပါးဧက ၄၅၇၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့မှာ ၂၁၁၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ပုလဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြသည်။

ပုလဲမြို့နယ်တွင် စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပုလဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြ၍ သိရသည်။ (၂၀၆)

## ဝမ်းတွင်းမြို့နယ် နတ်ကန်(ရ)ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုစစ်ဆေး

ဝမ်းတွင်း ဩဂုတ် ၂၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်ကန်(ရ)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း (RBF) စီမံကိန်းဖြင့် ဒေသ နို့စားနွား မွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက နတ်ကန်(ရ)ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ရှေ့ဆောင်အဖွဲ့၊ လမ်းပြအဖွဲ့၊ စပယ်အဖွဲ့နှင့် ချမ်းသာအဖွဲ့လေးဖွဲ့မှ နို့စားနွားမွေးမြူရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း စီမံကိန်း (RBF)နှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ (RBF)စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀၊ အစုအဖွဲ့များ ထည့်ဝင်ငွေကျပ် သိန်း ၁၀၀တို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်သူများ၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ အတွက်လိုအပ်သော အရင်းအနှီး ရရှိစေရန် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ RBF စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

အောင်ရဲကျော်

## အာမေဍိတ်

\- လူတချို့က
ယောင်လို့အော်ဟစ် သည်အဖြစ်ဝယ်
ညစ်ညမ်းယူစွဲ လွတ်ခနဲတည့်
ဆဲရေးတစ်ရာ ရုတ်ခြည်းသာလျှင်
နှုတ်မှာလျှံဖိတ် အာမေဍိတ်။

\- တချို့မူကား
လူတို့သဘော စိတ်မှာစောလျက်
အံ့ဩမှင်တက် ရုတ်တရက်သာ
အနက်အဓိပ္ပာယ် သိမလွယ်သော
အိုဟယ်ဟင်ဟာ ကြောင်းမဲ့စွာလျှင်
နှုတ်မှာလျှံဖိတ် အာမေဍိတ်။

\- ထင်းခုတ်စားသည့်
သားနှင့်အဖ တစ်ခါကဝယ်
ညမှောင်ရီပျိုး နေစွယ်ကျိုးချိန်
မြို့ရိုးတံခါး ပိတ်ကာထား၍
တောကြားဝန်းကျင် အိပ်ရာဝင်ခိုက်
စွယ်ရှင်ပြူးပြူး သားစားကြူးသည့်
ဘီလူးရောက်လာ ပြင်းအာသာနှင့်
အစာမှတ်စွဲ သားကိုဆွဲသော်
အမြဲရွတ်ပွား သားနှုတ်ဖျားက
ဘုရား ဗုဒ္ဓါ မြည်တမ်းကာတည့်
အာမေဍိတ်ထူး သံသာကျူးလျှင်
ဘီလူးသော်လျက် အစားခက်မို့
အသက်ရန်ဘေး ကင်းလွတ်ဝေးသည့်
ရှေးနိပါတ်ပြ သာဓက
စကားချိုမြတ် ဆိုအပ်လှ။ ။

ချစ်စုအောင်

## နတ်တလင်းမြို့နယ် ကံသာပေါက်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နတ်တလင်း ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံသာပေါက်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၉ ဒသမ ၂၅ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကံသာပေါက်တန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇၉ ဦးကို ငွေကျပ် ၅၆ ဒသမ ၈ သန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူခြောက်ဦးကို ငွေကျပ် ၂ ဒသမ ၄၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၅ ဦးကို ရန်ပုံငွေကျပ် ၅၉ ဒသမ ၂၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သန္တာ

# ကမ္ဘာ့ဈေးကွက်သို့ ရုရှားကောက်ပဲသီးနှံများ တင်ပို့နိုင်ရေးဆောင်ရွက်နေဟု ရုရှားအစိုးရပြောကြား

မော်စကို ဩဂုတ် ၂၄

ယူကရိန်း၏ တိုက်ခိုက်မှုကြောင့် ရုရှားနိုင်ငံ၏ ကောက်ပဲသီးနှံ ပို့ကုန်များအပေါ် ဆိုးကျိုးသက်ရောက်မှုများကို အနည်းဆုံးအဆင့်သို့ လျှော့ချနိုင်ရေးအတွက် လုပ်ငန်းအစီအမံများ ချမှတ်နေကြောင်းနှင့် ကမ္ဘာ့ဈေးကွက်သို့ ရုရှားကောက်ပဲသီးနှံများ တင်ပို့နိုင်ရေး ဆောင်ရွက်နေကြောင်း ရုရှားအစိုးရက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ပင်လယ်နက်ဒေသ ကောက်ပဲသီးနှံ ပို့ကုန်လုပ်ငန်းအခြေခံအဆောက်အအုံများ တိုက်ခိုက်ခံရမှုကြောင့် ကမ္ဘာ့ကောက်ပဲသီးနှံဈေးကွက် ထိခိုက်လာချိန်တွင် ရုရှားအစိုးရက ထိုသို့ကြေညာချက် ထုတ်ပြန်ထားခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း ရုရှားနှင့် ယူကရိန်းတို့သည် ပင်လယ်နက်ဒေသရှိ ကောက်ပဲသီးနှံ ပို့ကုန်လုပ်ငန်းအတွက်အသုံးပြုနေသည့် ဆိပ်ကမ်းများ၊ ရေယာဉ်များကို အပြန်အလှန် တိုက်ခိုက်ခဲ့ကြသည်။

သို့ရာတွင် ရုရှားနိုင်ငံ၏ ကောက်ပဲသီးနှံ ပို့ကုန်လုပ်ငန်းကို အချိန်နှင့်တစ်ပြေးညီ အပြည့်အဝလည်ပတ်နိုင်ရေးအတွက် ရုရှားအစိုးရက လုပ်ငန်းအစီအမံများ ချမှတ် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က သတင်းထုတ်ပြန်ထားသည်။

လက်ရှိ ကုန်သွယ်ရေးရာသီအတွင်း ရုရှားနိုင်ငံအနေဖြင့် ကမ္ဘာ့ဈေးကွက်သို့ ကောက်ပဲသီးနှံ တန်ချိန် သန်း ၆၀ ခန့် တင်ပို့ပေးနိုင်ဖွယ်ရှိသည်ဟု ရုရှားသမ္မတပူတင်က ခန့်မှန်းထားကြောင်း သိရသည်။

Ref : RT

Trs : KKO



# အစ္စရေးနှင့် ဆီးရီးယားတာဝန်ရှိသူများ ဂျော်ဒန်နိုင်ငံ၌ တွေ့ဆုံဆွေးနွေး

ဒမတ်စကတ်စ် ဩဂုတ် ၂၄

နှစ်နိုင်ငံကြား တင်းမာမှုများ လျှော့ချနိုင်ရေးအတွက် ဆီးရီးယားနှင့် အစ္စရေးနိုင်ငံတို့သည် ဩဂုတ် ၂၃ ရက်တွင် ဂျော်ဒန်နိုင်ငံ၌ အဆင့်မြင့်တာဝန်ရှိသူများ အဆင့်ဆွေးနွေးပွဲ ကျင်းပခဲ့ကြကြောင်း RT သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။



ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဆီးရီးယားနယ်မြေများကို အစ္စရေးနိုင်ငံက လေကြောင်းတိုက်ခိုက်ပြီးနောက် အစ္စရေးနှင့် ဆီးရီးယားနိုင်ငံတို့က ဂျော်ဒန်နိုင်ငံတွင် ဆွေးနွေးပွဲများ ကျင်းပနေခြင်းဖြစ်သည်။

အစ္စရေးနှင့် ဆီးရီးယားနိုင်ငံတို့သည် အမေရိကန်နိုင်ငံ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ဂျော်ဒန်နိုင်ငံ၌ တင်းမာမှုလျှော့ချရေး ဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

ဩဂုတ် ၂၃ ရက် ဆွေးနွေးပွဲများတွင် အစ္စရေးနှင့် ဆီးရီးယားတာဝန်ရှိသူများသည် အစ္စရေး၏ တိုက်ခိုက်မှုများ ရပ်ဆိုင်းရေးအတွက် လက်တွေ့ကျမည့် လုပ်ငန်းအစီအစဉ်များကို အဓိကထား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့ပြင် နှစ်နိုင်ငံလုံခြုံရေး သဘောတူညီချက်များ ရရှိရေး၊ ဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရေးအတွက်လည်း ဆွေးနွေးခဲ့ကြကြောင်း အစ္စရေးမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အစ္စရေးနှင့် ဆီးရီးယားတို့ကြား လုံခြုံရေး ဆွေးနွေးပွဲများကို မကြာမီကာလအတွင်း ပြန်လည်စတင်နိုင်ဖွယ်ရှိကြောင်း ဆီးရီးယားနိုင်ငံခြားရေး ဝန်ကြီး အာဆတ် အယ်လ်ရှီဘာနီက ဩဂုတ် ၂၂ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

ဆီးရီးယားနှင့် အစ္စရေးနိုင်ငံတို့ကြား လုံခြုံရေးဆွေးနွေးပွဲများမှာ ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် အီရန်စစ်ရေးပဋိပက္ခ စတင်ခဲ့ပြီးနောက်ပိုင်း ရပ်ဆိုင်းနေခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Ref : RT

Trs : KKO

# အရှေ့အလယ်ပိုင်းပြဿနာများ ဖြေရှင်းရေးအတွက် ဆွေးနွေးရေးလမ်းစဉ် ပြန်လည်ကျင့်သုံးရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးပြောကြား

ပေကျင်း ဩဂုတ် ၂၄

အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခများအတွင်း ပါဝင်နေသူများအနေဖြင့် ပြဿနာများဖြေရှင်းရေးအတွက် တွေ့ဆုံဆွေးနွေးရေးလမ်းစဉ်ကို အမြန်ဆုံး ပြန်လည် ကျင့်သုံးကြရန် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ယနေ့တွင် ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ပေကျင်းမြို့၌ ကူဝိတ်နိုင်ငံခြားရေးဝန်ကြီး အယ်လ်အာမက်နှင့် တွေ့ဆုံဆွေးနွေးစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီးက အရှေ့အလယ်ပိုင်းဒေသ အခြေအနေနှင့် ပတ်သက်၍ ထိုသို့မှတ်ချက်ပေးခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံက အီရန်နိုင်ငံအပေါ် စီးပွားရေးအရေးယူပိတ်ဆို့မှုများ ထပ်မံပြုလုပ်ရန် စီစဉ်ထားမှုကြောင့် အရှေ့အလယ်ပိုင်းဒေသ၌ အခြေအနေများ တင်းမာနေချိန်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် ကူဝိတ်နိုင်ငံခြားရေးဝန်ကြီးတို့ ပေကျင်းမြို့၌ တွေ့ဆုံ ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အမေရိကန်နိုင်ငံက အရေးယူပိတ်ဆို့မှုများ ထပ်မံပြုလုပ်ခဲ့ပါက ဟော်မုဇ်ရေလက်ကြား တစ်လျှောက် ရေနံတင်ပို့မှုလုပ်ငန်းများကို ပိတ်ဆို့ထားမည်ဖြစ်ကြောင်း အီရန်နိုင်ငံက သတိပေးပြောကြားထားသည်။

အမေရိကန်နိုင်ငံက အရေးယူပိတ်ဆို့မှုများ ထပ်မံပြုလုပ်ခဲ့ပါက အီရန်၏ စီးပွားရေးအပေါ် ဖိအားသက်ရောက်မှု ပိုမိုပြင်းထန်လာနိုင်သကဲ့သို့ တရုတ်နိုင်ငံအပါအဝင် အီရန်၏ အဓိကကုန်သွယ်ဖက်နိုင်ငံများအတွက်လည်း အကျိုးသက်ရောက်မှုများ ရှိလာနိုင်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အသက် ၁၆ နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှု ပိတ်ပင်ရေးဥပဒေကြမ်း နယူးဇီလန်တင်သွင်းမည်

ဝယ်လင်တန် ဩဂုတ် ၂၄

အသက်၁၆ နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှုပိတ်ပင်ရေး ဥပဒေကြမ်းတစ်ရပ်ကို လွှတ်တော်သို့ တင်သွင်းမည်ဖြစ်ကြောင်း နယူးဇီလန်ဝန်ကြီးချုပ် ခရစ္စတိုဖာလူဇွန်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

နယူးဇီလန်အစိုးရ၏ အဆိုပါ ဥပဒေကြမ်းတွင် အသက် ၁၆ နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှုကို ပိတ်ပင်ထားပြီး လူမှုမီဒီယာသုံးစွဲသူများ၏ အသက်အရွယ်ကို ခွဲခြားသတ်မှတ်ရေးအတွက် လိုအပ်သည့်လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ရန်လည်း လူမှုမီဒီယာကုမ္ပဏီများကို တောင်းဆိုထားသည်။

ထိုဥပဒေကြမ်းတွင် ပြဋ္ဌာန်းထားသည့် စည်းမျဉ်းများကို ချိုးဖောက်ခဲ့ပါက လူမှုမီဒီယာကုမ္ပဏီများရရှိနေသော ကမ္ဘာတစ်ဝန်း ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းကို ဒဏ်ငွေအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း နယူးဇီလန်ဝန်ကြီးချုပ်က ပြောကြားထားသည်။

လူမှုမီဒီယာများပေါ်မှ မသင့်လျော်သည့် အကြောင်းအရာများကြောင့် နယူးဇီလန်ကလေးငယ်များ ထိခိုက်နစ်နာမည့်အရေးကို မိမိတို့ လက်သင့်မခံနိုင်ကြောင်း နယူးဇီလန်ဝန်ကြီးချုပ်က ထုတ်ဖော်ပြောကြားထားသည်။

နယူးဇီလန်နိုင်ငံကဲ့သို့ အခြားကမ္ဘာ့နိုင်ငံ အများအပြားသည်လည်း အသက် ၁၆ နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှုကို ပိတ်ပင်ရန်ကြိုးပမ်း လျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း၌ လူဦးရေ ၆၀၀ ခန့်ကို လက်နက်ကိုင်အုပ်စု ပြန်ပေးဆွဲ



အဘူဂျာ ဩဂုတ် ၂၄

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း၌ လက်နက်ကိုင်အုပ်စုတစ်စုက ဗလီဝတ်ပြုကျောင်း တစ်ခုကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် အမျိုးသမီး၊ ကလေး၊ သက်ကြီးပိုင်း ၆၀၀ ခန့်ကို ပြန်ပေးဆွဲခေါ်ဆောင်သွားဖွယ်ရှိကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ပြန်ပေးဆွဲ ခံခဲ့ရသူများအဖြစ် ယူဆရသော လူအုပ်စု၏ဗီဒီယို မှတ်တမ်းကို အဆိုပါလက်နက်ကိုင်အုပ်စုက ဩဂုတ် ၂၃ ရက်တွင် လူမှုကွန်ရက် စာမျက်နှာ၌ ထုတ်လွှင့်ထားသည်။

အဆိုပါ လူအစုအပြုံလိုက် ပြန်ပေးဆွဲခံရမှုနှင့် ပတ်သက်၍ နိုင်ဂျီးရီးယားအစိုးရ တာဝန်ရှိသူများနှင့် နိုင်ဂျာပြည်နယ်ရဲတပ်ဖွဲ့ကတစ်စုံတစ်ရာ တုံ့ပြန်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါ လက်နက်ကိုင်အုပ်စုသည် ဩဂုတ်၂၁ ရက်တွင် ဒီကာရာကျေးရွာမှ ဗလီဝတ်ပြုကျောင်းကို ဝင်ရောက်တိုက်ခိုက်၍ ဝတ်ပြုနေသူအများအပြားကို ပြန်ပေးဆွဲခေါ်ဆောင်သွားခြင်းဖြစ်သည်။


လက်နက်ကိုင်အုပ်စု၏ ပြန်ပေးဆွဲခံရသူဦးရေမှာ ၆၀၀ ခန့်ထိရှိနိုင်ကြောင်း ဒေသခံများကပြောကြားထားသော်လည်း နိုင်ဂျာပြည်နယ်ရဲတပ်ဖွဲ့က အရေအတွက်မှန်ကန်မှုရှိ၊ မရှိ ကို အတည်ပြုထားခြင်း မရှိသေးကြောင်း သိရသည်။

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသ၌ လက်နက်ကိုင်တောပုန်းအုပ်စုများက ကျေးရွာများကို စီးနင်းတိုက်ခိုက်၍ လူအမြောက်အမြားကို ပြန်ပေးဆွဲခေါ်ဆောင်မှု မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

# အမေရိကန်နိုင်ငံအခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်းကို အောင်မြင်စွာ လွှတ်တင်




ဝါရှင်တန် ဩဂုတ် ၂၄

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ဩဂုတ် ၂၂ ရက်တွင် စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဩဂုတ် ၂၃ ရက် သတင်းများအရ သိရသည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်းကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗရယ် အာကာသ စခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် မူလကအထက်ပါ စတားလင့်ခ်ဂြိုဟ်တုများကို ဩဂုတ် ၂၀ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသော်လည်း ပြဿနာတစ်စုံတစ်ရာကြောင့် လွှတ်တင်ရေးအစီအစဉ်ကို ဖျက်သိမ်းခဲ့ပြီး ဩဂုတ် ၂၂ ရက်မှ လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၁ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ် ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်ကမူလွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ် အကြာတွင် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ ရေယာဉ်ပေါ်သို့ အကြိမ် ၃၀ မြောက်အဖြစ် အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

ဩဂုတ် ၂၂ ရက် မစ်ရှင်သည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် စပေ့စ်အိတ်ကုမ္ပဏီက လွှတ်တင်ခဲ့သည့် ၇၅ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# ရုပ်ပိုင်းဆိုင်ရာ အားစိုက်ရသောအလုပ်များက Dementia ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

နယူးယောက် ဩဂုတ် ၂၄

ဆောက်လုပ်ရေးလုပ်ငန်းနှင့် ငြမ်းထိုးခြင်းကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာအရ အားစိုက်လုပ်ရသော အလုပ်အကိုင်များသည် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၂၃ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတောင်ပိုင်း တက္ကသိုလ်မှ သုတေသနပညာရှင်များသည် လူပေါင်း ၄ ဒသမ ၂ သန်း ပါဝင်သော လေ့လာချက်ပေါင်း ၇၄ ခုကို ပြန်လည်ဆန်းစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အလေးအပင် မရခြင်းကဲ့သို့ ရုပ်ပိုင်းဆိုင်ရာအရ အားစိုက်ရန်လိုအပ်သော အလုပ်အကိုင်များကို လုပ်ကိုင်ရသူများသည် အားစိုက်ရန် များစွာမလိုအပ်သည့် အလုပ်အကိုင်လုပ်သူများထက် Dementia ရောဂါဖြစ်နိုင်ခြေ ၂၀ ရာခိုင်နှုန်း ပိုမြင့်မားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အလုပ်ကြမ်းလုပ်ကိုင်ကြသူများအနေဖြင့် အားလပ်ရက်များတွင် ရေကူးခြင်း၊ စက်ဘီးစီးခြင်းကဲ့သို့ လေ့ကျင့်ခန်းများ ပြုလုပ်ပါက Dementia ရောဂါဖြစ်နိုင်ခြေမြင့်မားနေမှုကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အလုပ်ကြမ်းများကြောင့် စိတ်ပိုင်းဆိုင်ရာ ဖိအားမြင့်တက်လာမှု၊ လေထုညစ်ညမ်းမှု၊ အသံညစ်ညမ်းမှုတို့နှင့်အထိအတွေ့များလာမှုများ ရှိလာတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။


Ref : Sputnik News

Trs : KKO

# နာဆာ၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က အင်္ဂါဂြိုဟ် နေကြတ်မှုဖြစ်စဉ်တစ်ရပ်ကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

ဝါရှင်တန် ဩဂုတ် ၂၄

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ် မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ် နေကြတ်မှု ဖြစ်စဉ်တစ်ရပ်ကို ဓာတ်ပုံ ရိုက်ကူးနိုင်ခဲ့ကြောင်း ဩဂုတ် ၂၃ ရက် သတင်းများအရ သိရသည်။



ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က ဓာတ်ပုံရိုက်ကူးနိုင်ခဲ့သည့် အင်္ဂါဂြိုဟ် နေကြတ်မှုဖြစ်စဉ်သည် ဩဂုတ် ၁၃ ရက်တွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ အင်္ဂါဂြိုဟ်နေကြတ်မှုဖြစ်စဉ်သည် နေနှင့်အင်္ဂါဂြိုဟ်ကြားသို့ အင်္ဂါဂြိုဟ်ရံလတစ်စင်းဖြစ်သည့် ဖိုဘော့ဂြိုဟ်ရံလရောက်ရှိနေချိန်တွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၁၃ ရက် အင်္ဂါဂြိုဟ်နေကြတ်မှုဖြစ်စဉ်ကို ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်က Mastcam-Z အမည်ရှိ ကင်မရာစနစ်ဖြင့် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း နာဆာက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အင်္ဂါဂြိုဟ်နေကြတ်မှုဖြစ်စဉ်သည် ကမ္ဘာပေါ်၌ နေအပြည့်ကြတ်မှု ဖြစ်စဉ်တစ်ရပ်ပေါ်ထွက်ခဲ့ပြီး တစ်ရက်အကြာတွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၁၂ရက်တွင်ပေါ်ပေါက်ခဲ့သည့် ကမ္ဘာပေါ်၌ နေအပြည့်ကြတ်မှုဖြစ်စဉ်သည် ဥရောပတိုက်အတွက် ၂၀၀၆ ခုနှစ်နောက်ပိုင်း ပထမဆုံး နေအပြည့်ကြတ်မှုဖြစ်စဉ်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# အာခံတွင်းရှိ ဘက်တီးရီးယားများကို စစ်ဆေးခြင်းဖြင့် အစာခြေလမ်းကြောင်းစနစ် ကင်ဆာနှစ်မျိုးရှေ့ပြေးလက္ခဏာကို ဖော်ထုတ်နိုင်

ဆိုးလ် ဩဂုတ် ၂၄

အာခံတွင်း၌ရှိနေသည့် ဘက်တီးရီးယားများကို စစ်ဆေးခြင်းဖြင့် အစာခြေ လမ်းကြောင်းစနစ် ကင်ဆာရောဂါနှစ်မျိုး၏ ရှေ့ပြေးလက္ခဏာများကို ဖော်ထုတ်နိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဩဂုတ် ၂၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။


တောင်ကိုရီးယား သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အာခံတွင်း ဘက်တီးရီးယားစုဖွဲ့မှုပုံစံသည် အစာအိမ်ကင်ဆာရောဂါ၊ အူမကြီးကင်ဆာရောဂါများနှင့်ဆက်စပ်နေကြောင်း သိရသည်။

တောင်ကိုရီးယား သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၅၀၇ ဦးတို့၏ တံတွေးနမူနာများနှင့် ကျင်ကြီးနမူနာများကိုရယူ၍ ဘက်တီးရီးယားစုဖွဲ့မှုပုံစံများကို Mouth-to-Feces (MF) ခေါ်အညွှန်းကိန်းဖြင့် တိုင်းတာလေ့လာခဲ့ကြရာ လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ အစာအိမ်ကင်ဆာနှင့်အူမကြီးကင်ဆာလူနာများ၏ MF အညွှန်းကိန်းသည် ကျန်းမာရေး ပုံမှန်ရှိသူများထက် ပိုမြင့်မားသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အထက်ပါလေ့လာတွေ့ရှိချက်အရ တံတွေးတွင်ပါဝင်သော ဘက်တီးရီးယားစုဖွဲ့မှုပုံစံကို စစ်ဆေးခြင်းဖြင့် အစာခြေလမ်းကြောင်းစနစ် ကင်ဆာရောဂါများကို ဖော်ထုတ်နိုင်မည့် အလားအလာရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

Ref : Russia Today

Trs : KKO



# Starship ဒုံးပျံစမ်းသပ်ပစ်လွှတ်မှုအတွက် ပြင်ဆင်သည့်အနေဖြင့် ထိပ်ဖူးဒုံးယာဉ် ဒုံးအင်ဂျင်စမ်းသပ်မှုပြုလုပ်

ဝါရှင်တန် ဩဂုတ် ၂၄

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ၁၄ ကြိမ်မြောက် Starship ဒုံးပျံစမ်းသပ်ပစ်လွှတ်မှုအတွက် ပြင်ဆင်သည့်အနေဖြင့် ထိပ်ဖူးဒုံးယာဉ် ဒုံးအင်ဂျင်စမ်းသပ်မှုကို ပြုလုပ်ခဲ့ကြောင်း ဩဂုတ် ၂၃ ရက်သတင်းများအရ သိရသည်။

Starship ဒုံးပျံထိပ်ဖူးဒုံးယာဉ် ဒုံးအင်ဂျင်ကို ယခင်က စမ်းသပ်မှုတွင် စပေ့စ်အိတ်ကုမ္ပဏီသည် Starship ဒုံးပျံထိပ်ဖူး ဒုံးယာဉ်၏ ရက်ပ်တာ-၃ အမျိုးအစား ဒုံးအင်ဂျင်ခြောက်လုံးကို စက္ကန့် ၆၀ ကြာ စက်နှိုးစမ်းသပ်ခဲ့ကြောင်း သိရသည်။

Starship ဒုံးပျံ ဒုံးအင်ဂျင်စမ်းသပ်မှုကို တောင်တက္ကဆက်ဒေသ စတားဘေ့စ် အာကာသစခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း စပေ့စ်အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် ၁၄ ကြိမ်မြောက် Starship ဒုံးပျံစမ်းသပ်မှုကို ယခုနှစ် စက်တင်ဘာလအတွင်း ပြုလုပ်ဖွယ်ရှိကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်မည့် တတိယမြောက် Starship မစ်ရှင်ဖြစ်ကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် ၂၀၂၃ ခုနှစ်မှစ၍ Starship မစ်ရှင်ပေါင်း ၁၃ ကြိမ်ထိ လွှတ်တင်ထားပြီးဖြစ်ကာ သုံးကြိမ်အောင်မြင်မှုရရှိခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# ဂျာမနီတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဘိုင်ယန်မြူးနစ်အသင်းမှ ဟယ်ရီကိန်းရရှိ



ဘာလင် ဩဂုတ် ၂၄

ဂျာမနီ အားကစားထိပ်တန်း မဂ္ဂဇင်းဖြစ်သည့် Kickက ချီးမြှင့်ပေးအပ်သည့် ဂျာမနီတစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူးဟယ်ရီကိန်းက ရရှိခဲ့ကြောင်း Bild သတင်းဝက်ဘ်ဆိုက် ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျာမနီ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲမှကစားသမားများနှင့် ပြည်ပတွင်ကစားနေသည့် ဂျာမနီကစားသမားများက မဲပေးရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဟယ်ရီကိန်းက ၂၇၂ မဲရရှိခဲ့ပြီးနောက် အသင်းဖော် အိုလီဆီကို ကျော်ဖြတ်ပြီး ရရှိခဲ့ခြင်းဖြစ်သည်။

ဂျာမနီ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို အိုလီဆီက ၂၀၃ မဲသာရရှိခဲ့သည့်အတွက် ဒုတိယနေရာတွင်သာ နှစ်နှစ်ဆက် ရပ်တည်ခဲ့ပြီး ဟယ်ရီကိန်းက ပထမဆုံးအကြိမ် ရရှိခဲ့သည့်အပြင် အဆိုပါဆုကိုရရှိသည့် ပထမဆုံး အင်္ဂလန်ကစားသမားအဖြစ် ရပ်တည်ခဲ့သည်။

ဟယ်ရီကိန်းသည်ပြီးခဲ့သည့်နှစ်ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၆ ပွဲတွင် သွင်းဂိုး ၆၄ ဂိုးသွင်းယူခဲ့ပြီးနောက် ဥရောပသွင်းဂိုးအများဆုံး ကစားသမားဆုဖြစ်သည့် ရွှေဖိနပ်ဆုကို ဆွတ်ခူးခဲ့သည့်အပြင် ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲ၏ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုတို့ကိုလည်း ရရှိခဲ့သူဖြစ်သည်။

အလားတူ ဂျာမနီတစ်နှစ်တာ အကောင်းဆုံးနည်းပြဆုကိုလည်း ဘိုင်ယန်မြူးနစ်အသင်း နည်းပြ ကွန်ပနီက ရရှိခဲ့ပြီး အဆိုပါဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : Bild

Trs : STA

# မန်စီးတီးအသင်းကိုရှုံးနိမ့်ခဲ့ပြီးနောက် ဘုန်းမောက်အသင်း ၁၈ပွဲဆက်ရှုံးပွဲမရှိ မှတ်တမ်းကောင်းရပ်တန့်

လန်ဒန် ဩဂုတ် ၂၄

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) အဖြစ်ကစားခဲ့သည့် ဩဂုတ် ၂၃ ရက်က မန်စီးတီးအသင်းနှင့် ဘုန်းမောက်အသင်းတို့ ပွဲစဉ်တွင် ဘုန်းမောက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပရီးမီးယားလိဂ် ၁၈ ပွဲဆက် ရှုံးပွဲမရှိ မှတ်တမ်းကောင်း ရပ်တန့်ခဲ့ကြောင်း Premier League.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘုန်းမောက်အသင်းသည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီကတည်းက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ၁၈ ပွဲကစားခဲ့ရာ ရှစ်ပွဲနိုင်၊ ၁၀ပွဲ သရေရလဒ်ဖြင့် ၁၈ ပွဲဆက် ရှုံးပွဲမရှိအောင် စွမ်းဆောင်ခဲ့ခြင်းဖြစ်သည်။

သို့သော် ဘုန်းမောက်အသင်းသည် ယခုနှစ်ဘောလုံးရာသီ အဖွင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် ပွဲစဉ်တွင် ရှုံးပွဲကြုံတွေ့ခဲ့ရပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၈ ပွဲဆက်ရှုံးပွဲမရှိ မှတ်တမ်းကောင်းတစ်ရပ် ရပ်တန့်ခဲ့ရခြင်းဖြစ်သည်။

ဘုန်းမောက် အသင်းသည် မန်စီးတီးအသင်းနှင့်ပွဲစဉ်၌ ပွဲချိန် ၂၆ မိနစ်တွင် သွင်းယူခဲ့သည့် တာဗာနီယာ၏သွင်းဂိုးဖြင့် ဦးဆောင်ခဲ့ပြီး အနိုင်ရရှိရန်နီးစပ်ခဲ့သော်လည်း ပွဲချိန် ၈၄ မိနစ်တွင် ဂူဟီက ချေပဂိုးနှင့် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီးအချိန်ပို တစ်မိနစ်တွင် ဂါဗာဒီရောက မန်စီးတီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီးနောက် ဘုန်းမောက်အသင်း၏ ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၈ ပွဲဆက် ရှုံးပွဲမရှိ မှတ်တမ်းကောင်းတစ်ရပ် ရပ်တန့်ခဲ့ရကြောင်း သိရသည်။

Ref : Premier League.com

Trs : STA

# BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဝိုင်ဟမ်ကလက်ခ် ဆွတ်ခူး



နယူးယောက် ဩဂုတ် ၂၄

အမေရိကန်နိုင်ငံ မစ်ဇူရီပြည်နယ်တွင် ကျင်းပခဲ့သည့် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးနေ့တွင် အမေရိကန်ဂေါက်သီးရိုက် ကစားသမား ဝိုင်ဟမ်ကလက်ခ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း Golf Magic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ပက်ထရစ်ကန်တလေက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ခဲ့ပြီး မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီရွိုင်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာ၌ ရပ်တည်ခဲ့သည်။

ဝိုင်ဟမ်ကလက်ခ်သည် နောက်ဆုံးနေ့တွင် ရလဒ်အနည်းငယ်ကျဆင်းခဲ့သော်လည်း ဒုတိယနေရာနှင့် တတိယနေရာတို့တွင် ရပ်တည်ခဲ့သည့် ပြိုင်ပွဲဝင်များက နောက်ဆုံးနေ့ရလဒ်ပိုင်း သိသိသာသာ ကောင်းမွန်ခဲ့ခြင်း မရှိသည့်အတွက် စတင်ယှဉ်ပြိုင်သည့်နေ့မှ တတိယနေ့ပြီးဆုံးသည်ထိ ပုံစံကောင်း ပြသခဲ့သည့် ဝိုင်ဟမ်ကလက်ခ်က ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

ဝိုင်ဟမ်ကလက်ခ်က "နောက်ဆုံးနေ့မှာ ဖိအားများခဲ့ပါတယ်။ အမှတ်ပေးဇယားကို ဦးဆောင်သူအနေနဲ့ယှဉ်ပြိုင်ခွင့်ရတာ ဂုဏ်ယူစရာကောင်းပေမဲ့လဲ နောက်ကနေဖိအားပေးနေတဲ့ ကစားသမားတွေက ကျွန်တော့်အတွက် သိပ်ကိုအခက်တွေ့စေပြီး စိန်ခေါ်မှုကြီးမားတဲ့ နေ့တစ်နေ့ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့လဲ တတိယနေ့ပြီးတဲ့ထိ ရလဒ်ကောင်းတွေရယူနိုင်ခဲ့တဲ့အတွက် ကျွန်တော့်အနေနဲ့ ချန်ပီယံဖြစ်ခွင့် ရခဲ့တာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Magic

Trs : AZL

# အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအောင်မြင်ခဲ့သည့် ရှေဝတီအသင်းအတွက် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအသင်းအဖြစ် ခြေစစ်ပွဲအောင်မြင်ခဲ့သည့် ရှေဝတီအသင်းအတွက် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို အုပ်စုနောက်ဆုံး ပွဲစဉ်အပြီး ဩဂုတ် ၂၃ ရက် ညပိုင်းက ရန်ကုန်မြို့ Novotel Hotel တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအောင်မြင်ခဲ့သည့် ရှေဝတီအသင်းအတွက် ဂုဏ်ပြုညစာ စားပွဲအခမ်းအနားတွင် ရှေဝတီအသင်း ပိုင်ရှင်များက ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၁၀၀၀နှင့် AYA Bank က ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၅၀၀ ချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် တက်ရောက်ကာ ကစားသမားများကို ဂုဏ်ပြုစကားပြောကြားခဲ့သည်။

ရှေဝတီအသင်းသည် အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ အုပ်စုပွဲစဉ် သုံးပွဲလုံး အနိုင်ရခဲ့ပြီး သွင်းဂိုး ၁၃ ဂိုးနှင့် တစ်ဂိုးမျှပေးခဲ့ရခြင်း မရှိဘဲ အုပ်စုပထမနေရာတွင် ရပ်တည်ကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

ရှေဝတီအသင်း ပါဝင်ကစားမည့် အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် လေးသင်းပါသုံးအုပ်စု ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုပထမနေရာနှင့် ဒုတိယနေရာရရှိသည့် အသင်းခြောက်သင်းနှင့် အကောင်းဆုံးအုပ်စု တတိယနေရာရရှိသည့် အသင်းနှစ်သင်း စုစုပေါင်းရှစ်သင်းမှာ ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်မည်ဖြစ်သည်။

အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စုမဲခွဲမှုကို လာမည့် စက်တင်ဘာ ၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၁ ရက်မှ ၇ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# စင်စင်နတီအိုးပင်း တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ကိုကိုဂတ်ဖ် ဆွတ်ခူး



နယူးယောက် ဩဂုတ် ၂၄

အမေရိကန်နိုင်ငံ စင်စင်နတီပြည်နယ်တွင် ကျင်းပနေသည့် စင်စင်နတီအိုးပင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အမေရိကန်တင်းနစ်မယ်များ ဖြစ်ကြသည့် ကိုကိုဂတ်ဖ်နှင့်ပီဂူလာတို့ ယှဉ်ပြိုင်ခဲ့ရာ ကိုကိုဂတ်ဖ်က (၆-၂၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Tennis 365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် တင်းနစ်လောက၏ လက်ရှိအကောင်းဆုံး တင်းနစ်မယ်နှစ်ဦး၏ ထိပ်တိုက်တွေ့ဆုံမှုဖြစ်သည့်အတွက် အကြိတ်အနယ်ရှိနိုင်ကြောင်း သတင်းမီဒီယာများက သုံးသပ်ထားသော်လည်း ကိုကိုဂတ်ဖ်ကပြတ်သားသည့် ရလဒ်များဖြင့် အနိုင်ရခဲ့သည်။

ကိုကိုဂတ်ဖ်အတွက်၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် တရုတ်နိုင်ငံဝူဟန်မြို့၌ WTA ဆုဖလားကို ဆွတ်ခူးခဲ့ပြီးနောက် ပထမဆုံးအကြိမ်ချန်ပီယံဆုကို ပြန်လည်ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ကိုကိုဂတ်ဖ်က "ဗိုလ်လုပွဲစဉ်မှာ ကစားနေရင်းနဲ့ တစ်ပွဲထက်တစ်ပွဲ ယုံကြည်မှုရှိလာတယ်လို့ ခံစားရပါတယ်။ ပီဂူလာဟာ ခက်ခဲတဲ့ ပြိုင်ဘက်ကောင်းတစ်ယောက်ဖြစ်သလို အတွေ့အကြုံရှိတဲ့ စီနီယာ ကစားသမားတစ်ယောက်ပါ။ စီနီယာကစားသမား တစ်ယောက်ကို အခုလိုရလဒ်မျိုးနဲ့ အနိုင်ရခဲ့တာဟာ ဂုဏ်ယူစရာပါပဲ။ လေ့ကျင့်ရေးအစီစဉ်မှာ အချိန်ပေးပြီးတော့ အပင်ပန်းခံလေ့ကျင့်ခဲ့ရကြိုးနပ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Tennis 365

Trs : AZL

# ဂီနီနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြို့တော်ကိုနတ်ခရီရှိ အမှိုက်ပုံပြိုကျမှုကြောင့် လူဦးရေ ၁၀ သေဆုံး၊ ၂၂ ဦးဒဏ်ရာရရှိခဲ့



**ကိုနတ်ခရီ ဩဂုတ် ၂၄**

ဂီနီနိုင်ငံ မြို့တော်ကိုနတ်ခရီရှိ ဂဘက်ဆီယာမြို့နယ် ရပ်ကွက်မှ အမှိုက်ပုံတစ်ခု မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြိုကျခဲ့ရာ လူဦးရေ ၁၀ သေဆုံးပြီး ၂၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဂီနီအစိုးရက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါမြေပြိုမှုသည် ဩဂုတ် ၂၃ ရက် နံနက် ၂ နာရီခန့်တွင် ဖြစ်ပွားခဲ့ပြီး အနီးအနားရှိ တဲများနှင့် တဲအိမ်များကို အမှိုက်များက ဖုံးလွှမ်းသွားခဲ့ကြောင်း၊ သေဆုံးသူဦးရေ ၁၀ အပြင် လူခြောက်ဦး ပြင်းထန်စွာဒဏ်ရာရရှိပြီး ၁၆ ဦး ဒဏ်ရာအနည်းငယ် ရရှိခဲ့ကြောင်း၊ ဂီနီနိုင်ငံ နယ်မြေအုပ်ချုပ်ရေးဝန်ကြီး ဂျေနာဘ်တူရေးက အဆိုပါအမှိုက်စွန့်ပစ်ရာနေရာသည် မလုံခြုံတော့သဖြင့် ပိတ်သိမ်းပြီး အမှိုက်များကို ကိုနာကရီမြို့ပြင်သို့ ရွှေ့ပြောင်းမည်ဟု ကြေညာထားခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေးလုပ်သားများသည် မြေတူးစက်များအသုံးပြု၍ ပြိုကျသည့်နေရာကို ရှင်းလင်းကာ အသက်ရှင် ကျန်ရစ်သူများကို ရှာဖွေကယ်ဆယ်လျက်ရှိကြောင်း၊ အစိုးရက မြေပြိုမှုဖြစ်ပွားရာနေရာသို့ သွားရောက်၍ ပျက်စီးဆုံးရှုံးမှုများကို အကဲဖြတ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများကို ကြီးကြပ်ခဲ့ကြောင်း၊ ထို့ပြင် ပြည်သူများအနေဖြင့် သက်ဆိုင်ရာအာဏာပိုင်များ၏ ညွှန်ကြားချက်များကို တိကျစွာလိုက်နာကြရန် တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်တွင် တောမီးကြောင့် လူထောင်ပေါင်းများစွာကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရ

**ဝါရှင်တန် ဩဂုတ် ၂၄**

အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် ရီနိုမြို့အနီးတွင် တောမီးလောင်ကျွမ်းမှုကြောင့် လူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေကြောင်း ဒေသခံအာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့သည်။

လောင်ကျွမ်းနေသောတောမီးသည် မြောက်ပိုင်းရီနိုမြို့ဆင်ခြေဖုံးဒေသများထိ ကူးစက်လာသဖြင့် ဒေသခံပြည်သူ ၄၂၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားရပြီး နောက်ထပ် လူဦးရေ ၄၅၀၀၀ ခန့်ကိုလည်း ရွှေ့ပြောင်းရန် အသင့်ပြင်ဆင်ထားကြောင်း သိရသည်။

အဆိုပါတောမီးသည် ယနေ့ထိ သစ်တောဧရိယာ ၅၂၆၁ ဟက်တာလောင်ကျွမ်းခဲ့ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း အာဏာပိုင်များက ပြောကြားသည်။

တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံသုံးဦးနှင့် အရေးပေါ်ကယ်ဆယ်ရေးဝန်ထမ်း သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များသည် အပူချိန်မြင့်မားခြင်း၊ စိုထိုင်းဆအလွန်နည်းပါးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ကြောင့် အန္တရာယ် အလွန်မြင့်မားသည့် အခြေအနေများအတွင်း တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

နီဗားဒါးပြည်နယ် အုပ်ချုပ်ရေးမှူး ဂျိုးလမ်ဘာဒိုသည် ရီနိုမြို့နှင့် အနီးဝန်းကျင် ဒေသတချို့တွင် အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး မီးငြိမ်းသတ်ရေးလုပ်ငန်းများအတွက် အမျိုးသားအစောင့်တပ် ရဟတ်ယာဉ်နှစ်စင်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၆၀ ကို ထပ်မံတိုးမြှင့်ချထားကြောင်း အာဏာပိုင်များက ပြောကြားသည်။

Ref : Russia Today

Trs : KZ

# ဂျပန်နိုင်ငံတိုကျိုမြို့တွင် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီး လူနေအိမ်နှင့် အခြေခံအဆောက်အအုံများ၊ လမ်းများပျက်စီး

**တိုကျို ဩဂုတ် ၂၄**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဩဂုတ် ၂၃ ရက်တွင် ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ပြီးနောက် လူနေအိမ်နှင့် အခြေခံအဆောက်အအုံများ၊ လမ်းများ ပျက်စီးခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မြေငလျင်သည် မြေအောက်အနက် ၆၈ ကီလိုမီတာအကွာမှ ဗဟိုပြု လှုပ်ခတ်ခဲ့ခြင်းဖြစ်သော်လည်း ပြင်းအားများသည့်အတွက်ကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ခြင်းဖြစ်ကြောင်း၊ မြေငလျင်လှိုင်းဒဏ်သင့်ခဲ့သော ဒေသများမှာ တိုကျိုမြို့အပြင် ဆိုင်တာမာမြို့၊ ဂါနာဂါဝါမြို့နှင့် ချီဘာမြို့တို့ပါဝင်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်သွားခဲ့သည်။



"တိုကျိုမြို့အနီး မြေအောက်အနက် ၆၈ ကီလိုမီတာအကွာမှာ ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူရှိတဲ့ မြေငလျင် လှုပ်ခတ်ခဲ့ပါတယ်။ မြေငလျင် လှုပ်ခတ်မှုကြောင့် နေအိမ်အဆောက်အအုံ တချို့ ပျက်စီးခဲ့ပြီးတော့ လမ်းပိုင်းတချို့ ပျက်စီးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ မြေငလျင်လှိုင်းဒဏ် သင့်ခဲ့တဲ့ မြို့တွေကတော့ တိုကျိုမြို့၊ ဆိုင်တာမာမြို့၊ ဂါနာဂါဝါမြို့နဲ့ ချီဘာမြို့တို့ဖြစ်ပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူ ၃၆ ဦးရှိခဲ့ပြီးတော့ တိုကျိုမြို့ခံ ၁၅ ဦး၊ ဆိုင်တာမာမြို့ခံ ကိုးဦး၊ ကာနာဂါဝါမြို့ခံရှစ်ဦးနဲ့ ချီဘာမြို့ခံလေးဦးတို့ဖြစ်ပါတယ်"ဟု ဂျပန်မိုးလေဝသအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# တရုတ်(တိုင်ပေ)တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားသဖြင့် စာသင်ကျောင်းများကို ယာယီပိတ်ထား

**ပေကျင်း ဩဂုတ် ၂၄**

တရုတ်(တိုင်ပေ)တွင် ဩဂုတ် ၂၃ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သဖြင့် ယနေ့မှစ၍ စာသင်ကျောင်းများကို ယာယီပိတ်ထားကြောင်း တရုတ်(တိုင်ပေ) အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုကြောင့် ရထားလမ်းတချို့လည်း ရေလွှမ်းနေပြီး ရထားခရီးစဉ် တချို့ကိုလည်း ယာယီ ရပ်ဆိုင်းထားကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်နေရသည့် ဒေသများမှာ ကောင်းရှုံမြို့နှင့် တိုင်နန်မြို့တို့ဖြစ်ပြီး ယင်းမြို့များရှိ စာသင်ကျောင်းများကို ယာယီပိတ်ထားခြင်းဖြစ်သကဲ့သို့ ဒေသခံတချို့ကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်း ပေးထားကြောင်း တရုတ်(တိုင်ပေ) အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ကောင်းရှုံမြို့နဲ့ တိုင်နန်မြို့တို့မှာ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးတော့ ရေကြီးရေလျှံမှုဖြစ်ပေါ်နေပါတယ်။ စာသင်ကျောင်းတချို့နဲ့ လမ်းမကြီး တချို့ကိုလဲ ယာယီပိတ်ထားပါတယ်။ ရထားလမ်းတချို့လဲ ရေလွှမ်းနေတဲ့အတွက်ကြောင့် ရထားခရီးစဉ် တချို့ကို ယာယီပိတ်ထားပါတယ်။ ဒေသခံတချို့ကိုလဲ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားရပါတယ်"ဟု တရုတ်(တိုင်ပေ) အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

မိုးရွာသွန်းနေဆဲဖြစ်သည့်အတွက် မြစ်ရေလျှံတက်မှု ဆက်လက်မြင့်တက်လာပါက ရေကြီးရေလျှံမှု အန္တရာယ်ကိုအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတွင် နာရာတိုင်ဖွန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး မိုးရွာသွန်းနေသဖြင့် ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်

**ဟနွိုင်း ဩဂုတ် ၂၄**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းတွင် နာရာဟု အမည်ပေးထားသော တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားကြောင်း ဗီယက်နမ်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ယနေ့နံနက် ၄ နာရီခန့်တွင် မုန်တိုင်းဝင်ရောက် တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး လေတိုက်နှုန်းမှာ တစ်နာရီ ၁၀၃ ကီလိုမီတာမှ ၁၁၇ ကီလိုမီတာထိ မြင့်တက်ခဲ့ကြောင်း၊ မုန်တိုင်းကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီး လူနေအိမ်ခြေပေါင်း ၄၀၀၀ ကျော်ထိ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည်။ လူနေအိမ်ခြေအများစုမှာ အိမ်ခေါင်မိုးနှင့် အိမ်တံခါးပေါက်၊ ပြတင်းပေါက်များ ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"ဗီယက်နမ်နိုင်ငံ မြောက်ဘက်ပိုင်းဒေသတွေကို ဒီနေ့နံနက် ၄ နာရီခန့်မှာ အားကောင်းတဲ့ တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်ခဲ့ပါတယ်။ နာရာလို့ အမည်ပေးထားတဲ့ တိုင်ဖွန်းမုန်တိုင်း အမျိုးအစားဖြစ်ပြီး လေတိုက်နှုန်းက တစ်နာရီကို ၁၀၃ ကီလိုမီတာကနေ ၁၁၇ ကီလိုမီတာထိ မြင့်တက်နေပါတယ်။ မုန်တိုင်းဟာ ဘက်နင်စီရင်စုကို ဗဟိုပြုတိုက်ခတ်သွားခဲ့တာဖြစ်ပြီးတော့ မုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းနေပါတယ်။ ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားပါတယ်။ မုန်တိုင်းကြောင့် လူတစ်ဦး သေဆုံးခဲ့ပြီး လူနေအိမ်ခြေနဲ့ အခြေခံအဆောက်အအုံ ၄၀၀၀ ကျော်ပျက်စီးခဲ့ပါတယ်"ဟု ဗီယက်နမ်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# နိုင်ငံ့ဝင်ငွေတိုးစေဖို့ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်စို့

ဒေါက်တာသူဇာဝင်း(စိုက်ပျိုးရေး)

ရော်ဘာ၏ မူရင်းဒေသသည် ဘရာဇီးနိုင်ငံ အမေဇုန်မြစ်ဝှမ်းဒေသဖြစ်သည်။ အဆိုပါဒေသမှ ရရှိခဲ့သောရော်ဘာမျိုးစေ့များကို အင်္ဂလန်နိုင်ငံမှတစ်ဆင့် အရှေ့ဖျားတိုင်းပြည်များသို့ စမ်းသပ်စိုက်ပျိုးစေခဲ့ရာ ၁၈၇၆ ခုနှစ်တွင် မြန်မာနိုင်ငံသို့ စတင်ရောက်ရှိခဲ့ပြီးနောက် ၁၉၀၅ ခုနှစ်မှ စတင်၍ကျယ်ပြန့်စွာ စိုက်ပျိုးခဲ့သည်။ နှစ်ရှည်သီးနှံပင်ဖြစ်သည့်ရော်ဘာသည် မြန်မာနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးနေသည့် အလွန်အရေးပါသော စက်မှုကုန်ကြမ်းသီးနှံဖြစ်သည်။

ယနေ့ခေတ်ကာလတွင် ဓာတုဗေဒနည်းပညာများဖြင့် ဓာတုရော်ဘာများကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်နေပြီဖြစ်သော်လည်း သဘာဝရော်ဘာ၏ ထူးခြားဆန်းပြားလှသော ကျုံ့နိုင်ဆန့်နိုင်စွမ်း၊ ရေ၊ လေ မယိုစိမ့်နိုင်သော ဂုဏ်သတ္တိများ၊ အပူဒဏ်နှင့် ပွတ်တိုက်ဒဏ် ခံနိုင်ရည်ရှိမှုများကိုမူ မည်သည့်ဓာတုရော်ဘာကမျှ အပြည့်အဝအစားမထိုးနိုင်သေးပေ။ ကမ္ဘာလုံးဆိုင်ရာ သယ်ယူပို့ဆောင်ရေးနှင့် ယာဉ်ယန္တရားကဏ္ဍတွင် အသုံးပြုနေသော မော်တော်ကား၊ လေယာဉ်နှင့် စက်မှုသုံး တာယာထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းကျော်သည် သဘာဝရော်ဘာပေါ်၌ အဓိကတည်မှီနေရဆဲဖြစ်သည်။ ထို့ပြင် ကျန်းမာရေးကဏ္ဍသုံး ဆေးရုံသုံးလက်အိတ်များနှင့် နေ့စဉ်လူသုံးကုန်ပစ္စည်းပေါင်း မြောက်မြားစွာတွင်လည်း သဘာဝရော်ဘာသည် အစားမထိုးနိုင်သော အဓိကကုန်ကြမ်းအဖြစ် ဆက်လက်တည်ရှိနေသဖြင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအတွက် ဝယ်လိုအားဈေးကွက် အလွန်ခိုင်မာအားကောင်းသည်။

ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုသည် စိုက်ပျိုးသူတောင်သူများ၏ စီးပွားရေးကို အထောက်အကူပြုနေရုံမျှမက နှစ်ရှည်သီးနှံပင်ဖြစ်သည့်အတွက် မြေဆီလွှာအတွင်း ကာဗွန်ထိန်းသိမ်းထားနိုင်ခြင်း၊ အစိမ်းရောင်စီးပွားရေးသို့ ကူးပြောင်းရာတွင် အရေးပါခြင်း စသည်တို့ကြောင့် ရာသီဥတုပြောင်းလဲမှု ထိန်းသိမ်းရေးသီးနှံတစ်မျိုးအဖြစ် ကမ္ဘာ့နိုင်ငံများက အသိအမှတ်ပြုခံထားရသည်။ မြန်မာနိုင်ငံတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ရော်ဘာစိုက်ဧက ၁၆၃၀၀၀၀ ကျော် စိုက်ပျိုးထားရှိပြီး အစေးထုတ်ယူနိုင်သည့်ဧက ၁၀၅၀၈၆၂ ရှိသည်။ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၇၂၇ ပေါင်ခန့်ရှိခဲ့ပြီး ရော်ဘာတန်ချိန် ၂၉၉၆၃၉ ကျော် ပြည်ပသို့ တင်ပို့နိုင်ခဲ့၍ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၄၈၀ ခန့် ရှာဖွေပေးနိုင်ခဲ့သည်။ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ရော်ဘာတစ်ဧကလျှင် ပေါင် ၁၀၀၀ ထွက်ရှိရေး ရည်မှန်းချက်ထား၍ နည်းပညာပေးမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**ခြံငယ်ရှင်တောင်သူများ၏ အဓိကအခန်းကဏ္ဍ**

မြန်မာနိုင်ငံ၌ ရော်ဘာစိုက်ပျိုးရန် သင့်တော်သည့် ရေ၊ မြေ ရာသီဥတုရှိသော မွန်၊ တနင်္သာရီ၊ ကရင်၊ ပဲခူးနှင့် ရှမ်းပြည်နယ်တို့တွင် ရော်ဘာကို ဧကအများအပြားစိုက်ပျိုးကြသည်။ မြန်မာ့ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းခန့်ကို စိုက်ဧကနည်းပါးသော ခြံငယ်ရှင်တောင်သူများက အဓိကတာဝန်ယူစိုက်ပျိုးနေခြင်းဖြစ်သည်။ ရော်ဘာထုတ်လုပ်မှုမြင့်မားရေးနှင့် အရည်အသွေးကောင်းမွန်ရေးသည် ခြံငယ်ရှင်တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်နိုင်စွမ်းပေါ်တွင် တိုက်ရိုက်တည်မှီနေသည်။ ရော်ဘာစိုက်ပျိုးရာ၌ အပင်ဖြစ်ထွန်းရုံမျှသာမက စနစ်ကျသော အစေးခြစ်နည်းစနစ်များကို လိုက်နာကျင့်သုံးနိုင်မှသာလျှင် အထွက်နှုန်းပိုမိုကောင်းမွန်နိုင်သည်။

ခြံငယ်ရှင်တောင်သူများ၏ အသိပညာနှင့် ကျွမ်းကျင်မှုမြှင့်တင်ရန် စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲက ရော်ဘာစနစ်တကျစိုက်ပျိုးရေးအတွက် နည်းပညာပေးခြင်းနှင့် အစေးလှီးစနစ်မှန်ကန်စေရန်အတွက် ရော်ဘာအစေးခြစ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

**မိုးကာအုပ်အစေးခြစ်စနစ်ဖြင့် အထွက်နှုန်းမြှင့်တင်ခြင်း**

တောင်သူများအနေဖြင့် မိုးရာသီတွင် မိုးရွာသွန်းမှုကြောင့် အစေးခြစ်ခြင်းကို ရပ်နားထားရလေ့ရှိသော်လည်း မိုးကာအုပ်အစေးခြစ်စနစ်ကို အသုံးပြုမည်ဆိုပါက ဆက်လက်အစေးခြစ်နိုင်သဖြင့် တစ်နှစ်စာ အစေးထွက်နှုန်းကို ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိ ပိုမိုတိုးတက်ရရှိစေကြောင်းသိရသည်။ မိုးကာအုပ်အစေးခြစ်စနစ်ကို စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန(မော်လမြိုင်)၊ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံများဖြစ်သည့် မုဒုံခြံနှင့် အင်းတကော်ခြံတို့တွင် သွားရောက်လေ့လာနိုင်သည်။



**မျိုးကောင်းမျိုးသန့်အသုံးချမှုနှင့် ဒေသသစ်စိုက်ပျိုးရေး အလားအလာ**

လက်ရှိ ရော်ဘာစိုက်ခင်းအများစုမှာ အပင်များကြီးလာသဖြင့် အစေးထွက်နှုန်း လျော့နည်းလာခြင်းကြောင့် ရော်ဘာစိုက်ဧကများ ထပ်မံတိုးချဲ့ရန် လိုအပ်လာသည်။ ရော်ဘာသည် သက်တမ်းနှစ် ၃၀ ခန့်ထိ စီးပွားဖြစ်အစေးထုတ်လုပ်နိုင်သည့် နှစ်ရှည်သီးနှံဖြစ်သဖြင့် စိုက်ခင်းသစ်များထူထောင်မည်ဆိုပါက မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရန်အလွန်အရေးကြီးသည်။ စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲက ထောက်ခံအကြံပြုထားသည့် ဒေသအလိုက်စိုက်ပျိုးရန် သင့်တော်သည့်မျိုးများမှာ မိုးရေချိန်လက်မ ၁၈၀ နှင့် ၂၀၀ ကျော် ရွာသွန်းသည့် ကမ်းရိုးတန်းဒေသများတွင် BPM 24, RRIC 100, RRIM 717, PB 235, PB 260 ရော်ဘာမျိုးများ၊ မိုးရေချိန်လက်မ ၁၀၀နှင့် ၁၂၀ ကျော်ရွာသွန်းပြီး ပူပြင်းသောဒေသများတွင် PB 260, PB 235, RRIM 717, RRIM 623, GT 1 ရော်ဘာမျိုးများနှင့် မိုးရေချိန်လက်မ ၅၀ နှင့် ၆၀ ကျော် ရွာသွန်းသည့် အအေးပိုင်းကုန်းမြင့်ဒေသများတွင် RRIM 600, GT 1, PR 255, PR 107, RRIM 623 စသည့်ရော်ဘာမျိုးများဖြစ်သည်။

မြန်မာနိုင်ငံ၏ ရေမြေသဘာဝအရ ရော်ဘာတိုးချဲ့စိုက်ပျိုးရန် အလားအလာကောင်းများစွာရှိသည့်အနက် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းရှိ ဟုမ္မလင်း၊ ဖောင်းပြင်၊ တမူးနှင့် ခန္တီးမြို့နယ်တို့တွင် စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်မှုများရရှိခဲ့ကြောင်း သိရသည်။ ခန္တီးမြို့နယ်တွင် နောင်နန်းမျိုးသန့်ပျိုးပင်များဖြင့် စိုက်ပျိုးထားသောရော်ဘာခင်းများမှ တစ်ဧကလျှင် ရော်ဘာပြား ပေါင် ၆၀၀ မှ ၈၀၀ ထိ ထွက်ရှိနေပြီဖြစ်၍ ဒေသသစ်တိုးချဲ့စိုက်ပျိုးရန် အလားအလာကောင်းလျက်ရှိသည်။

**ရော်ဘာအထွက်နှုန်းနှင့် အရည်အသွေးမြှင့်တင်ရေးနည်းလမ်းများ**

ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးသူများအနေဖြင့် ရော်ဘာစိုက်ပျိုးရေးဆိုင်ရာနည်းလမ်းကောင်းများကို စနစ်တကျ လိုက်နာကျင့်သုံးရန်လိုသည်။ အဓိကအားဖြင့် စိုက်ပျိုးရေးဦးစီးဌာနက ထောက်ခံထားသော အထွက်နှုန်းမြင့် ရော်ဘာမျိုးကောင်းမျိုးသန့်များကို စနစ်တကျရွေးချယ်စိုက်ပျိုးရန်နှင့် တစ်ဧကတွင် ဝင်ဆံ့ရမည့် အပင်အရေအတွက်ပြည့်မီအောင် စိုက်ပျိုးရန်လိုအပ်သည်။ ထို့ပြင် စိုက်ခင်းများကို ပေါင်းမြက်ရှင်းခြင်း၊ ပိုးမွှားရောဂါကာကွယ်ခြင်း၊ အစိုဓာတ်ထိန်းသိမ်းခြင်း၊ ကိုင်းပိုကိုင်းတက်ဖဲ့ခြင်းနှင့် ကိုင်းထွက်အောင်ပြုပြင်ခြင်း စသည့်စနစ်တကျပြုစုထိန်းသိမ်းကြပ်မတ်မှုများ ပြုလုပ်ပေးရမည်ဖြစ်ပြီး အပင်များ အာဟာရပြည့်ဝစေရန် လိုအပ်သော သွင်းအားစုမြေဩဇာများကိုလည်း စနစ်တကျထည့်သွင်းပေးရမည်ဖြစ်သည်။ ရော်ဘာပင်သည် သက်တမ်း ခြောက်နှစ်၊ ခုနစ်နှစ်မှ စတင်အစေးလှီးနိုင်မည်ဖြစ်သဖြင့် ကြားကာလတွင် ဝင်ငွေရရှိစေရန်အတွက် ရော်ဘာပင်တန်းကြားတွင် ရာသီသီးနှံများကို ကြားသီးနှံအဖြစ် စိုက်ပျိုးထားသင့်သည်။

အစေးထုတ်လုပ်မှုကဏ္ဍတွင်လည်း သတ်မှတ်ထားသောအပင်လုံးပတ်ပြည့်မီမှသာ အစေးစတင်ခြစ်ရန်လိုအပ်ပြီး ထောက်ခံထားသော စံချိန်စံညွှန်းမီအစေးလှီးစနစ်များဖြင့် ကျွမ်းကျင်အစေးခြစ်လုပ်သားများကိုအသုံးပြုကာ စနစ်တကျအစေးခြစ်ရမည်ဖြစ်သည်။ အစေးပိုမိုရရှိစေရန် နံနက်စောစော ၂ နာရီမှ ၃ နာရီအတွင်း အစေးခြစ်ခြင်းကို စတင်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ မိုးရွာသွန်းမှုများသည့်ရက်များတွင်လည်း မိုးကာအုပ်အစေးခြစ်နည်းလမ်းဖြင့် အစေးခြစ်သွားရမည်ဖြစ်သည်။ လိုအပ်ပါက အစေးထွက်လှုံ့ဆော်ဆေး Ethrel ကို နည်းပညာစံချိန်စံညွှန်းများနှင့်အညီ စနစ်တကျသုံးစွဲခြင်းဖြင့် ရော်ဘာအထွက်နှုန်းကို ပိုမိုတိုးတက်မြင့်မားလာစေမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ရော်ဘာ၊ ဝါ၊ ဝါး စသည်တို့ကို တိုးချဲ့စိုက်ပျိုးရန်၊ ရော်ဘာကို ပြည်တွင်း၌ အရည်အသွေးရှိရှိထုတ်လုပ်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**တန်ဖိုးမြှင့် ကုန်ချောထုတ်လုပ်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များ**

မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာရော်ဘာဈေးကွက်တွင် ရေရှည်ယှဉ်ပြိုင်နိုင်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု စံချိန်စံညွှန်းများနှင့်ကိုက်ညီအောင် စိုက်ပျိုးကြရမည်ဖြစ်သည်။ မြန်မာ့ရော်ဘာထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းခန့်ကို ကုန်ကြမ်းအဖြစ်သာ တင်ပို့နေရသေးသဖြင့် ရော်ဘာစိုက်ပျိုးသည့် ပြည်ပနိုင်ငံများကဲ့သို့ ကုန်ချောထုတ်လုပ်တင်ပို့နိုင်ရန် ဆောင်ရွက်သင့်သည်။ ယနေ့ကာလတွင် နိုင်ငံတော်က စိုက်ပျိုးရေးအခြေခံစက်မှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် အထူးအလေးပေးကူညီပံ့ပိုးပေးနေသည်ဖြစ်၍ ရော်ဘာကို ကုန်ကြမ်းအတိုင်းပြည်ပသို့ တင်ပို့ခြင်းထက် ပြည်တွင်း၌ တန်ဖိုးမြှင့်ကုန်ချောများထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ရော်ဘာအခြေခံ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSMEs) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သင့်သည်။ ရော်ဘာကို အသုံးပြု၍ သားရေကွင်း၊ လက်အိတ်၊ တာယာ၊ ကျွတ် စသည့်ပစ္စည်းများထုတ်လုပ်ကာ ပြည်တွင်း MSMEs စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်သည့်အပြင် အစေးမထွက်တော့သည့် သက်တမ်းကြီးရင့်ရော်ဘာပင်များကို ခုတ်လှဲ၍ နိုင်ငံတကာအဆင့်မီ ရော်ဘာသစ်ချောပရိဘောဂများ ထုတ်လုပ်တင်ပို့ခြင်းဖြင့်လည်း အပိုဝင်ငွေများ ရှာဖွေနိုင်သည်။

ရော်ဘာခြံငယ်ရှင်တောင်သူများ အနေဖြင့် ရော်ဘာစိုက်တောင်သူ အစုအဖွဲ့များဖွဲ့စည်း၍ စုပေါင်းရော်ဘာပြားကြိတ်ခြင်း၊ စုပေါင်းအရည်အသွေးစစ်ဆေးခြင်းနှင့် စုပေါင်းရောင်းချခြင်းများ ဆောင်ရွက်ပါက ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုအားကောင်းလာမည်ဖြစ်သည်။

စိုက်ပျိုးရေးဦးစီးဌာန၏ မြန်မာ့သဘာဝရော်ဘာ အရည်အသွေးစမ်းသပ်စစ်ဆေးရေး ဓာတ်ခွဲခန်းသည် နိုင်ငံတကာဓာတ်ခွဲခန်းစံနှုန်းဖြစ်သော ISO/IEC 17025:2017 နှင့်အညီ လည်ပတ်ဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာရော်ဘာအသင်း၏ အသိအမှတ်ပြုလက်မှတ်ရ ဓာတ်ခွဲခန်းတစ်ခုဖြစ်သည်။ ဤဓာတ်ခွဲခန်းတွင် မြန်မာ့ရော်ဘာစံနှုန်း (Myanmar Rubber Standard) နှင့်အညီ စမ်းသပ်စစ်ဆေး၍ ပြည်ပတင်ပို့သည့် မှိုင်းခံရော်ဘာနှင့် အဆင့်မြင့်ရော်ဘာများ၊ ရော်ဘာအစေးရည်များ၊ ရော်ဘာကွန်ပေါင်းသားများ၊ ရော်ဘာအခြေခံထုတ်ကုန်ပစ္စည်းများကို စမ်းသပ်စစ်ဆေးပေးလျက်ရှိသည်။ ထို့ကြောင့် ဤဓာတ်ခွဲခန်းမှ ထုတ်ပေးသော စမ်းသပ်စစ်ဆေးမှု အစီရင်ခံစာများသည် နိုင်ငံတကာဝယ်လက်များထံတွင် ယုံကြည်လက်ခံမှုရရှိထားပြီး မြန်မာ့ရော်ဘာ၏ အရည်အသွေးကို အာမခံနိုင်သော အခိုင်မာဆုံး အထောက်အထားတစ်ခုဖြစ်သည်။

ရော်ဘာစိုက်ပျိုးထုတ်လုပ်ခြင်းသည် ရော်ဘာခြံငယ်ရှင်တောင်သူများ၏ မိသားစုဝင်ငွေကို တိုးတက်စေရုံမျှမက ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သည့် အလားအလာကောင်းများစွာရှိနေသည်။ သို့ဖြစ်ပါ၍ ခြံငယ်ရှင်တောင်သူများ အပါအဝင် စိုက်ပျိုးသူအားလုံးအနေဖြင့် မျိုးကောင်းမျိုးသန့်အဖူးကူးပင်များဖြင့် စိုက်ဧကတိုးချဲ့ခြင်း၊ သက်တမ်းရင့်စိုက်ခင်းများတွင် ပင်အိုများကို အပင်သစ်များဖြင့် အစားထိုးပြန်လည်စိုက်ပျိုးခြင်း၊ စနစ်တကျစိုက်ပျိုးနိုင်ရေးနှင့် အစေးလှီးစနစ်မှန်ကန်စေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာများရယူခြင်း၊ အရည်အသွေးမီရော်ဘာပြားများ ထုတ်လုပ်ခြင်းနှင့် ပြည်တွင်း MSMEs ကုန်ချောထုတ်လုပ်မှုကဏ္ဍတွင် ပူးပေါင်းပါဝင်ခြင်းတို့ဖြင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ပြီး နိုင်ငံ့စီးပွားရေးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

# အပြိုင်အဆိုင် ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက်ဒေးယျုံစေတီတော်တွင် ကျင်းပ



ရန်ကုန် ဩဂုတ် ၂၄

Global Film Production က ရိုက်ကူးထုတ်လုပ်မည့် အပြိုင်အဆိုင် ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက်ဒေးယျုံစေတီတော်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အပြိုင်အဆိုင် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို သန့်ထင်၊ ကိုရဲဖွန်နဲ့ နေကြီးတို့က ရေးသားထားကြပြီး ဒါရိုက်တာ သောကြာက Global Film Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီကားထဲမှာတော့ ကျွန်တော်တို့နှစ်ယောက်ကို အပြိုင်အဆိုင် ဇာတ်ရုပ်ပုံစံမျိုးနဲ့ မြင်ရမှာပါ။ ဇာတ်ကားနာမည်က အပြိုင်အဆိုင်ဆိုတဲ့အတိုင်းပဲ ကိုထူးခြားရဲ့ သမီးကို ကျွန်တော်ကကြိုက်ပြီး ကျွန်တော့်ညီမကို ကိုထူးခြားက ပြန်လုတဲ့ပုံစံမျိုးပါ။ တစ်ရပ်ကွက်ထဲမှာနေပြီး တစ်ယောက်နဲ့တစ်ယောက် မတည့်ကြတဲ့ ကာရိုက်တာမျိုးပါ။ ဇာတ်ကားထဲမှာ ကျွန်တော်နဲ့အစ်ကိုက မတည့်တဲ့ ကာရိုက်တာတွေပဲ များပါတယ်။ ဇာတ်လေးက မိသားစုဟာသဇာတ်လေးပါ"ဟု အဆိုပါ အပြိုင်အဆိုင် ရုပ်သံဇာတ်လမ်းတွဲတွင်ပါဝင်မည့် သရုပ်ဆောင် မင်းတော်ဝင်က ပြောပြသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် မင်းတော်ဝင်၊ ထူးခြား၊ သဉ္ဇာစိုးအောင်၊ မင်းလူနတ် (ဇော်ကြီး)၊ စိုးမိုး၊ ဇေခေတ်၊ နေပြည့်စုံ၊ ဆက်ယွန်းတွယ်တာ၊ ခင်ဘုန်းမြတ်သာ၊ သဉ္ဇာထက်၊ သံသာရွှေရည်၊ မြတ်နိုးခြယ်နှင့် အနုပညာရှင်များစွာ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Seasons ရုပ်ရှင်ဇာတ်ကား၌ မင်းသား ဂျက်ရေးနော ပါဝင်သရုပ်ဆောင်မည်

နယူးယောက် ဩဂုတ် ၂၄

Amazon MGM စတူဒီယို၏ Seasons အမည်ရှိ ထိတ်လန့်သည်းဖို ရုပ်ရှင်ဇာတ်ကား၌ မင်းသား ဂျက်ရေးနော ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၂၃ ရက် သတင်းများအရ သိရသည်။

Seasons ဇာတ်ကားတွင် မင်းသား ဂျက်ရေးနောသည် မင်းသမီး လီလီဂျိမ်းနှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

Seasons ဇာတ်ကားသည် စာရေးဆရာ ဟာရီဆင်ကွာရီ၏ ခေါင်းစဉ်အမည်တူ ထိတ်လန့်သည်းဖိုဇာတ်ကားကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် လယ်ယာခြံတစ်ခြံကို ဝယ်ယူပြီးနောက် ၎င်းခြံအတွင်း ရှေးဟောင်း ဝိညာဉ်များနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ဇနီးမောင်နှံ၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Seasons ဇာတ်ကားကို ဒါရိုက်တာ ဒရူးဟန်းကော့က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားပေးထားကြောင်း၊ လက်ရှိတွင် အဆိုပါ ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့် ရက်တို့ကို ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# ကျွန်မနဲ့မောင် ရုပ်ရှင်ဇာတ်ကား Cele Show ပြုလုပ်

ရန်ကုန် ဩဂုတ် ၂၄

ဩဂုတ် ၂၈ ရက်မှ စတင်ကာ နိုင်ငံတစ်ဝန်း အဆင့်မြင့် ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် ကျွန်မနဲ့မောင် ရုပ်ရှင်ဇာတ်ကား Cele Show ကို ဩဂုတ် ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ နဝဒေးအဆင့်မြင့် ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျွန်မနဲ့မောင် ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမ ရွှေရေးထင်ထင်၏ ဝတ္ထုဇာတ်လမ်းကို မင်းကိုစိုး (နတ်သံကွင်း)က ဇာတ်ညွှန်း ရေးသားထားပြီး ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) က လက်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။




"လပ်ကီးဆဲဗင်း ထုတ်လုပ်ရေးက ပထမဆုံး အေးချမ်းမောင်နဲ့ ရိုက်တဲ့ကားလဲဖြစ်သလို မိုးဟေကိုနဲ့ အေးချမ်းမောင် ပထမဆုံး တွဲဖက်ရိုက်တဲ့ ကားလဲဖြစ်ပါတယ်။ လူငယ်အချစ်ကားလေးလဲ ဖြစ်တော့ ပရိသတ်တွေ စိတ်ဝင်စားမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်မနဲ့မောင်ဇာတ်ကို စစဦးစားချိန်မှာ လူငယ်ရဲ့ အချစ်ကားလေးဆိုတော့ မင်းသမီးနေရာမှာ မိုးဟေကိုနဲ့ လိုက်မယ်ဆိုတာသိပါတယ်။ အေးချမ်းမောင်က တစ်ဇွတ်ထိုးဆန်တဲ့ ကာရိုက်တာနဲ့ လိုက်ဖက်တာမို့ ရွေးချယ်ဖြစ်တာပါ"ဟု အဆိုပါ ရုပ်ရှင်ဇာတ်ကား စီစဉ်သူ မအေးအေးဝင်းက ပြောပြသည်။

ကျွန်မနဲ့မောင် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အေးချမ်းမောင်၊ ခွန်းညပေါက်စီ၊ မင်းသူ၊ မိုးဟေကို၊ မေသန်းနု၊ မေသရဝဏ်၊ စုဝတီကျော်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Martha & Muhammad ဇာတ်ကား၌ ရာမီယူဆက်နှင့် ရှာရွန်စတုန်းတို့ ပါဝင်မည်ဖြစ်

နယူးယောက် ဩဂုတ် ၂၄

A 24 ရုပ်ရှင်ကုမ္ပဏီ၏ Martha & Muhammad အမည်ရှိ ဟာသဇာတ်ကားတွင် ဟာသမင်းသား ရာမီယူဆက်နှင့် မင်းသမီး ရှာရွန်စတုန်းတို့ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဩဂုတ် ၂၃ ရက် သတင်းများအရ သိရသည်။

Martha & Muhammad ဇာတ်ကားကို မင်းသား ရာမီယူဆက်ကိုယ်တိုင် တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။


အဆိုပါ ဇာတ်ကားသည် မင်းသားရာမီယူဆက် ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးမည့် ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Martha & Muhammad ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း မင်းသား ရာမီယူဆက်က ပင် ရေးသားထားသည်။

လက်ရှိတွင် အဆိုပါ ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို A 24 ရုပ်ရှင်ကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း၊ အဆိုပါ ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ် ဆောင်းဦးရာသီတွင် စတင်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# အမရပူရမြို့နယ် တောင်သမန်ကျေးရွာတွင် တောင်သမန်ဘိုးဘိုးကြီးပွဲတော်ကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

မန္တလေး ဩဂုတ် ၂၄

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်ကျေးရွာတွင် နှစ်စဉ်ကျင်းပလေ့ရှိသည့် တောင်သမန်ဘိုးဘိုးကြီးပွဲတော်ကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီဝင် ဦးဖိုးကိုထံမှ သိရသည်။

အဆိုပါ တောင်သမန်ဘိုးဘိုးကြီးပွဲတော်ကို နှစ်စဉ်တော်သလင်းလပြည့်ကျော် ၂ ရက်မှ တော်သလင်းလပြည့်ကျော် ၁၀ ရက်ထိ ချိုးရေတော်သုံးပွဲ၊ ချော့ပွဲ၊ တက်ပွဲ စသည့် ရိုးရာဓလေ့ နတ်ပူဇော်ပွဲများဖြင့် ကျင်းပလေ့ရှိပြီး ယခုနှစ်တွင်လည်း အနယ်နယ်အရပ်ရပ်မှ ပွဲတော်လာသူများဖြင့် အစည်ကားဆုံးဖြစ်စေရန် ပွဲစီစဉ်သူများက ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

"တောင်သမန်ဘိုးဘိုးကြီး ချိုးရေတော်သုံးပွဲကို ရှေးယခင်ကတည်းက နှစ်စဉ်တောင်သမန်အင်းအတွင်း ကျင်းပပြုလုပ်လေ့ရှိပါတယ်။ ချိုးရေတော်သုံးပွဲမှာ နတ်ရုပ်တုတွေကို ဖောင်တော်ပေါ်တင်ဆောင်ပြီး အခြားလှေတွေက ဝန်းရံကာ အင်းအတွင်းရှိ ဘိုးဘိုးကြီး သက်ပျောက် ကျောက်တိုင်ကို ဦးတိုက်ပြီး ရွာသစ်ကျေးရွာရှိ နတ်နန်းကို သွားရောက်လှည့်လည်ကာ ချိုးရေတော်သုံးပွဲကို ကျင်းပလေ့ရှိပါတယ်"ဟု ပွဲတော်ကျင်းပရေးကော်မတီဝင် ဦးဖိုးကိုက ပြောပြသည်။

တောင်သမန်ဘိုးဘိုးကြီးပွဲတော်တွင် တောင်သမန်အင်းအတွင်း မြန်မာ့ရိုးရာလှေပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပလေ့ရှိပြီး လှေပြိုင်ပွဲတွင် အင်းပတ်လည် အနီးဝန်းကျင်ရှိ ဘုန်းအိုး၊ ရွှေဂူမိမ်းထုပ်၊ တရုတ်တန်း၊ သရက်တန်း၊ နွားနို့တော်စု၊ ရွာသစ်၊ တဲနံ့သာ စသည့် ကျေးရွာများမှ ပါဝင်ယှဉ်ပြိုင်လေ့ရှိကြောင်း သိရသည်။

ASH

# Republic of India donates teaching aid for medical training to DSMA




**Indian Ambassador to Myanmar Mr. Abhay Thakur presents related documents for donated teaching aid to Director of Medical Services Brig-Gen Zaw Myo Han.**

**Nay Pyi Taw August 24**

A ceremony to hand over medical teaching aid donated by the government of the Republic of India through the Indian Embassy in Myanmar took place at the meeting room (1) of the main leacture hall of the Defence Services Medical Academy this morning.

It aims to use these teaching aids in the undergraduate and post-graduate medical education at the DSMA.

The ceremony was attended by Chief of Armed Forces Training Lt-Gen Pyae Sone Lin, Commander of Yangon Command Brig-Gen Tin Min Latt, Director of Medical Services Brig-Gen Zaw Myo Han, Indian Ambassador to Myanmar H.E. Mr. Abhay Thakur, Defence Attache Colonel Arjun N Singh, officials, the commandant of DSMA, officials and guests.

The Chief of Armed Forces Training delivered an opening address. The Indian Ambassador to Myanmar explained the purpose of donation and handed over the related documents to the Director of Medical Services who returned certificates of honour.

The Rector of DSMA spoke words of thanks. The attendees viewed round the donated teaching aid on display and use of these teaching items.

At today's ceremony, the teaching aids donated by the Republic of India include a set of laparoscopic and arthroscopic surgical equipment, a set of advanced dental prosthetics modeling/milling machines, a set of genetic testing equipment, a set of digital pathology slide scanners, an advanced audio-visual system for medical education, large-screen educational computer monitors, and high-quality projectors. These items will significantly support medical training, research, and healthcare services while further strengthening the existing friendship and bilateral cooperation between India and Myanmar.

100

# More than 22,000 acres of green gram planted in Sagaing Township

**Sagaing August 24**

According to the township Department of Agriculture, local farmers have so far planted 22,558 acres of green gram as monsoon crops in Sagaing Township this year.

During the 2026-2027 monsoon crop planting season, Sagaing Township planned to cultivate 43,022 acres of green gram (mung bean). Planting began in May of this year, and 22,558 acres have been successfully cultivated to date.

"During this year's monsoon crop planting season, 43,022 acres of green gram were targeted for cultivation in Sagaing Township, and 22,558 acres have already been planted. We are taking measures to ensure the full target acreage is achieved. We are conducting awareness programs to expand green gram cultivation and to encourage the use of quality, high-yield seeds to boost crop yields," said U Myo Thant Aung, head of the Sagaing Township Department of Agriculture.

This year, the Township Department of Agriculture is raising awareness among local green gram farmers regarding the procurement of quality seed varieties suited to the region, proper planting techniques, pest management, the systematic use of chemical fertilizers, and yield enhancement.

To ensure higher yields and better quality for pulse crops during this monsoon season, the department is actively collaborating with farmers by providing quality seeds, agricultural inputs, and post-harvest technology education.

206

# Katha Township to cultivate more than 14,000 acres of kidney bean in coming winter

**Katha August 24**

According to figures from the Katha Township Department of Agriculture, over 14,000 acres of kidney beans will be cultivated during the upcoming winter crop planting season in Katha Township, Sagaing Region.

For the 2026-2027 winter cropping season, Katha Township has set a target of 14,537 acres for kidney bean cultivation, which will be planted from October through December this year.

"During this year's winter crop planting season, more than 14,000 acres of kidney beans have been targeted for cultivation in Katha Township. We will work to ensure the targeted acreage is achieved. To enhance pulse yield and quality, we will collaborate with farmers to provide quality seeds, agricultural inputs, and post-harvest technology education," said U Ko Lay, head of the Katha Township Department of Agriculture.

The Township Department of Agriculture will carry out awareness-raising activities to help local kidney bean farmers expand cultivation acreage, boost crop yields, adopt Good Agricultural Practices (GAP), and use high-yielding, quality seeds.

Crops cultivated using GAP systems achieve higher quality and command better prices compared to those grown with other practices. Because their quality meets the standards for both domestic markets and international export, farmers adopting these practices stand to benefit more economically.

206

# Over 21,000 acres of rainfed paddy planted in Pale Township this year

**Pale August 24**

According to statistics from the Pale Township Department of Agriculture, over 21,000 acres of monsoon paddy have been planted during this year's monsoon crop season in Pale Township, Yinmabin District, Sagaing Region.

For the 2026-2027 monsoon crop season, Pale Township targeted the cultivation of 45,700 acres of monsoon paddy. Planting commenced in June of this year, and 21,145 acres have been planted to date.

"During this year's monsoon crop planting season, more than 45,000 acres of monsoon paddy have been targeted for cultivation in Pale Township. To date, over 21,000 acres have been planted. We are working to achieve the targeted acreage. We are providing necessary agricultural techniques and quality seeds for monsoon paddy cultivation, as well as conducting field visits to assist farmers with timely planting," said Daw Khin Lay Nwe, head of the Pale Township Department of Agriculture.

To ensure systematic and smooth paddy cultivation during this monsoon season, the township Department of Agriculture and local farmers are working in close cooperation.

Awareness campaigns are being conducted for Pale Township paddy farmers regarding agricultural techniques, pest prevention and control, crop loss reduction, and ensuring harvested paddy is sheltered in a timely manner.

To ensure that the planted paddy fields thrive and achieve high yields, staff from the Township Department of Agriculture are providing field-level technical guidance on selecting quality seeds, pest scouting, soil aeration and weeding, roguing (removing off-types), and the systematic use of chemical fertilizers.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Kyaiklat Township ships large volume of Kyapyan paddy variety to Yangon market



A warehouse seen with a large stock of rice.

**Kyaiklat August 24**

Daw Htay Htay, the owner of rice and paddy trading centre in Kyaiklat Township of Ayeyawady Region, said that local merchants from Kyaiklat Township supplied a large volume of Kyapyan paddy variety to Yangon market in July.

Over the month of June, Kyaiklat Township exported only up to 45,000 baskets of the Kyapyan paddy variety to the Yangon market; however, during the one-month period in July this year, shipments rose to 55,000 baskets.

"Over the past month, up to 55,000 baskets of Kyapyan paddy were exported to the Yangon market. Kyaiklat Township primarily ships its paddy, rice, and other agricultural products to the Yangon market. The Kyapyan variety belongs to the premium-grade paddy class. High demand from buyers in Yangon drove the surge in exports. Inquiries to purchase large volumes of Kyapyan paddy from the Yangon market continue this month as well. Compared to other varieties, Kyapyan paddy has seen stronger trading activity both over the past month and at present," said Daw Htay Htay.

Over the past month, the price of Kyapyan paddy exported from Kyaiklat Township to the Yangon market reached up to K1.73 million per 100 baskets. The thriving trade in this paddy has created employment opportunities for farmers, traders, cargo handlers, and freight transport rental operators.

Kyaw Kyaw Lin

# Myanaung Township sends large volume of Pakhan variety paddy to Yangon market

**Myanaung August 24**

Daw Hla Hla Htay, the owner of rice and paddy trading depot in Myanaung Township of Ayeyawdy Region, said that local merchants from Myanaung Township supplied a large number of baskets of Pakhan variety of paddy to Yangon market within one month.

Over the one-month period in June, Myanaung Township sent only up to 40,000 baskets of the Pakhan paddy variety to the Yangon market; however, during the following month in July, shipments rose to 52,000 baskets.

"Over the past month, a large volume of Pakhan paddy was exported from Myanaung Township. The Pakhan paddy sent from Myanaung to the Yangon market is of very high quality. Because buyers in the Yangon market have shown strong demand for this paddy, export volumes have increased. Current paddy prices are also riding high. Pakhan paddy is in strong demand across domestic rice and paddy markets," said Daw Hla Hla Htay.

Over the past month, the price for the Pakhan paddy variety exported from Myanaung Township to the Yangon market fetched up to K1.65 million per 100 baskets. With the robust trading of this paddy, employment opportunities have opened up for farmers, traders, cargo handlers, and freight transport rental operators.

Kyaw Kyaw Lin

# Varieties of crops meet target cultivation in Einme Township

**Einme August 24**

Officials from Myaungmya District Agriculture Department said that local farmers have planted all sown acreage of crops this year in Einme Township.

During this year's monsoon cropping season in Einme Township, planting for the targeted 144,515 acres of various crops commenced in the first week of June, and all 144,515 acres have now been fully cultivated. The breakdown of the cultivated 144,515 acres includes 87 acres of sugarcane, 131 acres of taro, 5 acres of sweet potato, 1,071 acres of mixed vegetables, 2 acres of corn, 209 acres of assorted flowers, and 143,010 acres of paddy.

"Across the entire township during this monsoon cropping season, we targeted over 144,000 acres of assorted crops. All target acreage has now been successfully cultivated. Prior to planting, the Department of Agriculture conducted field-level awareness programmes to support farmers with quality seeds, pest protection, access to marketable produce, technical guidance, and other assistance. Most of the crops grown this season are marketable varieties well-suited to the local region," said Daw Khin Htay Myint, head of the Myaungmya District Department of Agriculture.

To ensure high yields, prevent pest infestations, and protect against crop loss caused by natural disasters and other factors, the Department of Agriculture continues to conduct field visits and farmer education programs in Einme Township throughout this monsoon season.

Kyaw Kyaw Lin

# UN expert urges peacekeepers in Palestinian territories as settler attacks surge

**Jerusalem August 24**

UN special rapporteur for Palestine Francesca Albanese has called for the deployment of an international protection force in the Palestinian territories in response to a rise in attacks by Israeli settlers.

"An International Protection Presence in West Bank/ east Jerusalem and Gaza is absolutely URGENT," Albanese wrote in a post on X on Monday.

"Third states have an obligation, per the ICJ, to act to end Israel's unlawful occupation," she said, using the acronym for the Hague-based International Court of Justice. She called on the offices of the UN secretary-general and the General Assembly to help bypass the "paralysis" of the organization's Security Council, where the US has vetoed a number of resolutions critical of Israel.

Israeli settlements in the West Bank are considered illegal under international law by the UN and most of the international community. Israel disputes this. The settlements are also widely viewed as an obstacle to establishing a viable Palestinian state. In 2024, the ICJ issued an advisory opinion saying Israel should end its occupation of Palestinian territory "as rapidly as possible." RT

# Iran in "all-out" economic, military, security war: president

**Tehran August 24**

Iran's President Masoud Pezeshkian said Sunday the country is in an "all-out" economic, military, and security war with the "enemies."

Despite the U.S. pressure, "we are standing and making efforts to serve the people in the face of this unequal war," Pezeshkian said in a televised speech carried by the official news agency IRNA.

The government is making "wholehearted" efforts to reduce inflation and resolve people's economic problems, he added.

Meanwhile, Iranian Foreign Minister Seyed Abbas Araghchi said in a statement Sunday that the United States has no other way but to speak respectfully with the Iranian people, according to IRNA.

The anti-Iran economic operation claimed by U.S. President Donald Trump is a "recurring scenario and the same bullying that always occurs in U.S. policies," Araghchi said, adding, "In a sense, it is a repetitive film that we have watched over and over and know how to deal with."

In a Wednesday post on Truth Social, Trump announced "the most crushing economic operation ever taken" against any country providing a lifeline to Iran.

Xinhua



This file photo shows Iranian President Masoud Pezeshkian (L) speaking during his visit to the headquarters of Iran's Red Crescent Society (IRCS) in Tehran, Iran, April 15, 2026.

# တရုတ်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့ ပူးတွဲလေကြောင်းချီ စစ်ဆင်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့



တရုတ်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့သည် Swift Eagle 2026 အမည်ဖြင့် ပူးတွဲလေကြောင်းချီ စစ်ဆင်ရေးလေ့ကျင့်မှုကို တရုတ်နိုင်ငံ ဟူဘေးပြည်နယ်တွင် ပြုလုပ်ခဲ့ကြောင်း Military Watch Magazine မဂ္ဂဇင်းက ဩဂုတ် ၁၆ ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါလေ့ကျင့်မှုသည် နှစ်နိုင်ငံ လေကြောင်းချီတပ်ဖွဲ့များကြား ပူးပေါင်းဆောင်ရွက်နိုင်စွမ်းနှင့် လျင်မြန်စွာ စစ်ဆင်ရေးပြုလုပ်နိုင်စွမ်း တိုးတက်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။

Swift Eagle 2026 လေ့ကျင့်မှုကို ယခုနှစ်တွင် စတုတ္ထအကြိမ် ပြုလုပ်ခြင်းဖြစ်ပြီး တရုတ်နှင့် ဘယ်လာရုစ် လေကြောင်းချီတပ်ဖွဲ့များ ပူးပေါင်း လေ့ကျင့်မှုကို အဓိကထားသည်။ လေ့ကျင့်မှုအတွင်း တပ်ဖွဲ့ဝင်များသည် လေကြောင်းမှတစ်ဆင့် သတ်မှတ်နေရာများသို့ရောက်ရှိခြင်း၊ မြေပြင်တွင် ပူးပေါင်းလှုပ်ရှားခြင်းနှင့် အရေးပေါ်အခြေအနေများတွင် အချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လေ့ကျင့်ကြခြင်းဖြစ်သည်။ တရုတ်နိုင်ငံဘက်က ၎င်းလေ့ကျင့်မှုသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်ရည်ရွယ်ကြောင်း ဖော်ပြထားသည်။

လေကြောင်းချီတပ်ဖွဲ့ဆိုသည်မှာ လေယာဉ်များဖြင့် စစ်မြေပြင်သို့ အချိန်တိုအတွင်း ပို့ဆောင်နိုင်ပြီး လိုအပ်ပါက လေထီးဖြင့် မြေပြင်ပေါ်သို့ ဆင်းသက်ကာ တာဝန်ထမ်းဆောင်နိုင်သည့် တပ်ဖွဲ့များဖြစ်သည်။ ထို့ကြောင့် ယခုလေ့ကျင့်မှုသည် တပ်ဖွဲ့ဝင်များကို ဝေးလံသည့်ဒေသများသို့ လျင်မြန်စွာပို့ဆောင်ပြီး သတ်မှတ်ထားသည့်တာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်စေရန် အဓိကလေ့ကျင့်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် လေကြောင်းချီတပ်ဖွဲ့များ၏ လျင်မြန်စွာဖြန့်ကြက်နိုင်စွမ်းကို တိုးမြှင့်ရန် အလေးထားလာနေပြီး နိုင်ငံခြားတပ်ဖွဲ့များနှင့် ပူးတွဲလေ့ကျင့်မှုများမှတစ်ဆင့် တပ်ဖွဲ့များကြား ပူးပေါင်း ဆောင်ရွက်နိုင်စွမ်းကိုလည်း မြှင့်တင်လျက်ရှိသည်။ ဘယ်လာရုစ်အနေဖြင့်လည်း ရုရှားနှင့်နီးကပ်သည့် စစ်ရေးဆက်ဆံရေးရှိသည့် နိုင်ငံဖြစ်သည့်အပြင် NATO အဖွဲ့ဝင်နိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်နေသောကြောင့် ၎င်း၏စစ်ရေးပြင်ဆင်မှုများကို တိုးမြှင့်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါလေ့ကျင့်မှုသည် တရုတ်နိုင်ငံအတွက်လည်း အရေးပါသည်။ အကြောင်းမှာ တရုတ်တပ်ဖွဲ့များအနေဖြင့် မိမိနိုင်ငံအတွင်း လေ့ကျင့်ခြင်းသာမက နိုင်ငံခြားတပ်ဖွဲ့များနှင့် ပူးတွဲလေ့ကျင့်ခြင်းမှတစ်ဆင့် မတူညီသည့်တပ်ဖွဲ့များကြား ဆက်သွယ်မှု၊ အမိန့်ပေးကွပ်ကဲမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို လက်တွေ့စမ်းသပ်နိုင်ခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

ဘယ်လာရုစ်နိုင်ငံအနေဖြင့်လည်း NATO အဖွဲ့ဝင်နိုင်ငံများနှင့် နယ်နိမိတ်အနီးတွင် စစ်ရေးလှုပ်ရှားမှုများ မြင့်တက်လာနေသည်ဟု သုံးသပ်ထားပြီး နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို တိုးမြှင့်ရန် အလေးထား ဆောင်ရွက်နေသည်။ ထို့ကြောင့် တရုတ်နိုင်ငံနှင့် ပူးတွဲလေ့ကျင့်မှုသည် ဘယ်လာရုစ်တပ်ဖွဲ့များအတွက် အာရှဒေသရှိ အင်အားကြီးတပ်ဖွဲ့တစ်ခုနှင့်အတူ လေ့ကျင့်ခွင့်ရရှိခြင်းဖြစ်ပြီး တပ်ဖွဲ့များ၏ လက်တွေ့ပူးပေါင်း ဆောင်ရွက်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

Swift Eagle 2026 ပူးတွဲလေကြောင်းချီစစ်ဆင်ရေးလေ့ကျင့်မှုသည် တရုတ်နှင့် ဘယ်လာရုစ်တို့ကြား ပုံမှန်ပူးတွဲလေ့ကျင့်မှုတစ်ရပ်ဖြစ်သော်လည်း လေကြောင်းချီ တပ်ဖွဲ့များကို ပူးပေါင်းအသုံးပြု၍ အချိန်တိုအတွင်း တပ်ဖွဲ့များ ဖြန့်ကြက်နိုင်ရေးနှင့် ပူးပေါင်းစစ်ဆင်ရေးဆောင်ရွက်နိုင်စွမ်းကို အလေးထားလေ့ကျင့်ခြင်းဖြစ်သည်။ NATO အဖွဲ့ဝင်နိုင်ငံများနှင့် တင်းမာမှုများရှိနေချိန်တွင် တရုတ်တပ်ဖွဲ့များက ဘယ်လာရုစ်တပ်ဖွဲ့များနှင့် ပူးတွဲလေ့ကျင့်ခြင်းသည် နှစ်နိုင်ငံကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုနီးကပ်လာနေကြောင်း ပြသသည့်ဖြစ်ရပ်တစ်ရပ် အဖြစ်တွေ့မြင်နိုင်ကြောင်း သိရသည်။

**China and Belarus Conduct Joint Airborne Warfare Drills as Both Face Rising Tensions with NATO ကို ဘာသာပြန်ဆိုထားပါသည်။**

# ယူကရိန်းကုမ္ပဏီက ရန်သူ့ဒရုန်းများကို လေထဲတွင်ကြားဖြတ်ဖမ်းယူနိုင်ရန် မြန်နှုန်းမြင့်ပိုက်ကွန်ဖြင့်ဖမ်းယူသည့်စနစ်ကို တီထွင်ထုတ်လုပ်

ယူကရိန်းကုမ္ပဏီ WINFLY သည် ဒရုန်းများကို တန်ပြန်တိုက်ခိုက်သည့် စစ်ဆင်ရေးများအတွက် Non-Kinetic နည်းလမ်းကို အသုံးပြုလျက်ရှိပြီး ရန်သူ့ဒရုန်းများကို လေထဲတွင် ကြားဖြတ်ဖမ်းယူနိုင်ရန် မြန်နှုန်းမြင့် ပိုက်ကွန်ဖြင့် ဖမ်းယူသည့်စနစ်ကို တီထွင်ထုတ်လုပ်ထားကြောင်း Next Gen Defense သတင်းဌာနက ဩဂုတ် ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

WINFLY ကုမ္ပဏီ၏ Spider တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်တွင် အလေးချိန် ဂရမ် ၂၁၀ ရှိ KARAKURT-K2 အလူမီနီယမ် ပိုက်ကွန်ပစ်လွှတ်စနစ်ကို အသုံးပြုထားပြီး အဆိုပါစနစ်ကို ဒရုန်းနှင့် USB Type-C Port မှတစ်ဆင့် ချိတ်ဆက်ထားသည်။

အဆိုပါစနစ်သည် ပစ်မှတ်ကို အကွာအဝေး ၄၉ ပေထိ ကြားဖြတ်တိုက်ခိုက်နိုင်ပြီး ပစ်မှတ်နှင့် ၁၀ ပေမှ ၁၆ ပေအကွာ ရောက်ရှိလာချိန်တွင် ၉ ဒသမ ၈ ပေ x ၉ ဒသမ ၈ ပေ အရွယ်အစားရှိ ပိုက်ကွန်ကို ပစ်လွှတ်ဖြန့်ကြက်ကာ ပစ်မှတ်ဒရုန်းကို လေထဲတွင် ကြားဖြတ်ဖမ်းယူနိုင်မည်ဖြစ်သည်။

ပြင်းထန်သော ပတ်ဝန်းကျင်အခြေအနေများတွင်အသုံးပြုနိုင်ရန် ဒီဇိုင်းရေးဆွဲထားသည့် အဆိုပါစနစ်သည် အပူချိန် အနုတ်လေးဒီဂရီဖယ်ရင်ဟိုက်မှ ၁၂၂ ဒီဂရီဖယ်ရင်ဟိုက်အတွင်း လည်ပတ်အသုံးပြုနိုင်ကြောင်း သိရသည်။

ပိုက်ကွန်တစ်ကြိမ် ပစ်လွှတ်အသုံးပြုရန် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂၆ ဒေါ်လာခန့်ဖြစ်သည်။

WINFLY Spider တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သည် အမြင့်ဆုံး တစ်နာရီလျှင် ကီလိုမီတာ ၁၆၀ ထိ အမြန်နှုန်းရရှိနိုင်ပြီး အမြင့် မီတာ ၅၀၀၀ ထိ ပျံသန်းစစ်ဆင်နိုင်သည်။

WINFLY 10 Hunter ဒရုန်းကို အခြေခံတည်ဆောက်ထားသည့် အဆိုပါကြားဖြတ်တိုက်ခိုက်ရေးဒရုန်းသည် ၎င်း၏ ပစ်လွှတ်ရာနေရာမှ ၁၈ ကီလိုမီတာကျော်အကွာအဝေးထိ ပျံသန်းစစ်ဆင်နိုင်ပြီး ပစ်မှတ်များကို မီတာ ၅၀၀ အကွာအဝေးထိ ရှာဖွေထောက်လှမ်းနိုင်သည်။



အဆိုပါစနစ်သည် Fixed-Wing လေယာဉ်များ၊ Mavic အမျိုးအစား Quadcopters များ၊ First-Person-View (FPV) ဒရုန်းများနှင့် Fiber-Optic ထိန်းချုပ်သည့် ဒရုန်းမော်ဒယ်များအပါအဝင် ခြိမ်းခြောက်မှုပုံစံအမျိုးမျိုးကို ကြားဖြတ်ဖမ်းယူနိုင်ရန် ဒီဇိုင်းရေးဆွဲထားသည်။

ယူကရိန်းနိုင်ငံ Militarnyi သတင်းဌာန၏ဖော်ပြချက်အရ Spider ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းစနစ်ကို နေ့ခင်းဘက်အသုံးပြုနိုင်သည့် ဗားရှင်းနှင့် ညဘက်မြင်ကွင်းစနစ် ပါဝင်သည့် ဗားရှင်းဟူ၍ ဗားရှင်းနှစ်မျိုးဖြင့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ukraine's 'Spider' Chases Drones at 160-kph to Catch Them With a Net ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၂၅၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၂၅၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၃၀၂၂ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၂၅၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပဲတီစိမ်း ၄၃၀၂၂ ဧက လျာထားစိုက်ပျိုးခဲ့ရာမှာ ၂၂၅၅၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ပညာပေးတာတွေ ရှိပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးသလောက်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်း ငါးသလောက် ပိဿာချိန် အများအပြားတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်းက ငါးသလောက်ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်းက ငါးသလောက်ပိဿာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ငါးသလောက် အပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ငါးသလောက် ပိဿာချိန် ၅၆၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ငါးသလောက်တွေ အဝယ် လိုက်နေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောသည်။



အဆိုပါ ငါးသလောက်အသေး တစ်ပိဿာလျှင် ငွေကျပ် ၂၁၅၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀၀ မှ ၂၈၅၀၀၊ အကြီး တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀၀ မှ ၇၅၀၀၀ ထိ အရွယ်အစားအပေါ်မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း၊ အဆိုပါ ငါးသလောက်များ အများအပြား တင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကဝမြို့နယ် နဘဲပင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ကဝ ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နဘဲပင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းအကြောင်းကို မိတ်ဆက်ရှင်းလင်းပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်း လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နဘဲပင်ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်ထံမှ သိရသည်။

အေးမြတ်





# နတ်မောက်မြို့နယ် စိုင်ကောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**နတ်မောက် ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စိုင်ကောင်းကျေးရွာ၌ သတ္တမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ပြန်လည် ထုတ်ချေးပေးခြင်းကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၆ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုင်ကောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၈ ဦးကို ငွေကျပ် ၂၇ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၈ ဒသမ ၆ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၉၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးထံမှ သိရသည်။

ကိုညို


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသထံ ကျမ်းစာအုပ်များ ဆက်ကပ်လှူဒါန်း

မန္တလေး ဩဂုတ် ၂၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာကျေးရွာရှိ ဓမ္မသဟာယ သာသနစင်တာ၌ သီတင်းသုံးတော်မူလျက်ရှိသည့် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသထံ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက်ပိုင်းတွင် သွားရောက်ဖူးမြော်ကြည်ညိုပြီး နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သား၊ သမီး၊ မြေးတစ်စုတို့က လှူဒါန်းသော ဓမ္မစကြာမဟာဋီကာသစ်ကျမ်းကြီး၊ ဗုဒ္ဓဝါဆိုစဉ်အလင်္ကာများစာအုပ်နှင့် သာသနာရေးဝန်ကြီးဌာနက ဆောင်ရွက်ထားရှိသော ကွန်ပျူတာစာစီမှု အဋ္ဌကထာကျမ်းစာအုပ်များကိုဆက်ကပ်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။



ပါမောက္ခချုပ် ဆရာတော်ကြီးက အဋ္ဌကထာ ဋီကာကျမ်းစာအုပ်များကို ပြန်လည်ပုံနှိပ်နိုင်ခြင်းမရှိသည်မှာ နှစ်ပေါင်း အတော်ကြာပြီဖြစ်ကြောင်း၊ ပါဠိတော်များကို အဋ္ဌကထာ၊ ဋီကာအဖွင့်များနှင့် ကြည့်၍ အဓိပ္ပာယ်သိရှိရပါကြောင်း၊ အဋ္ဌကထာဋီကာ အဖွင့်ကိုမကြည့်ဘဲ ပါဠိတော်သက်သက် ဘာသာပြန်လျှင် Interpretation Problem ဖြစ်နိုင်ကြောင်း၊ နောင်တွင် AI tool များဖြင့် ဘာသာပြန်ခြင်း လုပ်ငန်းဆောင်ရွက်လျှင် Leak Version(မူကွဲမူပျက်)များ ထွက်ပေါ်လာနိုင်ပြီး ပျက်စီးနိုင်ပါကြောင်း။

ထို့ကြောင့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစာပေများမပျောက်ပျက်အောင် ထိန်းသိမ်းခြင်းလုပ်ငန်းသည် သာသနာရေးဝန်ကြီးဌာန၏ အဓိကလုပ်ငန်းဖြစ်ပြီး အရေးအကြီးဆုံးဖြစ်သဖြင့် ယခုကဲ့သို့ အဋ္ဌကထာ၊ ဋီကာကျမ်းများကို ဆဋ္ဌမူအတိုင်းပြင်ဆင်ဖြည့်စွက်နုတ်ပယ်ခြင်းမပြုဘဲ နောက်ဆက်တွဲ(Index) ပါ နာနာပါဌ (Different Version)များ၊ အောက်ခြေမှတ်စု(Foot note)များပါ မကျန် ကွန်ပျူတာစာစီမှု ပြန်လည်ပုံနှိပ်ဆောင်ရွက်ခြင်းသည် အလွန်ပြည့်စုံပြီး အင်မတန်ကောင်းမွန်သော အလုပ်ဖြစ်ပါကြောင်း၊ စာပေပျောက်လျှင် လူမျိုးပျောက်နိုင်သဖြင့် စာပေထိန်းသိမ်းရေးကို အဓိကထားကြိုးစားရန် တိုက်တွန်းလိုပါကြောင်း၊ ထေရဝါဒဗုဒ္ဓဘာသာနှင့်ပတ်သက်လျှင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစာပေများကို ထေရဝါဒအတိုင်း ထိန်းသိမ်းထားနိုင်သည့် မြန်မာနိုင်ငံကိုသာ အားကိုးပြုရမည်ဖြစ်ပါကြောင်း စသည်ဖြင့် ဩဝါဒကထာများ မိန့်ကြားချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် လူသုံးကုန်ပစ္စည်းများ လှူဒါန်းပေးအပ်

ပုသိမ် ဩဂုတ် ၂၄

ကုမ္ပဏီများနှင့် ချောင်းသာဟိုတယ်ဇုန်တို့မှ အလှူရှင်များ၊ စေတနာရှင်အလှူရှင်များသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် လူသုံးကုန်ပစ္စည်းများကို ယနေ့နံနက်ပိုင်းတွင် ဟင်္သာတမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဧည့်ရိပ်သာ၌ လာရောက်လှူဒါန်းသည်။

ဦးစွာ ရွှေမဟာစံကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိလူသုံးကုန်ပစ္စည်းများနှင့် အလှူငွေကျပ်သိန်း ၅၀၊ ကဉ္စနကျွန်းသာကုမ္ပဏီလီမိတက်(Gold Delta Co., Ltd) က အလှူငွေကျပ်သိန်း ၁၀၀၀၊ Than Thar ထရေးဒင်းကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိစားအုန်းဆီ ၅၀ ကျပ်သားဘူး ၅၀၀၀၊ ချောင်းသာဟိုတယ်ဇုန်မှ အလှူရှင်များက ငွေကျပ် ၁၈၂ သိန်း ၅ သောင်းတန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများနှင့် အလှူငွေကျပ် ၁၂၆ သိန်း၊ ရေကြည်မြို့နယ် အသုတ်မြို့ ရွှေစပါးမြန်မာကုမ္ပဏီလီမိတက်က ငွေကျပ် ၃၆ သိန်းတန်ဖိုးရှိ မီးစက်သုံးလုံးတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

လှူဒါန်းပွဲအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဟင်္သာတမြို့နယ် ကညင်ငူကျေးရွာအုပ်စု အုတ်ပုံကျေးရွာ ရတနာသီရိပုညကျောင်းတိုက်၌ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံပြီး ရေကျဆင်းပြီးနောက်ပိုင်း ပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး၊ ပြည်သူများ၏ နေထိုင်စားသောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေးတို့အတွက် အားလုံးပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အားပေးစကားပြောကြားကာ ဟင်္သာတခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေး၊ အစာအဆိပ်သင့်မှုမဖြစ်စေရေး၊ မြွေအန္တရာယ်ကာကွယ်ရေးနှင့် တုပ်ကွေးကာကွယ်ဆေးနှင့် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများ ထိုးနှံပေးမည့်အစီအစဉ်များကို အသိပညာပေးဟောပြော၍ ရေဘေးသင့်ပြည်သူများ



အတွက်ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဟင်္သာတမြို့နယ် ကညင်ငူကျေးရွာ၌ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံအားပေးစကား ပြောကြားပြီး ဟင်္သာတခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောကာ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်၍ လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာ ဣန္ဒာသယကျောင်းတိုက်၌ ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ စုဆောင်းထားရှိမှု၊ ရေရှောင်စခန်းများနှင့် ပြည်သူများထံ ဖြန့်ဖြူးပေးမှုနှင့် တိုင်းရင်းဆေးခန်းဖွင့်လှစ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် စစ်ကုန်းကျေးရွာ ကွပ်ကဲရေးရုံး၌ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ တလုတ္တော်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာများနှင့် စားသောက်ဖွယ်ရာများ စုဆောင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ တာတမံနိမ့်ကျနေမှုနေရာတွင် Stand Pipe များရိုက်၍ ကာရံခြင်းလုပ်ငန်းဆောင်ရွက်





နေပြည်တော် ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ဝေန်တာတွင် ဝေန်မြစ်ရေတိုက်စားမှုကြောင့် ဝေန်တာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ တာတမံနိမ့်ကျမှုဖြစ်ပွားပြီး မြစ်ရေစီးကျော်ဝင်သည့်နေရာတွင် Stand Pipe များရိုက်၍ ကာရံခြင်းလုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြစ်ရေစီးကျော် ဝင်သည့်နေရာတွင် Stand Pipeရိုက်၍ ကာရံခြင်းများဆောင်ရွက်နေသည့်လုပ်ငန်းခွင်၌ နိမ့်ကျတာ၏တစ်ဖက်စီမှ နှစ်ဖက်ပြိုင်တူ Stand Pipe များ ဆက်လက်ရိုက်နိုင်ရန်အတွက် စက်၊ ယာဉ်၊ ယန္တရားများဖြစ်သည့် ကရိန်းများ၊ တွန်းသင်္ဘောနှင့် Barge တွဲစသည့်တို့ကို နေရာချထားမှု၊ တာတမံကာရံပိတ်ဆို့ရန်အတွက် ကရိန်းများဖြင့် သဲအိတ်များချခြင်း၊ ရိုက်သွင်းထားပြီးဖြစ်သည့် Stand Pipe များ ပိုမိုခိုင်ခံ့စေရန် H beam 400 mmx400 mm များဖြင့် ကျားကန်၊ ထောက်ကန်၍ အားဖြည့်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ Barge တွဲများပေါ်တွင် Steel Sheet Pile နှင့် Stand Pipe များ Welding တွဲဆက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ၊ Split Barge သောင်တူးသင်္ဘော ရောက်ရှိမှုနှင့် Stand Pipe ရိုက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး Steel Sheet Pile နှင့် Stand

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး



နေပြည်တော် ဩဂုတ် ၂၄

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က အရာထမ်း၊ အမှုထမ်းများအနေဖြင့် ယနေ့အခမ်းအနားမှရရှိလာသည့် အသိအမြင်ဗဟုသုတများကို မှတ်သားလိုက်နာ၍ မိမိမှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းသို့ ပြန်လည်မျှဝေပေးကြရန်၊ အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်သည့် အခြေအနေများကို သတိပြုရှောင်ရှားကြရန်၊ မသမာမှုများ၊ မသင့်လျော်သော အကျိုးခံစားခွင့်များနှင့် အဂတိလိုက်စားမှုဆိုင်ရာအပြုအမူများကိုတွေ့ရှိပါက သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီတာဝန်ရှိသူများ ထံတင်ပြကြရန်နှင့် အဂတိတရားကင်းရှင်းပြီး နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးပြုနိုင်မည့် ဝန်ထမ်းကောင်းများဖြစ်ကြစေရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးမြတ်မွန်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊ ညွှန်ကြားရေးမှူး ဦးဆန်းတင့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဆိုင်ရာများကိုဆွေးနွေးဟောပြောပြီး တက်ရောက်လာသူများက အဂတိလိုက်စားမှုနှင့်ပတ်သက်၍ သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦးသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU)များနှင့်တွေ့ဆုံပြီး တားဆီးကာကွယ်ရေးအဖွဲ့များ လုပ်ငန်းဆောင်ရွက်ရာတွင်ကြုံတွေ့ရသည့် အားသာချက်နှင့် အားနည်းချက်များကို သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကလေး-ဖလမ်း-ဟားခါးလမ်း ဖလမ်းခရိုင်အတွင်းရှိ လမ်းပိုင်းများ ပြုပြင်ပြီးစီးမှု၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုတို့ကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဖလမ်းခရိုင်လမ်းဦးစီးဌာနက ကလေး-ဖလမ်း-ဟားခါးလမ်း ကီလိုမီတာ(၁၂၇-၁၂၈)ကြား တောင်ပြိုမြေစာများကို ယန္တရားကြီးများဖြင့် ဖယ်ရှားပြုပြင်လျက်ရှိပြီး ကလေး-ဖလမ်း-ဟားခါးလမ်း ဖလမ်းခရိုင်အတွင်းရှိ လမ်းပိုင်းများပြုပြင်လျက်ရှိရာ ကလေး-ဖလမ်း-ဟားခါးလမ်း ကီလိုမီတာ(၁၈၂-၁၉၇)ကြား ပျက်စီးနေသည့်လမ်းပိုင်းများကို လမ်းဦးစီးဌာနနှင့်လမ်းအထူးအဖွဲ့(၁၀)ကလည်းကောင်း၊ ကီလိုမီတာ(၁၄၇-၁၅၁)ကြား မြေစာပြိုကျနေမှုများ ဖယ်ရှားခြင်းနှင့် လမ်းပြုပြင်ခြင်းများကို ဖလမ်းခရိုင်လမ်းဦးစီးဌာနကလည်းကောင်း ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ ကလေး-ဖလမ်း-ဟားခါးလမ်းပိုင်းနှင့် ဖလမ်းခရိုင်အတွင်းရှိ လမ်းပိုင်းများပြုပြင်နေမှု၊ ဖလမ်းမြို့တွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ချင်းပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များ၊ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်တိုအိတ်ချိန်း၊ မိုက္ကရိုဝေ့စခန်းရုံး၊ အိမ်ရာ အဆောက်အအုံပြုပြင်နေမှု၊ တပ်မတော်မှ MEC TEL ဆက်သွယ်ရေးလိုင်းတပ်ဆင်ကာ ဒေသခံများကို ဆက်သွယ်ရေးဝန်ဆောင်မှုပေးနေမှု၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၊ စက်ရုံနှင့် ဂိုဒေါင်ပြုပြင်နေမှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ခရိုင်လမ်းဦးစီးရုံး အဆောက်အအုံပြုပြင်နေမှု၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း သင်တန်းသားအိပ်ဆောင်များ ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယနေ့တွင် တီးတိန်မြို့နယ် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ပစ္စည်းဂိုဒေါင်ပြုပြင်ပြီးစီးမှု၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ကျောင်းဆောင်၊ စားရိပ်သာပြုပြင်ခြင်းနှင့် ဝန်ထမ်းအိမ်ရာပြုပြင်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တွန်းဇံမြို့ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးသည် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ၊ မီးသတ်ရေကန်၊ လူငယ်သင်တန်းကျောင်း နည်းပြအိပ်ဆောင် ပြုပြင်ပြီးစီးမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Pipe များရိုက်သွင်းခြင်း လုပ်ငန်းများကို အချိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်နှင့် လုပ်ငန်းများအချိန်တိုအတွင်းပြီးစီးရေး တွန်းအားပေးဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ ဗိုလ်မြတ်ထွန်းတံတားရှိ တောင်တန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး (မြို့ပြ)က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊တံတားကွန်ရက်များ အခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မိုးများသောဒေသဖြစ်သည့်အတွက် မိုးရာသီ၌လမ်းပေါ်ရေများမတင်စေရေးဆောင်ရွက်သွားရန်၊ လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်သွားရန်နှင့် လမ်းဘေးဝဲယာတွင် ချုံနွယ်၊ မြက်ပင်များ ရှင်းလင်းဆောင်ရွက်သွားရန်မှာကြားသည်။

ထို့ပြင် အမှတ်(၃)လမ်းဆုံတိုးလ်ဂိတ်နှင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ၁၁၅ မိုင်(ဖြူး)တိုးလ်ဂိတ် နေပြည်တော်စီလမ်းဆုံတိုးလ်ဂိတ်တို့တွင် လမ်းအသုံးပြုခကောက်ခံနေမှု၊ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေမှု၊ လမ်းအသုံးပြုခကောက်ခံရရှိမှု၊ တိုးလ်ဂိတ်အဆောက်အအုံ၊ CCTV အခန်းတို့ကိုကြည့်ရှုစစ်ဆေးပြီး ကောက်ခံရရှိမှုစာရင်းဇယားများကို မှန်ကန်မှုရှိစေရေး၊ သတ်မှတ်တန်ချိန်များအတိုင်း သွားလာနိုင်ရေး တာဝန်ရှိသူများကိုမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## စစ်တောင်း၊ သောင်ရင်းမြစ်ရေတို့ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၄

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် နှစ်ပေ ၁၁လက်မခန့်ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် နှစ်လက်မခန့်ကျော်လွန်ရောက်ရှိနေပြီး နောက် တစ်ရက်အတွင်း တစ်ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော
လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

# နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ခရီးလမ်း(၇)

ဒီနေ့ဟာဆိုရင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံတွေဆီ နိုင်ငံတော်အဆင့် တရားဝင်ခရီးစဉ် သွားရောက်နေတဲ့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရဲ့ သတ္တမမြောက်နေ့ရက်ကို ရောက်ရှိလာခဲ့ပါပြီ။ ပြီးခဲ့တဲ့ ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်ကနေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဆက်လက်ထွက်ခွာခဲ့ကြတာ ဖြစ်ပါတယ်။ ဩဂုတ် ၁၇ ရက်ကစတင်ပြီး မိုင်ထောင်ချီခရီးရှည်ကြီးကို မနားမနေ ဖြတ်သန်းရင်း နိုင်ငံတော်အတွက် အကျိုးရလဒ်ကောင်းများစွာကို ဆောင်ကြဉ်းပေးနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်၊ ဒူးမား လွှတ်တော်ဒုတိယဥက္ကဋ္ဌ မစ္စတာ ကာရာ - အိုးလ်ရှော်ဘန်နှင့် တာဝန်ရှိသူများက ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (၂၃-၈-၂၀၂၄)

**ကီဇီးလ်မြို့၏ ပထဝီဝင်အလှ**

မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ရောက်ရှိနေတဲ့ ကီဇီးလ်မြို့ဟာ ရုရှားနိုင်ငံတောင်ပိုင်း ဆိုက်ဘေးရီးယားဒေသက တူဗားပြည်နယ်ရဲ့ မြို့တော်ဖြစ်ပါတယ်။ ဒီဒေသက ကုန်းတွင်းပိတ်ဒေသတစ်ခုဖြစ်ပြီး မြေမျက်နှာသွင်ပြင်တွေကလည်း တကယ့်ကိုထူးခြား ဆန်းပြားလှပနေတာကို တွေ့ရပါတယ်။ Sayan တောင်တန်းတွေနဲ့ Altai တောင်တန်းတွေက ဒီဒေသကို ဝန်းရံထားကြပြီး အလယ်ဗဟိုမှာဆိုရင် ကျယ်ပြန့်လှတဲ့ ချိုင့်ဝှမ်းလွင်ပြင်ကြီးတွေ ရှိနေပါတယ်။ အဲဒီဒေသရဲ့ အလယ်ဗဟိုကနေ နာမည်ကြီး Yenisei မြစ်ကြီးက ဖြတ်သန်းစီးဆင်းနေတာဖြစ်ပြီး အဲဒီမြစ်ရေကပဲ ဒေသခံတွေရဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေအတွက် မှီခိုအားထားရာ ဖြစ်စေပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား နေပြည်တော်လေဆိပ်၌ ကျောင်းသား၊ ကျောင်းသူလေးများက ဂုဏ်ပြုပန်းစည်းဖြင့် ကြိုဆိုနှုတ်ဆက်ကြစဉ်။ (၂၃-၈-၂၀၂၄)

**တူဗားတို့၏ ရိုးရာဓလေ့**

ဒီလို သဘာဝအလှတွေပြည့်နေတဲ့ တူဗားဒေသရဲ့ ရာသီဥတုအခြေအနေကတော့ တော်တော်လေး ပြင်းထန်တယ်လို့ ပြောရမှာပါ။ ဆောင်းရာသီဆိုရင် ရေခဲမတတ် အလွန်အမင်း အေးမြနေတတ်ပြီး နွေရာသီဘက်ရောက်လာရင်တော့ နေ့အပူချိန်တွေက အတော်လေး မြင့်မားလာတတ်တဲ့အတွက် ရာသီဥတု အစွန်းရောက်တဲ့ ဒေသတစ်ခုလို့ ဆိုရမှာပါ။ ဒီလိုရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိကြတဲ့ ဒေသခံတွေရဲ့ မွေးမြူရေးလုပ်ငန်းတွေထဲမှာ မြင်းမွေးမြူခြင်းဆိုတာက တူဗားဒေသရဲ့ တကယ့်ကိုတန်ဖိုးရှိတဲ့ ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ခုပါပဲ။ ဒါ့ပြင် မျိုးနွယ်စုတွေရဲ့ ဘာသာစကား၊ ဂီတ၊ ဝတ်စားဆင်ယင်မှုနဲ့ ယုံကြည်မှုတွေကလည်း အလယ်အာရှနဲ့ ဆိုက်ဘေးရီးယားဒေသရဲ့ ယဉ်ကျေးမှုတွေကို လှပစွာ ပေါင်းစပ်ထားတာ တွေ့ရပါတယ်။

**အခုတစ်ခေါက် ခရီးစဉ်အတွင်းမှာ နိုင်ငံတော်သမ္မတကြီးဟာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်၊ ဘယ်လာရုစ်နိုင်ငံ သမ္မတ မစ္စတာအလက်ဇန္ဒားလူကာရှန်ကိုတို့နဲ့ သီးခြားစီတွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်နိုင်ခဲ့ပါတယ်။ ဆွေးနွေးပွဲတွေမှာ အာကာသသိပ္ပံနဲ့ နည်းပညာ၊ စက်မှုလက်မှုနဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွေကို အကျယ်တဝင့် ဆွေးနွေးနိုင်ခဲ့တာတွေ့ရပါတယ်။ ဒါ့ပြင် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ ကျန်းမာရေးနဲ့ ယဉ်ကျေးမှုကဏ္ဍတွေမှာသာမက လျှပ်စစ်စွမ်းအင်နဲ့ ခရီးသွားလာရေးလုပ်ငန်းတွေအထိ အဘက်ဘက်က ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူညီချက်တွေ ရယူနိုင်ခဲ့ . . .**

**အာရှတိုက်၏ အလယ်ဗဟိုချက်မဆီသို့ ရောက်ရှိခြင်း**

ဩဂုတ် ၂၃ ရက် ကီဇီးလ်မြို့ခရီးစဉ်ရဲ့ အစဦးဆုံးအနေနဲ့ နိုင်ငံတော်သမ္မတကြီးနဲ့ အဖွဲ့ဟာ မြစ်ကမ်းနံဘေးမှာရှိတဲ့ အာရှတိုက်ရဲ့ အလယ်ဗဟိုချက်မနေရာဖြစ်တဲ့ The Center of Asia အထိမ်းအမှတ်ကျောက်တိုင်ဆီကို သွားရောက်ခဲ့ကြပါတယ်။ အဲဒီနေရာမှာ တာဝန်ရှိသူတွေက အသေးစိတ် ရှင်းပြကြတာတွေကို သမ္မတကြီးက စိတ်ဝင်တစားနဲ့ မေးမြန်းဆွေးနွေးခဲ့ပါသေးတယ်။

ဒီ The Center of Asia ကျောက်တိုင်ကြီးတည်ရှိတဲ့နေရာလေးက Great Yenisei နဲ့ Little Yenisei ဆိုတဲ့ မြစ်နှစ်စင်းဆုံစည်းရာ Yenisei မြစ်ကမ်းနံဘေးမှာ တည်ရှိနေတာပါ။ တိတိကျကျ ပြောရမယ်ဆိုရင် မြောက်လတ္တီတွဒ် ၅၁ ဒီဂရီ ၄၂ မိနစ် ၄၁ စက္ကန့်နဲ့ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၇ မိနစ် ၃၈ စက္ကန့်မှာ တည်ရှိနေတာဖြစ်ပါတယ်။ အဲဒီနေရာဟာ အာရှတိုက်ရဲ့ ပထဝီဗဟိုချက် အမှန်တကယ်ကျရောက်တဲ့နေရာဖြစ်လို့ အထိမ်းအမှတ်ကျောက်တိုင်ကြီးအဖြစ် တည်ဆောက်ထားခဲ့တာပါ။ အဲဒီလိုသမိုင်းဝင် ပထဝီဝင်အချက်အလက်တွေကြောင့်ပဲ တူဗားပြည်နယ်ရဲ့ အထင်ကရ နေရာတစ်ခုအဖြစ် ရပ်တည်နေတာ ဖြစ်ပါတယ်။

**အမျိုးသားဂီတနှင့် ပြဇာတ်ရုံ**

အဲဒီကနေတစ်ဆင့် နိုင်ငံတော်သမ္မတနဲ့အဖွဲ့ဟာ ကီဇီးလ်မြို့ရဲ့ ဗဟိုချက်မဖြစ်တဲ့ Arat ရင်ပြင်မှာရှိတဲ့ တူဗားပြည်နယ် အမျိုးသားဂီတနဲ့ ပြဇာတ်ရုံ "V.Kok-ool" ဆီကို ဆက်လက်သွားရောက်ခဲ့ပါတယ်။ တူဗားဒေသရဲ့ ယဉ်ကျေးမှုမှာ အထူးခြားဆုံးအချက်ကတော့ သူတို့ရဲ့ ရိုးရာဂီတပဲဖြစ်ပါတယ်။ အဆိုတော်တစ်ဦးတည်းကနေ မြစ်ရေစီးသံ၊ လေတိုက်သံ၊ မြင်းခွာသံစတဲ့ သဘာဝအသံအမျိုးမျိုးကို ကိုယ်ပိုင်အသံတုတွေအနေနဲ့ ဖန်တီးပြီး သီဆိုနိုင်တာက တကယ်ကို အံ့ဩစရာကောင်းတဲ့ အနုပညာလက်ရာတစ်ခုပါပဲ။

တူဗားပြည်နယ် ယဉ်ကျေးမှုအဖွဲ့က ကမ္ဘာကျော် တူဗားရိုးရာ လည်ချောင်းသံနဲ့ သံစဉ်ဖန်တီးသီဆိုရတဲ့ ရိုးရာတေးသီချင်းတွေ၊ ရိုးရာတူရိယာပစ္စည်းတွေနဲ့ တီးမှုတ်ဖျော်ဖြေပြသတာတွေကို ကြည့်ရှုအားပေးခဲ့ကြပါတယ်။ ပြီးတော့ သမ္မတကြီးဟာ "V.Kok-ool" ပြဇာတ်ရုံရဲ့ သမိုင်းမှတ်တမ်းပြခန်းတွေကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ပါတယ်။

တူဗားပြည်နယ် အမျိုးသားဂီတနဲ့ ပြဇာတ်ရုံ "V.Kok-ool" ကို ၁၉၃၆ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပြီး ကီဇီးလ်မြို့ရဲ့ အချက်အချာကျတဲ့ အာရက် ရင်ပြင်မှာ တည်ရှိနေပါတယ်။ တူဗားပြည်နယ်ရဲ့ နာမည်ကျော်ကြားတဲ့ သရုပ်ဆောင်၊ စာရေးဆရာနဲ့ ပြဇာတ်ရေးဆရာ Viktor Shogzhapovich Kok-ool ကို ဂုဏ်ပြုတဲ့အနေနဲ့ အဲဒီလို နာမည်ပေးထားခဲ့တာဖြစ်ပါတယ်။ ဒီပြဇာတ်ရုံကြီးထဲမှာဆိုရင် ကမ္ဘာကျော် တူဗားရိုးရာလည်ချောင်းသံသီချင်းတွေနဲ့ ရိုးရာတူရိယာတွေကိုအသုံးပြုပြီး တူဗားဘာသာစကား၊ ရုရှားဘာသာစကားတွေနဲ့ ကဏ္ဍအလိုက် လှပစွာတင်ဆက်ပြသလေ့ရှိပါတယ်။

**အမျိုးသားပြတိုက်ကြီးထဲက သမိုင်းဝင်ပစ္စည်းများ**

ပြဇာတ်ရုံကနေ အမျိုးသားပြတိုက်ကြီးဆီကို ဆက်လက်ရောက်ရှိခဲ့ကြပါတယ်။ ပြတိုက်အကြီးအကဲနဲ့ တာဝန်ရှိသူတွေက သမ္မတကြီးနဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ရင်းရင်းနှီးနှီး လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြပါတယ်။ ပြတိုက်ထဲမှာဆိုရင် တူဗားပြည်သူ့သမ္မတနိုင်ငံခေတ်က ကိုးကွယ်ခဲ့ကြတဲ့ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်တွေ၊ ရှေးဘိုးဘေးတွေရဲ့ အသုံးအဆောင်ပစ္စည်းတွေနဲ့ လက်ဝတ်ရတနာတွေကို တစ်ခုချင်း စိတ်ဝင်တစားနဲ့ လေ့လာခဲ့ကြပါတယ်။

**ရှေးဟောင်းအမွေအနှစ်များ စုစည်းရာနေရာ**

ပြတိုက်အတွင်း လှည့်လည်တဲ့လမ်းတစ်လျှောက်မှာ ရှေးခေတ်အမဲလိုက်ရာမှာ အသုံးပြုခဲ့တဲ့ လက်နက်ကိရိယာအမျိုးမျိုးကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ တူဗားလူမျိုးတွေရဲ့ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းတွေ၊ ရိုးရာဝတ်စားဆင်ယင်မှုပုံစံတွေကိုပါ အသေးစိတ်ကြည့်ရှုလေ့လာခဲ့ကြပါတယ်။ ရှေးခေတ်တူဗားဒေသမှာ နေထိုင်ခဲ့ကြတဲ့လူတွေရဲ့ အနေအထိုင်ပုံစံသရုပ်ပြခန်းတွေကိုလည်း စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူတွေရဲ့ ရှင်းလင်းတင်ပြချက်တွေကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြပါတယ်။

**ပြတိုက်သမိုင်းကြောင်းနှင့် ပြခန်းများ ဖွဲ့စည်းပုံ**

တူဗားပြည်နယ် အမျိုးသားပြတိုက်ကြီးကို ၁၉၂၉ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တာဖြစ်ပြီး စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှအဆက်

ယခုလက်ရှိ ပြတိုက်တည်နေရာကိုတော့ ၂၀၀၈ ခုနှစ်မှာ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ ဒီပြတိုက်ကြီးက တူဗားလူမျိုးတွေရဲ့ သမိုင်းကြောင်းနဲ့ ယဉ်ကျေးမှုအမွေအနှစ်မှန်သမျှကို စနစ်တကျစုဆောင်းထိန်းသိမ်းပြသထားတဲ့ အဓိကနေရာကြီးတစ်ခုပါပဲ။ တူဗားပြည်သူ့သမ္မတနိုင်ငံခေတ်က ရှားပါးပစ္စည်းတွေ၊ စာရွက်စာတမ်းတွေအပြင် နတ်ကိုးကွယ်မှု၊ ဗုဒ္ဓဘာသာနဲ့ အော်သိုဒေ့ါ ဘာသာရေးပြခန်းတွေ၊ မဟာမျိုးချစ်စစ်ပွဲပြခန်းတွေ အပါအဝင် စုစုပေါင်း ပြခန်းပေါင်း ၂၄ ခန်း ခင်းကျင်းပြသထားတာကို သိရှိရပါတယ်။

**ဘာသာရေးနှင့် ယဉ်ကျေးမှုထွန်းကားရာ**

တူဗားဒေသရဲ့ အလှတရားတစ်ခုကတော့ တိဗက်ဗုဒ္ဓဘာသာ၊ အော်သိုဒေ့ါခရစ်ယာန်ဘာသာနဲ့ ရှာမန်နတ်ကိုးကွယ်မှုတွေအားလုံး အတူယှဉ်တွဲတည်ရှိနေပြီး ယဉ်ကျေးမှုအစဉ်အလာတွေကို ကောင်းမွန်စွာ ထိန်းသိမ်းထားနိုင်တာပါပဲ။ တူဗားမြို့တော် ကီဇီးလ်မြို့မှာဆိုရင် ရုရှားနိုင်ငံရဲ့ အကြီးဆုံး ဗုဒ္ဓဘုရားကျောင်းတော်ကြီး တည်ရှိနေပြီး ဗုဒ္ဓဘာသာတက္ကသိုလ်ကိုလည်း ဖွင့်လှစ်ထားရှိပါတယ်။ မကြာသေးခင်ကမှ စတုတ္ထအကြိမ်မြောက် နိုင်ငံတကာ ဗုဒ္ဓဘာသာဖိုရမ်ကိုလည်း ကျင်းပနိုင်ခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီးက ပုဂ္ဂိုလ်တွေတက်ရောက်ခဲ့ကြတာမို့ ဗုဒ္ဓသာသနာထွန်းကားတဲ့ ဒေသတစ်ခုလည်း ဖြစ်ပါတယ်။

**နှစ်နိုင်ငံ သံတမန်ရေးရာ နောက်ခံသမိုင်းကို ခြုံငုံသုံးသပ်ခြင်း**

မြန်မာနဲ့ ရုရှားနိုင်ငံတို့ရဲ့ သံတမန်ဆက်ဆံရေးသမိုင်းကြောင်းဟာ အလွန်တရာအခြေခံခိုင်မာပြီး ယခုအခါမှာ ပိုမိုမြင့်မားတဲ့ အဆင့်တစ်ခုဆီ ရောက်ရှိလာခဲ့ပါပြီ။ အထူးသဖြင့် မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုတွေကို အရှိန်အဟုန်နဲ့ တိုးမြှင့်ဆောင်ရွက်နေတာဟာ နှစ်နိုင်ငံလုံးအတွက် ကြီးမားတဲ့ အကျိုးကျေးဇူးတွေကို ဖန်တီးပေးနေပါတယ်။ ဒီလို အပြုသဘောဆောင်တဲ့ သံတမန်ရေးရာလှုပ်ရှားမှုတွေက ဒေသတွင်းနဲ့ နိုင်ငံတကာအရေးကိစ္စတွေမှာပါ များစွာ အထောက်အကူပြုစေပါတယ်။

**ခရီးစဉ်အတွင်း ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ရယူနိုင်ခြင်း**

အခုတစ်ခေါက် ခရီးစဉ်အတွင်းမှာ နိုင်ငံတော်သမ္မတကြီးဟာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၊ ဘယ်လာရုစ်နိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့နဲ့ သီးခြားစီတွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်နိုင်ခဲ့ပါတယ်။ ဆွေးနွေးပွဲတွေမှာ အာကာသသိပ္ပံနဲ့ နည်းပညာ၊ စက်မှုလက်မှုနဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွေကို အကျယ်တဝင့် ဆွေးနွေးနိုင်ခဲ့တာတွေ့ရပါတယ်။ ဒါ့ပြင် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ ကျန်းမာရေးနဲ့ ယဉ်ကျေးမှုကဏ္ဍတွေမှာ သာမက လျှပ်စစ်စွမ်းအင်နဲ့ ခရီးသွားလာရေးလုပ်ငန်းတွေအထိ အဘက်ဘက်က ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူညီချက်တွေ ရယူနိုင်ခဲ့ပါတယ်။

**စီးပွားရေးဖိုရမ်များနှင့် နှစ်နိုင်ငံ သဘောတူစာချုပ်များ ချုပ်ဆိုခြင်း**

ခရီးစဉ်ရဲ့ အောင်မြင်မှုတစ်ခုအနေနဲ့ သက်ဆိုင်ရာကဏ္ဍအလိုက် သဘောတူစာချုပ်တွေနဲ့ နားလည်မှုစာချွန်လွှာတွေကို အပြန်အလှန် လက်မှတ်ရေးထိုးလဲလှယ်နိုင်ခဲ့ကြပါတယ်။ နှစ်နိုင်ငံကြား စီးပွားရေးကဏ္ဍ ပိုမိုမြှင့်တင်နိုင်ဖို့အတွက် စီးပွားရေးဖိုရမ်တွေကိုလည်း အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒီလိုလုပ်ဆောင်ချက်တွေက မြန်မာနိုင်ငံနဲ့ ရုရှား၊ ဘယ်လာရုစ်နိုင်ငံတို့ရဲ့ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ပိုပြီးခိုင်မာစေသလို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အလွန်တရာအထောက်အကူဖြစ်စေပါတယ်။

**တူဗားပြည်နယ်မှ ပြန်လည်ထွက်ခွာခြင်း**

ရုရှားနဲ့ ဘယ်လာရုစ်နိုင်ငံတွေဆီ နိုင်ငံတော်အဆင့် တရားဝင်ခရီးစဉ် သွားရောက်ခဲ့တဲ့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ ဩဂုတ် ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲမှာတော့ တူဗားပြည်နယ် ကီဇီးလ်မြို့ကနေ ပြန်လည်ထွက်ခွာလာခဲ့ကြပါတယ်။ ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ ကာရာ-အိုးလ် ရှော်ဘန်နဲ့ အစိုးရအဖွဲ့ တာဝန်ရှိသူတွေက ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ခဲ့ကြပါတယ်။ ဒါ့ပြင် ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမိုးအောင်နဲ့ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးတို့ကလည်း လေဆိပ်မှာနွေးထွေးစွာ လိုက်လံပို့ဆောင်ခဲ့ကြပါတယ်။

**နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိခြင်း**

ခရီးစဉ်တစ်လျှောက် အမိနိုင်ငံတော်အတွက် ကောင်းကျိုးရလဒ်အဖုံဖုံကို ဆောင်ကြဉ်းလာနိုင်တဲ့ နိုင်ငံတော်သမ္မတဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ ညနေပိုင်းမှာ နေပြည်တော်ကို ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။ လေဆိပ်ကိုရောက်တဲ့အခါ ဒုတိယသမ္မတများဖြစ်တဲ့ ဦးညိုစောနဲ့ ဒေါ်နန်းနီနီအေးတို့အပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့အပြင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နဲ့အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးနဲ့ စစ်သံရုံးက တာဝန်ရှိသူတွေပါ အသင့်စောင့်ဆိုင်းနေပြီး နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြပါတယ်။ နှစ်နိုင်ငံကြားက ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုထင်ရှားစေခဲ့တဲ့ အမှတ်လက္ခဏာလည်းဖြစ်ပါတယ်။

**နိုင်ငံအတွက် သမိုင်းဝင်အကျိုးရလဒ်ကောင်းများ ပေါ်ထွန်းလာခြင်း**

အနှစ်ချုပ်ဆိုရရင် နိုင်ငံတော်သမ္မတကြီးရဲ့ ရုရှားနဲ့ ဘယ်လာရုစ်နိုင်ငံခရီးစဉ်ဟာ မြန်မာနိုင်ငံရဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တကယ့်ကို အကျိုးအမြတ်တွေ အများကြီးပေးစွမ်းနိုင်မယ့် သမိုင်းဝင်ခရီးစဉ်တစ်ခု ဖြစ်လာခဲ့ပါပြီ။ ခရီးစဉ်နောက်ဆုံးနေ့က ရုရှားနိုင်ငံရဲ့လှပတဲ့ တူဗားပြည်နယ်ဆီ သွားရောက်လေ့လာခဲ့တာတွေအပြင် ခရီးစဉ်အတွင်း နှစ်နိုင်ငံအကျိုးရှိမယ့် စာချုပ်တွေ ချုပ်ဆိုနိုင်ခဲ့တာက တကယ်ကိုဂုဏ်ယူစရာကောင်းလှပါတယ်။ ယခုခရီးစဉ်က ရရှိခဲ့တဲ့ အကောင်းဆုံးရလဒ်များက မြန်မာနိုင်ငံရဲ့ အနာဂတ် နိုင်ငံတကာဆက်ဆံရေးလမ်းကြောင်းနဲ့ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်တွေမှာ အောင်မြင်မှုအသီးအပွင့်များကို မလွဲမသွေ ဆောင်ကြဉ်းပေးလာနိုင်မည် ဖြစ်ပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုရေးသားလိုက်ရပါတယ်။

**ရဲခေါင်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ် အမျိုးသားပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။ (၂၃-၈-၂၀၂၆)

**ခရီးစဉ်ရဲ့ အောင်မြင်မှုတစ်ခုအနေနဲ့ သက်ဆိုင်ရာကဏ္ဍအလိုက် သဘောတူစာချုပ်တွေနဲ့ နားလည်မှုစာချွန်လွှာတွေကို အပြန်အလှန် လက်မှတ်ရေးထိုးလဲလှယ်နိုင်ခဲ့ကြပါတယ်။ နှစ်နိုင်ငံကြား စီးပွားရေးကဏ္ဍ ပိုမိုမြှင့်တင်နိုင်ဖို့အတွက် စီးပွားရေးဖိုရမ်တွေကိုလည်း အောင်မြင်စွာကျင်းပပေးနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒီလိုလုပ်ဆောင်ချက်တွေက မြန်မာနိုင်ငံနဲ့ ရုရှား၊ ဘယ်လာရုစ်နိုင်ငံတို့ရဲ့ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ပိုပြီးခိုင်မာစေသလို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အလွန်တရာအထောက်အကူဖြစ် . . .**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အာရှတိုက်၏ အလယ်ဗဟိုနေရာဖြစ်သည့် The Center of Asia အထိမ်းအမှတ်ကျောက်တိုင်ကို ကြည့်ရှုလေ့လာစဉ်။ (၂၃-၈-၂၀၂၆)

# အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဆန်နှင့် ဆီ ချီးမြှင့်ပေးအပ်

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုလွှတ်တော်နာယက မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ကိုယ်စား ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဂျဲန်ဖန်နော်တောင်သည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံး ဝန်ထမ်းများကို ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံ၍ အခြေခံစားသောက်ကုန်များ ချီးမြှင့်ပေးအပ်သည်။



တွေ့ဆုံပွဲတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် ခြောက်ချက်၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် ၁၀ ပါ အတိုင်း ကျင့်ကြံနေထိုင်ရန်၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း နိုင်ငံတော်နှင့် ပြည်သူတို့အကျိုးကို ရှေးရှုဆောင်ရွက်ရန် မှာကြားပြီး ပြည်ထောင်စုလွှတ်တော် နာယကကိုယ်စား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးဝန်ထမ်းများအတွက် ဆန်နှင့်ဆီ ချီးမြှင့်ပေးအပ်သည်။

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် လူငယ်တွေ့ဆုံပွဲနှင့် လူငယ်အသိပညာပေးဟောပြောပွဲ ကျင်းပ



စစ်ကိုင်း ဩဂုတ် ၂၄

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီနှင့် စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်တွေ့ဆုံပွဲနှင့် လူငယ်အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ကျင်းပရာ စစ်ကိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိကျော်က လူငယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုခြင်း၊ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက အဖွင့်အမှာစကားပြောကြားခြင်း၊ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်မှတ်တမ်း Video Clip ပြသခြင်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် ဟောပြောဆွေးနွေးချက်များအပေါ် တက္ကသိုလ်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူ လူငယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ပြန်လည်ဖြေကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်းထံ အားကစားပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် ၅/၂၀၂၆
၁၃၈၈ ခုနှစ် ဝါခေါင်လဆန်း ၁၁ ရက်
(၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်)

ပြည်ထောင်စုဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်ခြင်း

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၂ ပုဒ်မခွဲ(က)၊ ပုဒ်မ ၂၁၂ ပုဒ်မခွဲ(က)နှင့် (ခ)တို့အရ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို **ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**အဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားဝါသနာရှင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်များဖြစ်သည့် ဗန်တိုအတိုက် အမျိုးသား(ခ)တန်း ၅၃-၅၇ ကီလိုတန်းပြိုင်ပွဲ၊ ပန်ကြပ်ဆီးလပ် အမျိုးသား ၄၅-၅၀ ကီလိုတန်းပြိုင်ပွဲနှင့် ဓားတစ်လက်အတိုက် အမျိုးသမီး ၄၅-၅၀ ကီလိုတန်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက်ဆုရရှိကြသူများ၊ တစ်ဦးချင်းဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော တောင်ကြီးတပ်နယ် (နယ်မြေ-၁) ကိုယ်စားပြုအသင်းကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ခုနစ်သင်း၊ အမျိုးသမီးအသင်း ခုနစ်သင်းတို့ဖြင့် ဩဂုတ် ၁၇ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရကဖွဲ့စည်းပေးထားသည့် “စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ”အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း၊ ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်–

- (က) ကာကွယ်ရေးဝန်ကြီးဌာန - ၀၆၇၃၄၀၄၆၃၄၊ ၀၆၇၃၄၀၄၆၃၅ ။
- (ခ) စစ်ရေးချုပ်ရုံး - ၀၁၆၃၁၃၄၇ ။
- (ဂ) အလုပ်သမားဝန်ကြီးဌာန - ၀၆၇၃၄၃၀၁၈၁၊ ၀၆၇၃၄၃၀၁၈၂ ။

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“အစိုးရသစ်၏ ပိုမိုခိုင်မာလာသော နိုင်ငံတကာမိတ်ဖက်ဆက်ဆံရေး”** ခေါင်းစဉ်ဖြင့် ၂၆-၈-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂-၉-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“ဓမ္မနဲ့ အဓမ္မကြားမှာ ကြားနေမရှိဆိုပြီး ဒလန်ခေါင်းစဉ်နဲ့ လူမဆန်စွာသတ်ဖြတ်ခဲ့ကြတဲ့ အကြမ်းဖက် NUG ၊ PDF ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။




တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးပြည့်စုံလင်း အိန္ဒိယသမ္မတနိုင်ငံအစိုးရကလှူဒါန်းသည့် ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှတစ်ဆင့် ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

ဦးစွာ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ လှူဒါန်းမှုဆိုင်ရာ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့ရာ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် တပ်မတော်ဆေးတက္ကသိုလ်ပါမောက္ခချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများသည် ပေးအပ်လှူဒါန်းထားသည့် သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြသမှုနှင့် ၎င်းပစ္စည်းများကို အသုံးပြု၍ သင်ကြားရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ယနေ့ အခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံက ပေးအပ်လှူဒါန်းသည့် သင်ထောက်ကူ ပစ္စည်းများအနေဖြင့် ဝမ်းဗိုက်နှင့် အရိုးဆစ်များအတွင်း အပေါက်ငယ်များဖောက်ကာ ကင်မရာဖြင့်ကြည့်၍ ခွဲစိတ်သောစက်ကိရိယာ တစ်စုံ၊ အဆင့်မြင့်သွားတုပုံဖော်စက် တစ်စုံ၊ မျိုးရိုးဗီဇစမ်းသပ်စစ်ဆေးသည့် စက်တစ်စုံ၊ ရောဂါဗေဒခာတ်ခွဲခန်းတွင် အသားစမှန်ပြားများကို ဒစ်ဂျစ်တယ်စနစ်ဖြင့်ကူးယူသော စက်တစ်စုံ၊ ဆေးပညာသင်ကြားရေးဆိုင်ရာ အဆင့်မြင့် အသံနှင့်ကင်မရာစနစ်တစ်စုံ၊ သင်ကြားရေးသုံး မျက်နှာပြင်ကျယ်ကွန်ပျူတာ ဖန်သားပြင်များနှင့် အရည်အသွေးမြင့် ပရိုဂျက်တာများပါဝင်ကြောင်း သိရှိရပြီး ဆေးပညာသင်ကြားရေး၊ သုတေသနနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်းနှင့် အိန္ဒိယနှင့် မြန်မာနှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

❑ မန္တလေး–မတ္တရာရထားလမ်းပိုင်းမှ

ခြောက်ခေါက် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

နေ့အလိုက် ရထားစီးခရီးသည်စီးနင်းမှုအနေဖြင့် စတင်ပြေးဆွဲသည့် ဩဂုတ် ၁၉ ရက်က ခရီးသည် ၄၇၇ ဦး၊ ဩဂုတ် ၂၀ ရက်တွင် ခရီးသည် ၆၄၅ ဦး၊ ဩဂုတ် ၂၁ ရက်တွင် ခရီးသည် ၂၉၂၅ ဦး၊ ဩဂုတ် ၂၂ ရက်တွင် ခရီးသည် ၂၄၁၂ ဦးနှင့် ဩဂုတ် ၂၃ ရက်တွင် ခရီးသည် ၆၉၃၅ ဦးထိ လိုက်ပါစီးနင်းခဲ့သဖြင့် စတင်ပြေးဆွဲခဲ့သည့်အချိန်မှ ယနေ့ထိ ခရီးသည် စုစုပေါင်း ၁၃၃၉၄ ဦး လိုက်ပါစီးနင်းခဲ့သည်။

သူရဲဈေး–တောင်ပြုံး ရထားခရီးစဉ်တွင် သူရဲဈေးဘူတာမှစတင်၍ မ–၄၁ ရထားသည် နံနက် ၇ နာရီတွင်လည်းကောင်း၊ မ–၄၃ ရထားသည် နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ မ–၄၅ ရထားသည် မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း ထွက်ခွာ၍ တောင်ပြုံး–သူရဲဈေး ရထားခရီးစဉ်တွင် တောင်ပြုံးဘူတာမှစတင်၍ မ–၄၂ ရထားသည် နံနက် ၉ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ မ–၄၄ ရထားသည် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ မ–၄၆ ရထားသည် ညနေ ၅ နာရီတွင်လည်းကောင်း ထွက်ခွာပြီး လမ်းခရီးတွင် အိုးဘို၊ မြနန္ဒာ၊ ကပိုင် ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်သည်။ ရထားလက်မှတ်ခအနေဖြင့် မည်သည့်ဘူတာအတွက်မဆို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူ လူထု ရထားဖြင့်ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် အဓိက ရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်–မန္တလေး လမ်းပိုင်း၊ ရန်ကုန်–ပြည်လမ်းပိုင်း၊ ရန်ကုန်–မော်လမြိုင် လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်–ဟင်္သာတ–ကြံခင်း လမ်းပိုင်း၊ ပျဉ်းမနား–တောင်တွင်းကြီး လမ်းပိုင်း၊ ရန်ကုန်–ပြည်–ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား–မိုးညှင်း လမ်းပိုင်း၊ သာစည်–ရွှေညောင် လမ်းပိုင်း၊ လက်ပံတန်း–သာရဝေါ လမ်းပိုင်းစသည့် လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်းနှင့် သူရဲဈေး–တောင်ပြုံး ရထားခရီးစဉ်တွင် ခရီးသည်စီးနင်းမှုထပ်မံများပြားလာပါက ရထားထပ်တိုးပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၄-၈-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁ ~ ၃၆၆၈ | ၅၅၈.၁ ~ ၅၅၈.၇ | ၁၂၅.၆ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၅,၉၁၁,၂၀၈.၅၃ | ၃၁,၄၃၅,၀၃၂.၂၆ | ၆,၃၁၁,၁၂၂.၆၁ | - |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်သည်။ CMP ကဏ္ဍမှ ဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍတို့ကို ရောင်းချပေးခဲ့ပါသည်။

**❍ လေဖိအားနည်းရပ်ဝန်းမှ**

လေဖိအားနည်းရပ်ဝန်း(Low Pressure Area) သည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်၊ ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်၊ ဩရိဿပြည်နယ်မြောက်ပိုင်းတို့ကို စတင်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဂျက်ခမ်းပြည်နယ်နှင့် ဩရိဿပြည်နယ်မြောက်ပိုင်းတို့ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

# မန္တလေးမြို့ပေါ် ခုနစ်မြို့နယ်ရှိ ကျောင်းတိုက်များ၌ ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင်စုစုပေါင်း ၄၉၆၂၁ ပါးအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကုလားပဲ လှူဒါန်းပွဲ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





မန္တလေး ဩဂုတ် ၂၄

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကြီးမှူး၍ ၂၀၂၆ခုနှစ် မန္တလေးမြို့ပေါ် ခုနစ်မြို့နယ်ရှိ ကျောင်းတိုက်များ၌ ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊သာမဏေ၊သီလရှင် စုစုပေါင်း ၄၉၆၂၁ ပါးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကုလားပဲ လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ ရက်၊ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန် (အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီများအနေဖြင့် အစည်းအဝေး ဆုံးဖြတ်ချက်များကို လုပ်ငန်းကဏ္ဍများအလိုက် အဆင်ပြေချောမွေ့စွာဖြင့် အောင်မြင်စွာပြီးစီးရေး အလေးထားကာ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီများအလိုက် တာဝန်ရှိသူများက ဆောင်ရွက်သွားမည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် ဩဂုတ် ၂၄

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) (သာစည်)မှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

လေ့လာရေး သွားရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါတယ်-

“ကျွန်မကတော့ ဇေယျာသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) (သာစည်)ကျောင်းမှ ဒုတိယအလယ်တန်းပြဆရာမ ဒေါ်သူသူစံနိုင်ဖြစ်ပါတယ်။ တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာဖြစ်တာကတော့ ကျောင်းသား၊ ကျောင်းသူတွေ မြန်မာ့တပ်မတော်အကြောင်းကို ထဲထဲဝင်ဝင်သိရှိသွားဖို့ပဲ ဖြစ်ပါတယ်။ စာသင်ခန်းထဲမှာ သင်ကြားရင်ဆိုရင်တော့ စာအထဲမှာပါတဲ့အကြောင်းအရာလောက်ကိုပဲ ကလေးတွေကသိရှိပြီး အခုလိုလက်တွေ့မှာ လာပြီးကြည့်ရတဲ့အတွက် ကလေးတွေအတွက်လဲ အသိပညာဗဟုသုတတွေ ပိုပြီးတော့ ကြွယ်ဝ မယ်လို့ ထင်မိပါတယ်ရှင်။ တပ်မတော် စစ်သမိုင်းပြတိုက်ထဲမှာ တာဝန်ယူရှင်းပြပေးတဲ့ တာဝန်ရှိသူတွေအားလုံးကိုလဲ ကျေးဇူးတင်ပါတယ်ရှင်”ဟု ပြောသည်။

“ကျွန်တော်ကတော့ ဇေယျာသီရိမြို့နယ် သာစည်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) Grade-9 မှာ ပညာသင်ကြားနေတဲ့ ကျောင်းသားဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခုလို တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်




လေ့လာခွင့်ရတဲ့အတွက် ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲဝမ်းသာမိပါတယ်။ အခုလို တပ်မတော် စစ်သမိုင်းပြတိုက်မှာ တပ်မတော်ရဲ့ သမိုင်းကြောင်းတွေကို လေ့လာခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ တပ်မတော်စစ်သမိုင်းပြတိုက်မှာ ကျွန်တော်စိတ်ဝင်စားဆုံးနေရာကတော့ တပ်မတော်စစ်အင်ဂျင်နီယာပြခန်းပဲဖြစ်ပါတယ်။ ကျွန်တော်မသိတဲ့အကြောင်းအရာတွေ တွေ့ရှိခဲ့တာ အများကြီးပါပဲ။ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းတွေ၊ စစ်လက်နက်ပစ္စည်းတွေကို သိခဲ့ရပါ



တယ်။ အခုလိုလေ့လာရေးခရီးစဉ် စီစဉ်ပေးတဲ့ တာဝန်ရှိလူကြီးများကို ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။ (၅၀၁)

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

## နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။





အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ရှေ့ဖုံးမှအဆက်

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ရှာဖွေကူညီ ကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။



အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ လူမှုကူညီရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ရေဝင်ရောက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ်။

ထို့ပြင် ဝေန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် (Geobags) သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝေန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

## ❖ ပိုက်ကျော်ခြင်းပြိုင်ပွဲမှ

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ယနေ့တွင် အုပ်စုပတ်လည်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အမျိုးသား နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီးနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကိုနှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၂၅ ရက်(ယနေ့)တွင် အမျိုးသား နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ၊ အမျိုးသမီး နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲအုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

- (က) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းရေး ဗဟိုအဖွဲ့ ဌက္ကဌရုံး (နေပြည်တော်)
  - (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁
- (ခ) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  - (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂
- (ဂ) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းရေးအဖွဲ့ (ကချင်ပြည်နယ်)
  - (၁) ၀၉-၃၄၉၀၃၅၅၃၄
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄
- (ဃ) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းရေးအဖွဲ့ (ကယားပြည်နယ်)
  - (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈
- (င) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းရေးအဖွဲ့ (ကရင်ပြည်နယ်)
  - (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀
- (စ) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းရေးအဖွဲ့ (ချင်းပြည်နယ်)
  - (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၈၉၀၉၃၇၅၇၄
- (ဆ) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  - (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁
- (ဇ) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  - (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
- (ဈ) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  - (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
- (ည) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  - (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
- (ဋ) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  - (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
- (ဌ) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းရေးအဖွဲ့ (မွန်ပြည်နယ်)
  - (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
- (ဍ) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  - (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
- (ဎ) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  - (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
- (ဏ) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းရေးအဖွဲ့ (ရှမ်းပြည်နယ်)
  - (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
- (တ) ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)
  - (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းရေးဗဟိုအဖွဲ့**

# လုပ်ငန်းဆောင်ရွက်မှုတွေ ပိုမိုထိရောက်လာစေဖို့၊ အချိန်နဲ့တစ်ပြေးညီ Data အသုံးချနိုင်ဖို့နဲ့ Digital Business Solutions တွေ ဖန်တီးနိုင်ဖို့ 5G က အထောက်အကူပြုနိုင်ပါတယ်

ဦးသန်းလှိုင် (အင်ဂျင်နီယာချုပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)

နိုင်ငံတော်၏ ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံ၏ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးကို အထောက်အကူပြုနိုင်စေရန်နှင့် ပြည်သူများ အရည်အသွေးပြည့်မီသော အဆင့်မြင့်ဆက်သွယ်ရေးဝန်ဆောင်မှုများ ရယူအသုံးပြုနိုင်ရန်ရည်ရွယ်ပြီး မြန်မာ့ဆက်သွယ်ရေးကဏ္ဍတွင် 5G နည်းပညာဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

ထိုသို့ 5G နည်းပညာဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့်စပ်လျဉ်း၍ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်-




ဦးသန်းလှိုင်
အင်ဂျင်နီယာချုပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

**မေး။ ။** MPT အနေနဲ့ 5G ကွန်ရက်နဲ့ ဝန်ဆောင်မှုတွေကို ဘယ်လို ဆက်လက်ဖော်ဆောင်သွားဖို့ စီစဉ်ထားပါသလဲ။ ပြည်သူတွေအတွက် ပိုမိုကောင်းမွန်တဲ့ 5G အတွေ့အကြုံရရှိစေဖို့ ဘယ်လိုအချက်တွေကို အဓိကထားဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။

ဖြေ။ ။ MPT အနေနဲ့ သုံးစွဲသူတွေရဲ့ လိုအပ်ချက်၊ ကွန်ရက်/နည်းပညာအဆင်သင့်ဖြစ်မှုနဲ့ ဒီဂျစ်တယ်နည်းပညာဖွံ့ဖြိုးမှုတွေကိုအခြေခံပြီး 5G နည်းပညာကို အဆင့်လိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတစ်ဝန်းက သုံးစွဲသူတွေအတွက် ပိုမိုကောင်းမွန်တဲ့ချိတ်ဆက်မှုနဲ့ ဒီဂျစ်တယ်အတွေ့အကြုံတွေရရှိစေဖို့အပြင် စီးပွားရေးလုပ်ငန်းတွေနဲ့ အဖွဲ့အစည်းတွေအတွက်လည်း 5G ရဲ့အားသာချက်တွေကို အသုံးချနိုင်မယ့်အခွင့်အလမ်းတွေပေးအပ်နိုင်ဖို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် MPT အနေနဲ့ 5G ကွန်ရက်ရရှိဖို့ လိုအပ်တဲ့ အဆင့်ဆင့်သော ဆောင်ရွက်မှုတွေကို ပြုလုပ်နေပါတယ်။

**မေး။ ။** 5G နည်းပညာက ပြည်သူတွေအတွက်သာမက စီးပွားရေးလုပ်ငန်းတွေအတွက်လည်း အခွင့်အလမ်းသစ်တွေ ဖန်တီးပေးနိုင်တယ်လို့ သိရပါတယ်။ စီးပွားရေးလုပ်ငန်းတွေ၊ SME တွေနဲ့ အခြားလုပ်ငန်းကဏ္ဍတွေအတွက် 5G က ဘယ်လိုအထောက်အကူပြုတယ်ဆိုတာလည်း ဖြေကြားပေးပါ။

ဖြေ။ ။ 5G ဟာ သုံးစွဲသူတစ်ဦးချင်းစီအတွက်သာမက Business Transformation အတွက်လည်း အရေးပါတဲ့နည်းပညာတစ်ခု ဖြစ်လာနိုင်ပါတယ်။ အထူးသဖြင့် IoT၊ Smart Operations၊ Cloud Services၊ Remote Monitoring နဲ့ Real-time Data Applications တွေမှာ 5G ကို အသုံးချနိုင်တဲ့ အခွင့်အလမ်းတွေရှိပါတယ်။ ဒါကြောင့် လုပ်ငန်းဆောင်ရွက်မှုတွေ ပိုမိုထိရောက်လာစေဖို့၊ အချိန်နဲ့တစ်ပြေးညီ Data အသုံးချနိုင်ဖို့နဲ့ Digital Business Solutions တွေ ဖန်တီးနိုင်ဖို့ 5G က အထောက်အကူပြုနိုင်ပါတယ်။



ဒေါ်ခင်နုယဉ်ထွန်း
Senior Vice President,
Head of Corporate Communications & Sponsorship
ATOM Myanmar Limited

**မေး။ ။** 5G သုံးဖို့ဆိုရင် SIM Card အသစ်လဲဖို့ လိုအပ်ပါသလား၊ 5G Support ဖြစ်တဲ့ Handset တွေမှာပဲ သုံးလို့ရမှာလားဆိုတာ သိပါရစေ။

ဖြေ။ ။ 5G ကွန်ရက်အသုံးပြုဖို့ဆိုရင် 5G Support ဖြစ်တဲ့ smart phone/ device တွေလိုအပ်ပါမယ်။ SIM Card အပိုင်းမှာတော့ သုံးစွဲသူတွေအဆင်ပြေအောင် နဂို SIM Card နဲ့ပဲ ဆက်အသုံးပြုနိုင်ဖို့ အက်တမ် (ATOM) အနေနဲ့ နည်းပညာပိုင်းအရ စီစဉ်ထားပါတယ်။

**မေး။ ။** အက်တမ် (ATOM) အနေနဲ့ 5G ကွန်ရက် မိတ်ဆက်ပြီးသွားတဲ့အချိန်မှာ ဘယ်လိုမျိုးအခန်းကဏ္ဍ၊ နယ်ပယ်တွေမှာ ပံ့ပိုးကူညီမှုတွေ ဆက်လက်လုပ်ဆောင်သွားဖို့ရှိပါသလဲ။

ဖြေ။ ။ အက်တမ်(ATOM) အနေနဲ့ 5G ကွန်ရက်ကို ဆက်သွယ်ရေးကွန်ရက်တစ်ခုဆိုတာထက် မြန်မာနိုင်ငံရဲ့ ဒီဂျစ်တယ်အနာဂတ်ကို ပိုမိုတိုးတက်လာစေဖို့ အထောက်အကူပြုနိုင်တဲ့ အဓိကအခြေခံအဆောက်အအုံတစ်ခုအဖြစ် ဖန်တီးတည်ဆောက်နေပါတယ်။ ATOM အနေနဲ့လည်း 5G နဲ့ပတ်သက်တဲ့ Awareness/ Knowledge Sharing Sessions/ 5G ရဲ့ အကျိုးကျေးဇူးတွေကို ပြည်သူတွေအတွက် အသိပညာပေး အစီအစဉ်တွေကတစ်ဆင့် ဆောင်ရွက်ပေးသွားဖို့လည်း ရှိပါတယ်။ အဓိကအနေနဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဖျော်ဖြေရေး၊ ဒီဂျစ်တယ်ဝန်ဆောင်မှုများ အစရှိတဲ့ နယ်ပယ်တွေမှာ နည်းပညာအသုံးချနိုင်မှုတွေ ပိုမိုအားကောင်းလာစေဖို့ ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။



ဒေါ်ယဉ်သူသူအောင်
Corporate Communications Senior Manager၊ U9 Myanmar

**မေး။ ။** မြန်မာနိုင်ငံမှာ 5G က အမှန်တကယ် အသုံးဝင်လာဖို့ ဘာတွေလိုအပ်ပါသလဲ။

ဖြေ။ ။ 5G ကို အမှန်တကယ်အကျိုးရှိရှိ အသုံးချနိုင်ဖို့အတွက် 5G အသုံးပြုနိုင်တဲ့ ဖုန်းတွေ လုံလောက်စွာရရှိနိုင်ဖို့၊ သုံးစွဲသူတွေအတွက် သင့်တင့်တဲ့ဈေးနှုန်းနဲ့ ဝန်ဆောင်မှုတွေရရှိနိုင်ဖို့၊ 5G ရဲ့ စွမ်းဆောင်ရည်တွေကို အမှန်တကယ်အသုံးချနိုင်တဲ့ ဝန်ဆောင်မှုတွေနဲ့ Application တွေရှိလာဖို့ လိုအပ်ပါတယ်။ U9 အနေနဲ့ 5G ကို အင်တာနက်ပိုမြန်ရုံအတွက်သာမဟုတ်ဘဲ သုံးစွဲသူတွေ၊ စီးပွားရေးလုပ်ငန်းတွေနဲ့ လူမှုအသိုင်းအဝိုင်းတွေအတွက် အတွေ့အကြုံအသစ်တွေနဲ့ အခွင့်အလမ်းအသစ်တွေ ဖန်တီးပေးနိုင်မယ့် နည်းပညာတစ်ခုအနေနဲ့မြင်ပါတယ်။ ဒါကြောင့် U9 ရဲ့ အနာဂတ် 5G Rollout မှာ Home Broadband နဲ့ Business Connectivity လို နယ်ပယ်တွေမှာ 5G က Value Added လုပ်ပေးနိုင်မယ့် အခွင့်အလမ်းတွေကိုလည်း ထည့်သွင်းစဉ်းစားနေပါတယ်။

**မေး။ ။** 5G Spectrum နဲ့ပတ်သက်ပြီး U9 က ဝန်ကြီးဌာနနဲ့ ဘယ်လို ပူးပေါင်းဆောင်ရွက်နေပါသလဲ။

ဖြေ။ ။ U9 အနေနဲ့ Network ပိုမိုကောင်းမွန်တိုးတက်ရေးနဲ့ သက်ဆိုင်တဲ့ Spectrum အပါအဝင် တခြားကိစ္စရပ်တွေနဲ့ပတ်သက်ပြီး PTD အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ဆက်လက်ဆွေးနွေး ပူးပေါင်းဆောင်ရွက်နေပါတယ်။ သက်ဆိုင်ရာလုပ်ငန်းစဉ်တွေ ပြီးစီးပြီး အသေးစိတ်အချက်အလက်တွေကို တရားဝင်ထုတ်ပြန်နိုင်တဲ့အချိန်မှာ U9 ရဲ့ 5G Plan နဲ့ပတ်သက်တဲ့ အချက်အလက်တွေကို ဆက်လက်မျှဝေပေးသွားမှာဖြစ်ပါတယ်။

5G ဖွံ့ဖြိုးတိုးတက်ရေးနဲ့ မြန်မာနိုင်ငံရဲ့ ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို အထောက်အကူပြုဖို့ ဝန်ကြီးဌာနရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေကို U9 အနေနဲ့ အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ U9 ဟာ မြန်မာနိုင်ငံရဲ့ မိုဘိုင်းနည်းပညာဖွံ့ဖြိုးတိုးတက်မှုခရီးစဉ်မှာ အစကတည်းကပါဝင်လာခဲ့ပြီး 5G ကလည်း U9 ရဲ့ နောက်ထပ်တစ်ဆင့် ဆက်လက်လျှောက်လှမ်းမယ့် ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ လက်ရှိသုံးစွဲသူတွေအတွက် Network အတွေ့အကြုံကို ဆက်လက်ကောင်းမွန်အောင်လုပ်ဆောင်ရင်း 5G အတွက်လည်း ပြင်ဆင်နေတာဖြစ်ပါတယ်။




ဒေါ်ခင်သူဇာကျော်
Head of Regulatory၊
Telecom International Myanmar Co.,Ltd (Mytel)

**မေး။ ။** မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ 5G ဝန်ဆောင်မှုတွေကို ဖြန့်ကြက်တပ်ဆင်ဖို့ Mytel ရဲ့ အစီအစဉ်တွေကို သိပါရစေ။

ဖြေ။ ။ Mytel အနေနဲ့ သုံးစွဲသူပြည်သူတွေရဲ့လိုအပ်ချက်၊ ကွန်ရက်အဆင်သင့်ဖြစ်မှု၊ လိုင်းနှုန်းစဉ်ရရှိနိုင်မှုနဲ့ အခြေခံအဆောက်အအုံ အခြေအနေတွေအပေါ်မူတည်ပြီး မြန်မာနိုင်ငံတစ်ဝန်း 5G ကွန်ရက်ကို အဆင့်ဆင့်တိုးချဲ့သွားဖို့စီစဉ်ထားပါတယ်။ ဦးစွာပထမ တစ်နိုင်ငံလုံး ကွန်ရက်မချဲ့ထွင်မီ အဓိကမြို့ကြီးတွေဖြစ်တဲ့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနဲ့ သုံးစွဲမှုလိုအပ်ချက်မြင့်မားတဲ့နေရာတွေကို ဦးစားပေး ဆောင်ရွက်သွားမှာဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ချဲ့ထွင်သွားမှာဖြစ်ပါတယ်။ Mytel ရဲ့ ရည်မှန်းချက်ကတော့ ရေရှည်တည်တံ့ပြီး ထိရောက်မှုရှိတဲ့ ကွန်ရက်ရင်းနှီးမြှုပ်နှံမှုသာမက အစိုးရဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေနဲ့ သုံးစွဲသူပြည်သူတွေထံ ယုံကြည်စိတ်ချရပြီး အရည်အသွေးမြင့်မားတဲ့ 5G အတွေ့အကြုံကို ပေးအပ်လိုပါတယ်။

**မေး။ ။** လက်ရှိ 4G ဝန်ဆောင်မှုတွေနဲ့နှိုင်းယှဉ်ရင် Mytel ရဲ့ 5G ဝန်ဆောင်မှုကနေ သုံးစွဲသူတွေ ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိနိုင်တယ်ဆိုတာ သိပါရစေ။

ဖြေ။ ။ 5G ဟာ ဆိုရင် 4G ထက် သိသာမြန်ဆန်တဲ့ ဒေတာအမြန်နှုန်း၊ ပိုမိုလျင်မြန်တဲ့တုံ့ပြန်မှု (lower latency)နဲ့ ပိုမိုကြီးမားတဲ့ ကွန်ရက်စွမ်းရည်တို့ကို ဆောင်ကြဉ်းပေးမှာဖြစ်ပါတယ်။ 5G ရဲ့ အားသာချက်တွေကတော့ ရုပ်ထွက်ပိုမိုကောင်းမွန် ကြည်လင်ပြတ်သားတဲ့ ဗီဒီယိုတွေကို ထစ်ငေါ့ခြင်းမရှိဘဲ ကြည့်ရှုနိုင်ခြင်း (HD video streaming)၊ အွန်လိုင်းဂိမ်းဆော့ရာမှာ ပိုမိုကောင်းမွန်မြန်ဆန်လာစေခြင်း၊ online အစည်းအဝေးတွေ ရုပ်သံပိုမိုကြည်လင်ပြတ်သားခြင်း၊ cloud ဝန်ဆောင်မှုတွေနဲ့ တခြားသော ဒေတာအမြောက်အမြားအသုံးပြုရတဲ့ လုပ်ဆောင်ချက်တွေမှာ ပိုမိုချောမွေ့မြန်ဆန်တဲ့ အတွေ့အကြုံကို ရရှိစေမှာဖြစ်ပါတယ်။ ဒ့ါအပြင် ပိုအရေးကြီးတဲ့အချက်အနေနဲ့ 5G က ပိုမိုမြန်ဆန်ပြီး ချက်ချင်းတုံ့ပြန်မှုရှိတဲ့ ချိတ်ဆက်မှုလိုအပ်တဲ့ ဒီဂျစ်တယ်ဝန်ဆောင်မှုတွေနဲ့ အက်ပလီကေးရှင်းအသစ်တွေအတွက် အခြေခံအုတ်မြစ်တစ်ခုကို ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။

ဂျေမီ

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသော ပြိုင်ပွဲအဆင့်နှင့် ဘာသာရပ်များ

၁။ **ယှဉ်ပြိုင်ရန်လျာထားသောပြိုင်ပွဲအဆင့်**
(က) ဝါသနာရှင်(ပထမတန်း)အဆင့်
(ခ) ဝါသနာရှင်(ဒုတိယတန်း)အဆင့်
(ဂ) အဆင့်မြင့်ပညာအဆင့်
(ဃ) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်
(င) အခြေခံပညာ(အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)အဆင့်

၂။ **ယှဉ်ပြိုင်ရန်လျာထားသော ဘာသာရပ်များ**
(က) **အဆိုပြိုင်ပွဲ**
(၁) မဟာဂီတ (အဆင့်အားလုံး)
(၂) ခေတ်ဟောင်းတေး/ကာလပေါ် (အဆင့်အားလုံး)
(၃) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲ{ဝါသနာရှင်(ဒုတိယတန်း) အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ(အသက်၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်}(အမျိုးသား၊ အမျိုးသမီး)

(ခ) **အကပြိုင်ပွဲ**
(၁) အကပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး)(အဆင့်အားလုံး)
(၂) မြန်မာအကအခြေခံကဗျာလွတ်အက (ပထမအဆင့်) (အမျိုးသမီး) ၁၆ ဦး ယိမ်းအကပြိုင်ပွဲ (အခြေခံပညာ အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်းအဆင့်)
(၃) တိုင်းရင်းသားရိုးရာအက/ကျေးလက်ရိုးရာအကပြိုင်ပွဲ (တစ်ဖွဲ့လျှင် ၁၆ ဦး၊ ကြာမြင့်ချိန်အနည်းဆုံး ၅ မိနစ်မှ ၁၀ မိနစ်ထက်မပိုသော တေးသီချင်းဖြင့် ယှဉ်ပြိုင်ရန်)
(၄) ရုပ်သေးကြိုးဆွဲပြိုင်ပွဲ {ဝါသနာရှင်(ဒုတိယတန်း)အဆင့်} (မင်းသား၊ မင်းသမီး)
(၅) ကချင်ပြည်နယ်ရှိတိုင်းရင်းသားတို့၏ရိုးရာအကပြိုင်ပွဲ၊ ၁၆ – ဦး
(၆) ဇာတ်တော်ကြီးပြိုင်ပွဲ၊ ဝါသနာရှင်(ပထမတန်း)အဆင့် ဝိဓူရဇာတ်တော်ကြီး (ပြိုင်ပွဲဝင်ရန်သတ်မှတ်ချိန်မှာ ၃ နာရီဖြစ်ပြီး ပြိုင်ပွဲဝင်အင်အားမှာ တစ်ဖွဲ့လျှင် ဆိုင်ဝိုင်းပြောနှင့် အခြားပညာရှင် ၃၀ ဦး၊ ဆိုင်း ၇ ဦး စုစုပေါင်း ၃၇ ဦး ယှဉ်ပြိုင်ရန်)
(၇) ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ၊ ဝါသနာရှင်(ပထမတန်း) အဆင့် သုဝဏ္ဏသာမ ဇာတ်တော်ကြီး (ပြိုင်ပွဲဝင်ရန် သတ်မှတ်ချိန်မှာ ၁ နာရီ ၃၀ မိနစ်ဖြစ်ပြီး ပြိုင်ပွဲဝင် အင်အားမှာ တစ်ဖွဲ့လျှင် ကြိုးဆွဲနှင့်ဆိုင်ဝိုင်းပြောပညာရှင် ၁၃ ဦး၊ ဆိုင်း ၇ ဦး စုစုပေါင်း ၂၀ ဦး ယှဉ်ပြိုင်ရန်)
(၈) ကွက်စိပ်ပြိုင်ပွဲ
– ဝါသနာရှင်(ပထမတန်း)အဆင့်(ရက္ခဓမ္မဇာတ်)
– ဝါသနာရှင်(ဒုတိယတန်းအဆင့်(သမ္မောဒမာနဇာတ်)

(ဂ) **အရေးပြိုင်ပွဲ**
(၁) ဝါသနာရှင်(ပထမတန်း)အဆင့်
(၂) ဝါသနာရှင်(ဒုတိယတန်း)အဆင့်
(၃) အဆင့်မြင့်ပညာအဆင့်
(၄) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀နှစ်အတွင်း) အဆင့်

(ဃ) **အတီးပြိုင်ပွဲ**
(၁) စောင်း – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၂) စန္ဒရား – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၃) ပတ္တလား – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၄) တယော – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၅) မယ်ဒလင် – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၆) ဂီတာ – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၇) ဒုံမင်း – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၈) ဆိုင်း တစ်ဦးချင်း – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၉) ဆိုင်းဝိုင်းကြီး အဖွဲ့လိုက် – အဖွဲ့လိုက်(အမျိုးသား – ၈ ဦး၊ အမျိုးသမီး – ၈ ဦး)
(၁၀) နှဲ – တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)
(၁၁) ပလွေ – တစ်ဦးချင်း(အမျိုးသား၊အမျိုးသမီး)
(၁၂) အိုးစည် – အဖွဲ့လိုက်(အမျိုးသား – ၅ ဦး)
(၁၃) ဒိုးပတ် – အဖွဲ့လိုက်(အမျိုးသား – ၆ ဦး)

မှတ်ချက်။ အိုးစည်ပြိုင်ပွဲနှင့် ဒိုးပတ်ပြိုင်ပွဲများတွင် ဝါသနာရှင် (ပထမတန်း)၊ ဝါသနာရှင်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာ (အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်တို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကျန် အတီးပြိုင်ပွဲများတွင် အဆင့်အားလုံးယှဉ်ပြိုင်ရန်)

# ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ

### "မဟာဂီတ"

၁။ **ဝါသနာရှင် (ပထမတန်း) အမျိုးသား၊ အမျိုးသမီး**
(က) စုံသာမြိုင်လယ် (သီချင်းခံ)
(ခ) မှိုင်းပြာမှုန်ဝေ (ပတ်ပျိုး)
(ဂ) မြိုင်ဟောဝန် (ပတ်ပျိုး)
(ဃ) ရွှေပန်းပန်အစချီ ကိုယ်တော်နှင်းနံ့လေး ထွေသံကပ်(မြင်းခင်း)မြန်ခန်းကျွန်းတွင်း (ကြိုး)
(င) ကြို့ညိုစုံရာ (ယိုးဒယား)
(စ) ခြည်ပန်းထောင်ကွန့် စက်နေရုံ (ဘွဲ့)
(ဆ) အာကာယံထဲ (ပတ်ပျိုး)
(ဇ) သောင်းကျေးဒီပါဗွေ (မွန်)

၂။ **ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား၊ အမျိုးသမီး**
(က) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ခ) မဏိကဥ္စနာ (ပတ်ပျိုး)
(ဂ) ဖြူပြာမူရာ (ပတ်ပျိုး)
(ဃ) မြန်သပြေညာ (ယိုးဒယား)
(င) ကောင်းချီးသခ်ါ (မွန်)

၃။ **အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) လွမ်းခြင်းအစချီ ဟောမာန်ပွေဟန် (ပတ်ပျိုး)
(ခ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(ဂ) ရွှေပင်ရွှေဘုန်း (ကြိုး)
(ဃ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)

၄။ **အခြေခံပညာအဆင့် (၁၅–၂၀) (အမျိုးသား၊ အမျိုးသမီး)**
(က) ကြောက်ဖွယ့်ဘုန်းတန်း (ကြိုး)
(ခ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
(ဂ) မာရဝိဇယ (ဘွဲ့)
(ဃ) လေပြည်ဆော်သွင်းမြူး (ယိုးဒယား)

၅။ **အခြေခံပညာအဆင့် (၁၀–၁၅) (အမျိုးသား၊ အမျိုးသမီး)**
(က) သည်ဆောင်းဟေမာန် (ဘွဲ့)
(ခ) မြိုင်ခြေတစ်ခွင် (ပတ်ပျိုး)
(ဂ) တောဟောဝန်လယ် (ယိုးဒယား)
(ဃ) ပြောင်ပြောင်နာဂိန် (ကြိုး)

### "ခေတ်ဟောင်းတေး / ကာလပေါ်တေး"

၁။ **ဝါသနာရှင် (ပထမတန်း) အမျိုးသား**
(က) မြဘယက် (ဥဩဘသောင်)
(ခ) တောင်သမန် (နန်းတော်ရှေ့ဆရာတင်)
(ဂ) စွဲမက်ပါတဲ့အာရုံ (ဥဩဘသောင်)
(ဃ) ညီတော်မင်းနန် (ဝင်းဦး)
(င) ရုပ်ကြီးသူ (ဦးသိန်းကြွယ်)
(စ) ရွှေတိဂုံသမိုင်း (ဒေါ်ကြည်အောင်)
(ဆ) ဘုံဓမ္မတာ (ဥဩဘသောင်)
(ဇ) မင်္ဂလာတော် (ဥဩဘသောင်)
(ဈ) ကျောင်းတော်ရာ (ပြည်ဘရှင်)
(ည) သရက်ပင်အိုး၏သံဝေဂ (ကိုမင်းနောင်)

၂။ **ဝါသနာရှင် (ပထမတန်း) အမျိုးသမီး**
(က) တောင်သူပျို (ဒေါ်ကြည်အောင်)
(ခ) မဟာတြိရတန (ရီရီသန့်)
(ဂ) စာဆိုခံ "လ"လုံး (မာမာအေး)
(ဃ) အလှူ့အစ်မ (မာမာအေး)
(င) မေတ္တာဝေသံဆန်း (ဝင်းဦး)
(စ) စည်တော်ကြီး (မာမာအေး)
(ဆ) သုံးရွှေ့လယ် (ဒေါ်ကြည်အောင်)
(ဇ) ပြိုင်ပွဲကြီး (ထား)
(ဈ) ဂီတအခြေခံ (အဖွဲ့)
(ည) ဓာတ်တော်ဝေခန်း (ဒေါ်ကြည်အောင်)

၃။ **ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား**
(က) တပေါင်းသာခေါင် (ကိုတင်အောင်သန်း)
(ခ) မာန် (ဂီတလုလင်မောင်ကိုကို)
(ဂ) ဂျင်မလေးဂျမ်း (ကိုမင်းနောင်)
(ဃ) စွယ်တော်ခိုးခန်း (ဒေါ်ကြည်အောင်)
(င) ဖန်တီးသူတို့အပြုံးများ (ဂီတလုလင်မောင်ကိုကို)
(စ) မဟာဇနက္က (ခင်မောင်ရင်)

၄။ **ဝါသနာရှင် (ဒုတိယတန်း) အမျိုးသမီး**
(က) အာရောဂျံ (ဒေါ်ကြည်အောင်)
(ခ) နားလည်ပေးပါ (ထား)
(ဂ) ဝန္ဒိမိတ် (စိန်ပါတီ)
(ဃ) ဂီတဥ္စလီ (သင်းသင်းမြတ်)
(င) ဓမ္မစကြာ (ဒေါ်ကြည်အောင်)
(စ) ကထိန်သင်္ကန်း (စိန်ပါတီ)

၅။ **အဆင့်မြင့် (အမျိုးသား)**
(က) ဖြောသံ (ဥက္ကလာမောင်)
(ခ) စိမ်းလဲ့ညို (မောင်မောင်ကြီး)
(ဂ) မဟာဗန္ဓုလ (ကိုထွန်းရွှေ)
(ဃ) အလွမ်းပြေအမေ့စာ (မောင်မောင်လတ်)

၆။ **အဆင့်မြင့် (အမျိုးသမီး)**
(က) မြညွှင်းလေပြေ (မအေးမိ)
(ခ) ပန်းခင်းသောလမ်း (မြသက်မှူ)
(ဂ) မြသဝန်ကြောင် (ထား)
(ဃ) အစိန္တေယျ (ငွေးငွေးမြင့်)

၇။ **အခြေခံ (၁၅–၂၀) အမျိုးသား**
(က) ဖူးစာ (ကိုအံ့ကြီး)
(ခ) မြတ်ဒေသနာ (သထုံဘသိန်း)
(ဂ) အောင်မြင်ခြင်းအတူတူ (စန္ဒရားထွန်းညွန့်)
(ဃ) အန္တရာယ်ကင်း (ဂီတာစိမ်းမောင်၊ရွှေတိုင်ညွန့်)

၈။ **အခြေခံ (၁၅–၂၀) အမျိုးသမီး**
(က) ရွှေဖိုးခေါင် (ဒေစီကျော်ဝင်း)
(ခ) ဟေမန္တရဲ့သဘာဝ (သင်းသင်းမြတ်)
(ဂ) ပါရမီတော် (တင်တင်မြ)
(ဃ) မေတ္တာသံဝေ (လှလှရီ)

၉။ **အခြေခံ (၁၀–၁၅) အမျိုးသား**
(က) ဗုံကြီးသံ (သန်းထွန်းလေး)
(ခ) ရှင်သီဝလိ (ပြည်လှဖေ)
(ဂ) မောင့်တိုင်းပြည် (ရေနံ့သာဝင်းမောင်)
(ဃ) ဂုဏ်တော်ဖွင့် (ပြည်လှဖေ)

၁၀။ **အခြေခံ (၁၀–၁၅) အမျိုးသမီး**
(က) သီရိရတနာ (ဒေါ်ကြည်အောင်)
(ခ) အဆင်းလှတဲ့ပင်းတယ (ခင်သစ်လွင်)
(ဂ) ဓမ္မစက်တော် (မြင့်မြင့်ရှိန်)
(ဃ) ဆံရစ်ဝိုင်း (ကြည်ကြည်ဝင်း)

(ဆက်လက်ဖော်ပြပါမည်)



စိုးအောင်နိုင်၊ မစန်းစန်းဝင်း ခေါ် စန်းသော်တာ၊ မြထူးတို့ကို ဖမ်းဆီးရမိသည့် ဘိန်းဖြူ ၁ ဒသမ ၂၁ ကီလို၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့်အတူ တွေ့ရစဉ်။

● **ဖမ်းဆီးရမိမှု**

ဥပုသ်တော် ရပ်ကွက်နေ စိုးအောင်နိုင် ၄၀ နှစ်၊ ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ကွက်သစ်နေ မစန်းစန်းဝင်း ခေါ် စန်းသော်တာ ၄၅ နှစ်တို့ နှစ်ဦးထံမှ ဘိန်းဖြူ ၁ ဒသမ ၂၁ ကီလို (တစ် ကီလိုလျှင် ငွေကျပ်သိန်း ၃၅၀ နှုန်းဖြင့် ငွေဒေသတန်ဖိုး ငွေကျပ် ၄၂၃ ဒသမ ၅ သိန်း)နှင့် TOYOTA COROLLA မော်တော်ယာဉ်တစ်စီး၊ HONDA CLICK ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၁၁ နာရီတွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက်တွင် ဖမ်းဆီးရမိ ဘိန်းဖြူများရောင်းချပေးသူ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်နေ မြထူး ၃၀ နှစ်ကို ဘိန်းဆီခဲ ၂ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၃၀ နှုန်းဖြင့် ငွေဒေသတန်ဖိုးငွေကျပ် ၇၅ သိန်း)၊ CLICK ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

၎င်း၏ ဖော်ထုတ်ချက်အရ ညနေ ၅ နာရီတွင် ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်ရှိ တည်းခိုခန်းတွင် ဖယ်ခုံမြို့နယ် ပီကင်းရွာနေ အီညားရှို့ ၃၉ နှစ်၊ ဖယ်ခုံမြို့နယ် စလင်းမိုင်းငံရွာနေ အန်တောမြို့ ၂၉ နှစ်တို့ကို TOYOTA HILUX SURF မော်တော်ယာဉ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိပြီး စစ်ဆေးဖော်ထုတ်ချက်အရ ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်ရှိ နေအိမ်မှ ဘိန်းဖြူ ၁၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၂၅၀ နှုန်းဖြင့် ငွေဒေသတန်ဖိုး ငွေကျပ်သိန်း ၂၇၅၀)၊ စိတ်ကြွဆေးပြား ၃၆၆၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ငွေဒေသတန်ဖိုးငွေကျပ်သိန်း ၅၄၉၀)၊ ဘိန်းစိမ်း ၄၈ ကီလို တစ်ကီလိုလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ငွေဒေသတန်ဖိုး ငွေကျပ်သိန်း ၄၈၀၊ ဘိန်းဆီခဲ ၁၂ ဒသမ ၅ ကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း ၃၀ နှုန်းဖြင့် ငွေဒေသတန်ဖိုးငွေကျပ် ၃၇၅ သိန်း) သိမ်းဆည်းရမိသဖြင့် စိုးအောင်နိုင်၊ မစန်းစန်းဝင်း ခေါ် စန်းသော်တာ၊ မြထူး၊ အီညားရှို့၊ အန်တောမြို့တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ ဩဂုတ် ၂၂ ရက် ည ၁၀ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇဗ္ဗာသီရိ... ဇဟန်းမြို့နယ် ဆရာစံရပ်ကွက် ဆရာစံလမ်းတွင် ကာလိမြို့ အမှတ်(၅)ရပ်ကွက်နေ စိုင်းဟန်လှိုင်း ၃၁ နှစ် မောင်းနှင်လာသော SUZUKI ERTIGA အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၂ ဒသမ ၅ ကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း၆၀၀ နှုန်းဖြင့် ငွေဒေသတန်ဖိုးငွေကျပ်သိန်း ၁၅၀၀)၊ အက်တက်စီဆေးပြား ၁၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ငွေဒေသတန်ဖိုးငွေကျပ် သိန်း ၅၀၀)၊ HAPPY WATER ၅ ဒသမ ၇၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၆၀၀ နှုန်းဖြင့် ငွေဒေသတန်ဖိုးငွေကျပ်သိန်း ၃၄၅၀)၊ HAPPY WATER ပါရှိသည့် VAPE ခေါင်း အခု၂၅၀ (တစ်ခုလျှင်ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေဒေသတန်ဖိုးငွေကျပ်သိန်း ၂၅၀) ဖမ်းဆီးရမိသဖြင့် စိုင်းဟန်လှိုင်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



စိုင်းဟန်လှိုင်းကို ဖမ်းဆီးရမိသည့် စိတ်ပြောင်းဆေးဝါးများ၊ မော်တော်ယာဉ်နှင့်အတူ တွေ့ရစဉ်။

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့က မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ခြင်း (MCCT)အစီအစဉ်နှင့်ပတ်သက်၍ အသိပေးခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့ကမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များငွေကြေးထောက်ပံ့ခြင်း(MCCT)အစီအစဉ်ကို တိုင်းဒေသကြီး၊ ပြည်နယ် ခုနစ်ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဘဏ္ဍာနှစ်အလိုက် ထောက်ပံ့ကြေးပေးရန် စာရင်းကောက်ယူမည့်အချိန်မတိုင်မီ MCCT အစီအစဉ်နှင့်စပ်လျဉ်း၍ အများပြည်သူများသိရှိနိုင်ရန် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ ရေဒီယိုအစီအစဉ်များနှင့် နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် **“MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ စာရင်းပေးသွင်းနိုင်ပါကြောင်း”** နှိုးဆော်ခဲ့သည်။

ယခုအခါ MCCT အစီအစဉ်၏နာမည်ကို အလွဲသုံးစားပြု၍ Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ ပေါ်ပေါက်လျက်ရှိရာ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် MCCT အစီအစဉ်တွင် အကျုံးဝင်သူများ၏စာရင်းကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ကောက်ယူခြင်းကိုသာဆောင်ရွက်လျက်ရှိပြီး Online မှတစ်ဆင့် စာရင်းကောက်ယူခြင်း လုံးဝ(လုံးဝ)မပြုလုပ်ပါကြောင်း၊ အကျိုးခံစားသူ စာရင်းသွင်းရန်လျှောက်ထားပုံစံ(Registration Form)များနှင့်စပ်လျဉ်း၍လည်း ငွေကြေးတစ်စုံတစ်ရာကောက်ခံခြင်းမရှိပါကြောင်းနှင့် လက်ရှိ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အကျိုးခံစားခွင့်ရှိသူများစာရင်းကောက်ခံခြင်းအဆင့် ပြီးဆုံးပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

■ **နေရာကွက်၍မိုးကြီးနိုင်မှ**

လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၂၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း “နာရာ” (NARRA)မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

**(မိုး/ဇလ)**

**၂၀၂၆ ခုနှစ် ဩဂုတ် ၂၄ ရက်**
**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

### ထူးခြားသည့် နေ့အပူချိန်များ ( ၂၄ - ၈ - ၂၀၂၆ )

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မြင်းမူ | ၃၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | မကွေး | ၃၄ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | တံတားဦး | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | မော်လိုက် | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | ကလေးဝ | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မြောင်းမြ | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပွင့်ဖြူ ဩဂုတ် ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပွင့်ဖြူမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၁၈၉၉ ဧက စိုက်ပျိုးရန် လျာထားပြီး မေလမှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၈၉၉ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာတော့ ၁၅၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ သခွား၊ ခရမ်း၊ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ မုန်ညင်း၊ အာလူး၊ မုန်လာဥဖြူ၊ ငရုတ်၊ တိုင်ထောင်ပဲ၊ ကြက်ဟင်းခါးသီး စတဲ့သီးနှံတွေ စိုက်ပျိုးပါတယ်။ စိုက်ပျိုးသီးနှံအားလုံးကို အစားအစာဘေးကင်းစေဖို့နဲ့ အရည်အသွေးကောင်းစေဖို့ GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ ညီညွတ်အောင် စိုက်ပျိုးနိုင်ဖို့အတွက် နည်းပညာတွေပံ့ပိုးပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှုလုပ်ငန်း စစ်ဆေး

သံဖြူဇရပ် ဩဂုတ် ၂၄

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် စက်စဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆုသန္တာလင်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ စက်စဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ရာ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အခြေအနေများကို ရှင်းလင်းတင်ပြပြီးနောက် မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာ၌ အရှည် ပေ ၂၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၂၅၂ ဒသမ ၆ သန်း အသုံးပြုပြီး HYZ ကုမ္ပဏီမှတာဝန်ယူ၍ ဩဂုတ်လပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက စက်စဲကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ သွားလာရေး လွယ်ကူစေမည်ဖြစ်ကြောင်း သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ချိုလေး**

# မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်း ပခန်းစပါးတင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

မြန်အောင် ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်း ပခန်းစပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြန်အောင်မြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှလှငွေးက ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းက ပခန်းစပါးတင်းရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်းက ပခန်းစပါးတင်းရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''မြန်အောင်မြို့နယ်ကနေ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ပခန်းစပါးတင်းရေ အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ မြန်အောင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့တဲ့ပခန်းစပါးတွေက အရည်အသွေးတော်တော်ကောင်းပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက် ဝယ်လက်တွေက ဝယ်ယူအားများနေလို့ တင်ပို့အား တက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိစပါးဈေးကလဲ အဆင်ပြေနေပါတယ်။ ဒေသဆန်၊ စပါးဈေးကွက်မှာကို ပခန်းစပါးက အဝယ်လိုက်နေတာပါ''ဟု မြန်အောင်မြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှလှငွေးက ပြောပြသည်။



မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပခန်းစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၆၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း မြန်အောင်မြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှလှငွေးထံမှ သိရသည်။

ကျော်ကျော်လင်း

# မင်းတုန်းမြို့နယ် ကန်လည်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းတုန်း ဩဂုတ် ၂၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်လည်ကျေးရွာအုပ်စု၊ ကန်လည်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မင်းတုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခတ်မွန်းလျှန်က ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၄ ဒသမ ၂ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကန်လည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၉ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၂၄ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းတုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နော်လူး**

# အုတ်ဖိုမြို့နယ် ရှမ်းတောလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

အုတ်ဖို ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းတောလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးနှင့် ဝန်ထမ်းများက ရှမ်းတောလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်ချုပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရှမ်းတောလေးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၉ ဦးကို ငွေကျပ် ၄၆ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၆ ဒသမ ၃ သန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၉ ဦးကို ငွေကျပ် ၅၃ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးထံမှ သိရသည်။

အေးမြတ်



# လူငယ်ကမေး လူကြီးအဖြေပေး

ရွာသားဖိုးမောင်

**နိဒါန်း**

လူငယ်ဆိုသည်မှာ လွန်ခဲ့သော ၂၆ နှစ်ကျော် ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်ဆီက ဆယ်ကျော်သက်ရွယ် ဂျာနယ်စာဖတ်ပရိသတ်တွေပါ။ အခုအချိန်မှာ အသက်လေးဆယ်ကျော်အရွယ် ဖြစ်နေကြပါပြီ။ လူကြီးဆိုသူကား **အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီးဦးအောင်သင်း(၁၉၂၇-၂၀၁၄)** ဖြစ်ပါတယ်။ ခုဆို ဆရာကြီးကွယ်လွန်ခဲ့ရှာတာပဲ ဆယ်နှစ်၊ ဆယ့်နှစ်နှစ်ရှိခဲ့ပြီပေါ့။ အမေးအဖြေတွေက အဲဒီခေတ်က အပတ်စဉ်ထုတ်ဂျာနယ်အချို့မှာ ဖော်ပြခဲ့ကြတဲ့ ရေးသူ၊ ဖတ်သူတွေ တွေ့ဆုံပြောဆိုခွင့်ရတဲ့ အပြန်အလှန်ပေးစာများဖြစ်ကြပါတယ်။ ဘာလိုလိုနဲ့ ၂၅ နှစ်ဆိုတာ ဟိုတစ်နေ့ကလိုပါပဲလား။

အမည်မပါ၊ နေရပ်မပါ၊ ရေးသူရဲ့ ကိုယ်ရေးအကြောင်းအရာ ဟိုစဉ်ကတော့ ပါချင်ပါခဲ့မှာပေါ့။ ခုတော့ ဖော်ပြဖို့ရာမလိုအပ်တော့တဲ့အတွက် မထည့်ဘဲထားခဲ့တာလဲ ဖြစ်နိုင်တာပဲပေါ့။ ဖော်ပြပါရှိခဲ့တဲ့ အမေးအဖြေအကြောင်းအရာကသာ တန်ဖိုးရှိတဲ့ မှတ်တမ်းအနေနဲ့မို့ အရေးကြီးတာကိုပဲ ဦးစားပေးတည်းဖြတ်ခဲ့တာဖြစ်ပါလိမ့်မယ်။ ပြန်လည်ထုတ်ဝေပေးသူများရဲ့ စေတနာကို လေးစားချီးကျူးပါတယ်။ အထူးပဲအကျိုးရှိပါတယ်။ **"သူတို့လေးတွေအမေး၊ ကျွန်တော့်အဖြေ"တဲ့။**

ခဝါလှေမွန်စာအုပ်တိုက်က ၂၀၂၄ ခုနှစ်မှာစီစဉ်ထုတ်ဝေခဲ့ပြီး ၂၀၂၆ ခုနှစ် မတ်လမှာ ထုတ်ဝေတဲ့ ဒုတိယအကြိမ်ပုံနှိပ်စာအုပ်ကိုဖတ်ပြီး သဘောကျနှစ်သက်လို့ ဆရာကြီးအောင်သင်းပရိသတ်များ ဖတ်လိုပါက ရှာဖတ်နိုင်ရန် အသိပေးတင်ပြခြင်း ဖြစ်ပါတယ်။

စာရေးဆရာအမျိုးမျိုးမှာ ဆရာဝန်က လာခဲ့သူ၊ စစ်ဗိုလ်စစ်သားဘဝမှလာခဲ့သူ၊ အစိုးရဝန်ထမ်းအရာရှိဘဝမှလာခဲ့သူ၊ နိုင်ငံရေးသမားဘဝမှလာခဲ့သူ၊ သတင်းစာလောကမှလာခဲ့သူ၊ ဂီတလောက၊ ရုပ်ရှင်လောကမှလာခဲ့သူ စသဖြင့် ရှိကြတဲ့အနက် ဆရာအောင်သင်းကတော့ အလယ်တန်းပြဆရာ၊ တက္ကသိုလ်မြန်မာစာကထိကနဲ့ အလွတ်သင် အထက်တန်းပြမြန်မာစာကျူရှင်ဆရာ စသဖြင့် ဆရာလောကမှာပင် နေရာစုံအောင်ဆောင်ရွက်ခဲ့ဖူးသူပါ။ ပြင်ဦးလွင် စစ်တက္ကသိုလ်မှာ မြန်မာစာသင်တဲ့ ဆရာလုပ်ခဲ့ရဖူးတော့ စစ်တက္ကသိုလ် အပတ်စဉ်အချို့ကို သင်ကြားပို့ချခဲ့ရပါတယ်။ တစ်ပြားမရှိပေမဲ့ တပည့်မရှားတဲ့ဆရာမျိုးပေါ့။

ဒီစာအုပ်မှာ စာမူအချို့က တိုတို၊ အချို့က ရှည်ရှည်၊ အကြောင်းအရာအလိုက် အတိုအရှည်တော့ မတူကြပါ။ ဂျာနယ်မှာရေးသားတာဆိုတော့ လိုရင်းတိုရှင်းသာ ရေးရ၊ ဖြေရတာပေါ့။ ဆရာကြီးအောင်သင်းဟာ စာပေဝေဖန်ရေးနဲ့ ဝတ္ထုတိုသုံးသပ်ချက်များကောင်းလို့ စာပေနယ်မှာထင်ရှားတဲ့ ဆရာတစ်ဆူပါ။ နောက်တစ်ချက်က အနယ်နယ်အရပ်ရပ် ကျင်းပတဲ့ စာပေဟောပြောပွဲတွေမှာလဲ အဟောအပြောကောင်းကြောင်း အထူးပဲထင်ရှားပါတယ်။ စာရေးဆရာတွေထဲမှာ အရေးအသားကောင်းတိုင်း၊ နာမည်ကျော်တိုင်းလည်း စာပေစင်မြင့်ပေါ်မှာ အဟောအပြောမကောင်းပါ။ ဆရာကြီးအောင်သင်းကတော့ ပရိသတ်အနေအထားအလိုက် ရယ်စရာမောစရာများနဲ့ မှတ်သားစရာလဲ ထိရောက်အောင် ပြောဟောနိုင်စွမ်းရှိတဲ့ ဆရာကြီးပါ။ အရေးလဲတော် အဟောအပြောလဲကျော်တဲ့ စာရေးဆရာမျိုးပါ။

**အနာဂတ်**

အဓိကအချက်ကတော့ နောက်လာနောင်သား လူငယ်မျိုးဆက်သစ်များရဲ့ အနာဂတ်နိုင်ငံတော်ကို ယခုအခြေအနေထက် အများကြီးပိုမိုမြင့်မားစေချင်တဲ့ သူ့ရဲ့ ထက်သန်ပြင်းပြတဲ့စေတနာဖြစ်ပါတယ်။ ဒါကလည်း သူ့ရဲ့အဘိုးဆရာ ဆရာကြီးဦးဖေမောင်တင်(၁၈၈၈-၁၉၇၃)တို့ အဖဆရာ ဆရာကြီးဇော်ဂျီ(၁၉၀၇-၁၉၉၀)တို့ရဲ့ လမ်းညွှန်သြဝါဒကို လိုက်နာကျင့်သုံးတဲ့ပုဂ္ဂိုလ်မို့ပါပဲ။ ဆရာကြီးပီမိုးနင်း(၁၈၈၈-၁၉၄၀)ရေးဖူးသလို စာဆိုတာ စိတ်ကိုရေးတာလို့ ပြောတာကိုး။ ဆရာကြီးဇော်ဂျီက စာကောင်းရေးချင်ရင် စိတ်ကောင်းအရင်မွေးရမယ်လို့ အမိန့်ရှိခဲ့ဖူးတယ်လေ။

**❖ အဓိကအချက်ကတော့ နောက်လာနောင်သား လူငယ်မျိုးဆက်သစ်များရဲ့ အနာဂတ်နိုင်ငံတော်ကို ယခုအခြေအနေထက် အများကြီး ပိုမိုမြင့်မားစေချင်တဲ့ သူ့ရဲ့ထက်သန်ပြင်းပြတဲ့စေတနာဖြစ်ပါတယ်။ ဒါကလည်း သူ့ရဲ့အဘိုးဆရာ ဆရာကြီးဦးဖေမောင်တင်(၁၈၈၈-၁၉၇၃)တို့ အဖဆရာ ဆရာကြီးဇော်ဂျီ(၁၉၀၇-၁၉၉၀)တို့ရဲ့ လမ်းညွှန်သြဝါဒကို လိုက်နာကျင့်သုံးတဲ့ပုဂ္ဂိုလ်မို့ပါပဲ။ ဆရာကြီး ပီမိုးနင်း(၁၈၈၈- ၁၉၄၀)ရေးဖူးသလို စာဆိုတာ စိတ်ကိုရေးတာလို့ ပြောတာကိုး။ ဆရာကြီးဇော်ဂျီက စာကောင်းရေးချင်ရင် စိတ်ကောင်း အရင်မွေးရမယ်လို့ အမိန့်ရှိခဲ့ဖူးတယ်လေ။ ❖**

အခုလို ဂန္ထဝင်တွင်အောင် ဆယ်စုနှစ်တွေ ကြာတဲ့ထိ စာကောင်းပေကောင်းအနေနဲ့ ပြန်ကာလှန်ကာ ထုတ်ဝေနေရတာက **"စိတ်ကောင်း"**ကို အခြေခံလို့ပဲ မဟုတ်ပါလား။ စာဖတ်သူများအတွက် အကျိုးပြုနေတုန်းပဲလေ။ အတုယူလိုက်နာသင့်ပေရဲ့နော်။

**ကြိုးစားလေ့လာ အင်္ဂလိပ်စာ**

လူငယ်တစ်ယောက်က သူဟာ အင်္ဂလိပ်စာ တိုးတက်ချင်ပါတယ်တဲ့။ အင်္ဂလိပ်စာကျူရှင်စကားပြောသင်တန်းများလဲ တက်နေပါတယ်တဲ့။ ကုမ္ပဏီတွေ ဘာတွေမှာ အလုပ်လုပ်ချင်တာမျိုးအတွက် ပခနထားတာမျိုးမဟုတ်ပါဘူးတဲ့။ ကမ္ဘာ့စာပေကို ဖတ်ရှုလိုခြင်းနဲ့ မြန်မာစာပေကိုလဲ နိုင်ငံခြားမဂ္ဂဇင်းတွေမှာ အင်္ဂလိပ်လိုရေးသားလိုခြင်းတို့ကြောင့်ဖြစ်ပါတယ်။ ဒါကြောင့် အင်္ဂလိပ်စာကို တိုးတက်အောင် မည်သို့မည်ပုံလုပ်ရမည်ကို အကြံပေးစေလိုပါသည် ခင်ဗျားတဲ့။

ဆရာကြီးက စာဖတ်တာကော ဝါသနာပါရဲ့လားလို့အစချီပြီး စာဖတ်ဝါသနာပါအောင်ပထမကြိုးစားရန်၊ ဘာသာပြန်စာအုပ်တွေကို များများဖတ်ရန်၊ အဲသလိုသာစာဖတ်များလာခဲ့ရင် ယခင်က အင်္ဂလိပ်စာမတောက်တခေါက်ပဲတတ်ခဲ့သူက အင်္ဂလိပ်ဗေဒင်ကျမ်းတွေကို နှစ်နဲ့ချီလေ့လာတော့ ကျွမ်းကျင်သူဖြစ်သွားကြောင်း၊ ဓာတ်ပုံဝါသနာအိုးတစ်ယောက်ကလဲ ဓာတ်ပုံပညာအင်္ဂလိပ်စာအုပ်တွေ ကြိုးစားဖတ်ရင်းဖတ်ရင်းနဲ့ပဲ ဓာတုဗေဒသဘောတွေပါ အတော်နားလည်တတ်မြောက်သွားတာ တွေ့ရကြောင်း၊ အင်္ဂလိပ်စာအခြေခံမကောင်းခဲ့ပေမယ့် ကမ္ဘာ့ပန်းချီအကြောင်း အင်္ဂလိပ်လိုစာအုပ်ပေါင်းများစွာရှာဖွေလေ့လာရင်းပဲ အင်္ဂလိပ်စာအုပ်တွေ၊ ပန်းချီကျမ်းတွေ၊ စွယ်စုံကျမ်းကြီးတွေဖတ်၊ မှတ်ပြီး နိုင်ငံတကာပန်းချီပညာနဲ့ပတ်သက်လို့ "ကမ္ဘာ့ပန်းချီကျော်များ"ဆိုတဲ့ စာအုပ်ကိုတောင် ပြုစုနိုင်ခဲ့ကြောင်း အားတက်စရာ သာဓကနမူနာတွေပြပြီး အားပေးလိုက်ပါတယ်။

**"ကိုယ်ဝါသနာပါတာကိုလုပ်နိုင်ဖို့ အင်္ဂလိပ်စာတည်းဟူသောလှေကားကိုထောင်မှသာ အောင်မြင်ပေါက်မြောက်ဖို့လွယ်ကူပါတယ်လို့ အကြံပေးလိုက်ပါရစေ"**လို့ ရေးထားတယ်။

**ဝတ္ထုရေးချင်သူ**

လူငယ်မိန်းကလေးတစ်ယောက်က စာအရေးအသားကောင်းကောင်း၊ ပညာပေး၊ လူငယ်ကြိုက်၊ ဝတ္ထုတိုတွေရေးချင်ပါတယ်။ ဝတ္ထုတိုရေးရင် ဆောင်ရန်ရှောင်ရန်တွေ၊ စည်းမျဉ်းစည်းကမ်းတွေ ပြောပြပါလို့မေးတယ်။ ဝတ္ထုတိုတစ်ပုဒ်ကိုလဲ ပို့ပေးလိုက်တယ်။

ဆရာကြီးအောင်သင်းက "သမီးဟာ မြန်မာစာပေမှာ တကယ်ကောင်းတဲ့ဝတ္ထုတိုတွေကို သမီးမဖတ်ဖူးသေးဘူး။ ဝတ္ထုကောင်းတွေရဲ့အရသာကိုလဲ သမီးကိုယ်တိုင်မခံစားဖူးသေးဘူး။ စာဖတ်ပရိသတ်က တကယ်ကိုလေးစားပြီး တန်ဖိုးထားတဲ့ စာရေးဆရာ၊ ဆရာမတွေရဲ့ ဝတ္ထုတို၊ ဝတ္ထုရှည်တွေကို သေချာဖတ်ကြည့်စေချင်ပါတယ်လို့ တိုက်တွန်းလိုက်ပါတယ်။

ဥပမာအနေနဲ့ ဂျာနယ်ကျော်မမလေး၊ ခင်နှင်းယု၊ ခင်ဆွေဦး စတဲ့သူတွေ ဖတ်ကြည့်စေချင်ကြောင်းလဲ ဖော်ပြညွှန်းပါတယ်။ ဆရာကြီးရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ သိန်းဖေမြင့်၊ မောင်ထင်၊ ဇော်ဂျီ စသည်အားဖြင့်ပေါ့လို့ သာဓကပေးပြီး အားပေးလိုက်ပါတယ်။ ဂန္ထဝင်လို့ခေါ်တဲ့ ခေတ်အဆက်ဆက်မှာ လူတိုင်းကြိုက်ခဲ့ကြတဲ့ စာရေးဆရာတွေကိုရှာပြီးဖတ်တာဟာ ဗဟုသုတအတွက်ဖြစ်စေ၊ လေ့လာမှုအတွက်ဖြစ်စေ အလွန်ကောင်းတာမို့ အဲဒီနည်းကိုကျင့်သုံးစေချင်ပါတယ်သမီးလေး"လို့ ရေးပါတယ်။

**ဘဝစာမေးပွဲ**

ပြည်ကြီးတံခွန်မြို့နယ်က ကလေးမလေးတစ်ယောက်ဆီက စာတစ်စောင်ကို သူ့ရဲ့စာပထမ ဖော်ပြပါတယ်။ သူဟာ စာမေးပွဲမှာပထမဆုရအောင် ကြိုးစားခဲ့ပါတယ်တဲ့။ ဒါပေမယ့် ကျန်းမာရေးမကောင်းလို့ ဒုတိယပဲရခဲ့ပါတယ်တဲ့။ ဒီနှစ် ပထမဆုရအောင်ကြိုးစားမယ်။ ဘိုးဘိုးမြေး ပထမရအောင် ဆုတောင်းပေးပါနော်တဲ့။

ဆရာကြီးက ပေးစာရေးရင် ရက်စွဲတပ်ဖို့မမေ့နဲ့လို့ သတိပေးပါတယ်။ ပေးစာဆိုတာ ရက်စွဲပါရတယ်။ စာအဆုံးမှာလဲ လက်မှတ်ထိုးမထားဘူး။ လက်မှတ်လဲထိုးရတယ်သမီးလေးရဲ့လို့ ထည့်ရေးပါသေးတယ်။

သမီးတို့ကျောင်းနေတာ ဘာကြောင့်နေကြတာလဲ။ ပညာသင်ဖို့ပေါ့။ ပညာသင်တာဘာကြောင့်လဲ။ ကိုယ့်ဘဝကို ကိုယ့်ဘာသာရပ်တည်နိုင်ဖို့ပေါ့။ လွယ်လွယ်ပြောလိုက်မယ်ဆိုရင် ကိုယ့်ထမင်းကိုယ်ရှာစားနိုင်ဖို့ပေါ့။ ဒီလောက်တင်ပဲလား။ ကိုယ့်ထမင်းကိုယ်ရှာစားနိုင်ရင် ပြီးရောလား။ တကယ်တော်တဲ့ ချွန်တဲ့သူတွေဟာ လောကကြီးရဲ့ကောင်းကျိုး၊ အများရဲ့ကောင်းကျိုးတွေကိုပါ လုပ်ကိုင်ပေးနိုင်စွမ်းရှိကြတယ်။ အဲဒီလိုလုပ်ကိုင်နိုင်မှ **"လူဖြစ်သန်တယ်"** လို့ ခေါ်ကြရတာ။

ဒါတွေကို ငယ်ငယ်ကတည်းကသိနေရင် ကောင်းတယ်သမီးရဲ့။ ဒါကြောင့်ပြောလိုက်ရတာ။

ပိုက်ဆံအသုံးနဲ့အဖြုန်းကို ဆင်ခြင်လိုက်ပါ။

ပြင်ပသရေစာတွေ လွန်လွန်ကဲကဲစားလေ့ရှိသလား။

နောက်တစ်ခုက အိမ်မှာ ဘာအသုံးကျသလဲ။

ကိုယ့်အိပ်ရာကိုယ်သိမ်းသလား။ ထမင်းစားပြီးရင် ကိုယ့်ပန်းကန်ကိုယ်ဆေးသလား။ မိဘကို ချက်တာပြုတ်တာမှာ ကူသလား။

အတိုချုပ်ပြောလိုက်ရရင်တော့သမီးရယ်... အိမ်မှာ သမီးက ဘယ်လောက်ထိအောင်အသုံးကျသလဲ စစ်ဆေးဖို့ပါပဲ။ **အသုံးမကျရင်အမှိုက်ပဲပေါ့။**

ကျောင်းကစာမေးပွဲမှာ အဆင့်တစ်မကလို့ လင်ပန်းလောက်ရွှေတံဆိပ်ကြီးရနေစေဦးတော့ အိမ်မှာအသုံးမဝင်ရင်တော့ဖြင့် ဘိုးဘိုးက သမီးကို တစ်ကိုယ်ကောင်းဆန်တယ်လို့ ပြောမိမှာပဲ"တဲ့ ဆရာကြီးက ပြတ်တယ်။

ကိုယ့်အတွက်ကြိုးစားနေတာပဲမဟုတ်လား။

သမီးအတွက်ကြိုးပမ်းနေကြရှာတဲ့ ဖေဖေ၊ မေမေတို့အတွက် ထည့်ပြီးမစဉ်းစားရင် တစ်ကိုယ်ကောင်းဆန်တာပဲမဟုတ်လား သမီးရဲ့။

သမီးလေးကျောင်းစာမေးပွဲမှာ အဆင့်(၁)ရရုံမျှမက ဘဝစာမေးပွဲတွေမှာပါ အဆင့်(၁)ရပါစေလို့ ဘိုးဘိုး ဆုတောင်းပေးလိုက်ပါတယ်လို့ ဆရာကြီးက ပြန်စာရေးပေးခဲ့ပါတယ်။

**သားတပည့်လို ဆုံးမပါ**

ဆရာကြီးရဲ့သြဝါဒမိန့်ခွန်းကို ကြားနာလိုက်နာချင်ပါသည်။ ကျွန်တော့်ကို ဆရာကြီးရဲ့ သားတပည့်လို ဆုံးမစေချင်ပါသည်တဲ့။ (၂၀၀၁-၂၀၀၂)မှာ ဒသမတန်းအောင်ခဲ့တဲ့ လူငယ်တစ်ယောက်က စာရေးပါတယ်။

ကျွန်တော်က နယ်ကပါတဲ့။ ဒီနှစ်မှာ မန္တလေးကို ပြောင်းလာတာ၊ အလုပ်လုပ်နေပါတယ်တဲ့။ မိဘတွေက နယ်မှာဖြစ်လို့ တစ်ဦးတည်းဘဝကို အောင်မြင်စွာကျော်ဖြတ်လို၍ ဆရာကြီးသြဝါဒကို နာခံလိုပါသည်လို့ ရေးထားပါတယ်။

ဆရာကြီးအောင်သင်းက ဒီလူငယ်ရေးတဲ့စာကို ဖတ်ကြည့်ပြီး "မင်းဟာ ကျောင်းစာပြင်ပ တခြားစာအုပ်တွေကိုဖတ်တာ နည်းသေးဟန်တူတယ်။ ဒီတော့ အပြင်စာအတော်များများကို ဖတ်စေချင်ပါတယ်။ မင်းရဲ့အလုပ်ချိန်က ခွင့်ပြုသလောက်ပေါ့လေ။ မင်းတို့ ဒသမတန်းမှာသင်ခဲ့ရတဲ့ ဆရာကြီးပီမိုးနင်းဆိုတာကို မင်းသတိရမိမှာပါ။ ကြီးပွားတိုးတက်ရေးကျမ်းတွေကို အများဆုံးရေးခဲ့သူဖြစ်ပါတယ်။ သူ့စာအုပ်တွေကို ရှာပြီးဖတ်စေချင်ပါတယ်။ ဝယ်ချင်ရင်လဲ အလွယ်တကူရနိုင်ပါတယ်။

**နိဂုံး**

နောက်ပြီး ရှာဖွေဖတ်သင့်တဲ့ စာရေးဆရာတွေကတော့ ဒေါက်တာကျော်စိန်၊ ဖေမြင့်၊ ချစ်နိုင်(စိတ်ပညာ) စသူတို့ဖြစ်ပါတယ်။ သူတို့စာအုပ်တွေဖတ်နေရင်း တခြားဘယ်စာရေးဆရာတွေကို ဖတ်သင့်တယ်ဆိုတာကိုပါ သိလာပါလိမ့်မယ်"တဲ့။

# ရေကြီးရေလျှံမှုနှင့် ရေဘေးအန္တရာယ် သတိပြုကာကွယ်

ဘုန်းမောင်ဝင်း(ဗျာပုံ)

မြန်မာတို့အစဉ်အဆက်စကားတွင် လူသားတို့အတွက် ရန်သူမျိုးငါးပါးသတ်မှတ်ထားရာ ရေသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ရေသည် လူသားတို့အတွက် မရှိမဖြစ်သောအရာဖြစ်သော်လည်း များပြားစွာပေါ်များလာလျှင် လူသားတို့အတွက် အန္တရာယ်ဖြစ်သည်။ ရေကြီးရေလျှံမှုအများဆုံးဖြစ်တတ်သည်မှာ မိုးရာသီဖြစ်သည်။ မိုးရာသီတွင် မိုးသည် ပုံမှန်ရွာသွန်းမြဲသာရွာပါက လူသားတို့အတွက် များစွာအကျိုးဖြစ်ထွန်းစေသော်လည်း ပုံမှန်ထက်ပိုမိုလာသောအခါ အနှောင့်အယှက်ဖြစ်လာတတ်သည်။ မိုးသည်းထန်စွာရွာသွန်းသောအခါ ရေတို့သည် မြင့်ရာမှနိမ့်ရာသို့ သဘာဝအတိုင်း စီးဆင်းသည်။

တောင်ပေါ်မှာ မိုးသည်းထန်စွာရွာသွန်းပါက မိုးရေများသည် တောင်အောက်သို့ အရှိန်အဟုန်မြင့်မားစွာစီးဆင်းလာသည်။ မြန်မာနိုင်ငံရှိ မြစ်ကြီးများမှာ တောင်များကိုအခြေခံ၍ဖြစ်ပေါ်လာသည်ကများသည့်အတွက် မိုးရေများသည် တောင်ပေါ်မှ တောင်အောက်၊ တောင်အောက်မှတစ်ဆင့် မြစ်များ၊ ချောင်းများဆီသို့ စီးဆင်းသည်။ အညာဒေသများတွင် များသောအားဖြင့် နွေအခါတွင် ချောင်းခြောက်(ရေမရှိသောချောင်း)များ ဖြစ်သော်လည်း မိုးအခါတွင်မူ ဖြတ်သန်းသွားလာရန်ပင် လွယ်ကူမှုမရှိသည့်ရေစီးသန်သော ချောင်းများအဖြစ်သို့ ပြောင်းသွားသည်။

မြန်မာနိုင်ငံရှိ မြစ်ကြီးများအများစုသည် မြောက်မှတောင်သို့ စီးဆင်းသည်။ မြန်မာနိုင်ငံအထက်ပိုင်း(မြောက်ဘက်)မှ စီးဆင်းလာသော ရေများသည် အောက်ပိုင်း(တောင်ဘက်)သို့ စုပုံရောက်ရှိသည်။ စုပုံရောက်ရှိသည်ဆိုရာတွင် သာမန်နှုန်းထားဖြင့် ရောက်ရှိလာခြင်းမဟုတ်ဘဲ အရှိန်ပြင်းပြင်းနှင့် ရေများဒလဟောစီးဆင်းခြင်းဖြစ်သည်။ ထိုအခါ မြစ်နားချောင်းနားနေသူတို့အဖို့ အထူးသတိထားရမည့်အချိန်အခါဖြစ်သည်။ ရေကြီးရေလျှံခြင်းမှာ မြစ်ကမ်းနား၊ ချောင်းစပ်နားတွင် နေထိုင်သူများအဖို့သာ မဟုတ်ပေ။ တောင်များ၏ခြေရင်းတွင် နေထိုင်ကြသူများလည်း ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်ဖြစ်သည်။ အဆိုပါဘေးအန္တရာယ်ကို သတိရှိရှိနှင့်နေထိုင်နိုင်မှသာ အခက်အခဲနည်းပါးစွာ၊ ဆုံးရှုံးမှုနည်းပါးစွာ ကြုံတွေ့ရမည်ဖြစ်သည်။ အလေးအနက်မထားဘဲ နေထိုင်မိပါက ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကြီးမားနေမည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများအတွက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့်ဆက်နွယ်သည့်သတင်းများကို အချိန်နှင့်တစ်ပြေးညီ ကြိုတင်အသိပေးလျက်ရှိသည်။ ယနေ့ခေတ်ကာလတွင် လက်ကိုင်ဖုန်းများသို့ပင် အသိပေး၊ သတိပေးသည့် မိုးလေဝသသတင်းများ ပို့လျက်ရှိသည်။ တာဝန်ကျေပွန်စွာ အသိပေးချက်ထုတ်ပြန်နေသည်ကို ပြည်သူများကလည်း ဂရုတစိုက် လိုက်နာလုပ်ဆောင်ကြရမည်ဖြစ်သည်။

ရေကြီးရေလျှံခြင်းဘေးအန္တရာယ်ကို မြန်မာနိုင်ငံသည် နှစ်စဉ်နှစ်တိုင်းကြုံတွေ့နေရသည်။ ရေဘေးကြုံတွေ့သည်နှင့် မိမိတို့အိုးအိမ်များကိုစွန့်ခွာကာ ရေဘေးကင်းလွတ်ရာသို့ အလျင်အမြန် ရွှေ့ပြောင်းကြရသည်။ လူ့အသက်ထက်အရေးကြီးတာ ဘာမှ မရှိဆိုသည့်အတိုင်း မိမိတို့အသက်ရှင်သန်ရေးမှာ အဓိကဖြစ်သည်။

မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအထက်ပိုင်း၊ အလယ်ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်းခြင်းတို့ရှိလာပါက အဆိုပါရေများသည် ဧရာဝတီတိုင်းတွင် အများဆုံးစုဝေးကာ နောက်ဆုံးမှသာ ပင်လယ်ထဲသို့စီးဆင်းသွားခြင်းဖြစ်သည်။ ဧရာဝတီတိုင်းရှိမြို့ကြီးများမှာ မြစ်ကမ်းပါးတွင် တည်ထားသည်ကများသည်။ အဆိုပါမြစ်များမှာ တစ်ဖြောင့်တည်းစီးဆင်းသွားပါက ရေဘေးအန္တရာယ်ဖြစ်ပွားမှု နည်းပါးသော်လည်း ကွေ့ကောက်ကာ စီးဆင်းပြီး မြို့တည်ရှိသည့်နေရာသို့ ရေများတစ်ဟုန်ထိုးဝင်ရောက်လာပါက ရေဘေးအန္တရာယ်နှင့်ကြုံတွေ့ရသည်။ ကြိုတင်ပြင်ဆင်ကာ ရေတားတမံများ၊ ရေကာတာများကို ခိုင်ခံ့စွာတည်ဆောက်ထားသော်လည်း အမှန်တကယ်ရေအလုံးအရင်းနှင့်စီးဆင်းလာသည့်အခါ တားဆီးရန်ခက်ခဲပြီး ကျိုးပေါက်သည်များရှိသည်။

**❖ လူတိုင်းသည် လောကဓံရှစ်ပါးနှင့်ကြုံတွေ့နေကြရသည်။ "ဆင်းရဲချမ်းသာသဘာဝ၊ တွေ့ကြုံနေကြလူတိုင်းပေ၊ ကောင်းဆိုးနှစ်တန်အစုံတွဲလို့၊ တစ်လှည့်စီလှည့်အမြဲနေ၊ လောကဓံကြုံမဖြုံတမ်းပေ့ါ၊ မတုန်စမ်းနဲ့စိတ်ခိုင်စေ"ဆိုသည့်တရားအတိုင်း ရင်ဆိုင်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်တစ်ခုခုဖြစ်ပွားပါက နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့သည် ဖြူစင်သောစိတ်ထားဖြင့် ကူညီရိုင်းပင်းကြသည်။ ပြုစုစောင့်ရှောက်ပေးကြသည်။ လူမျိုးဘာသာမခွဲခြားဘဲ ပေးကမ်းလှူဒါန်းကြသည်။ ပရဟိတစိတ်ထားအပြည့်အဝရှိကြသည်။ ❖**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့တွင် လက်ရှိကြုံတွေ့နေရသည့် ရေဘေးအန္တရာယ်မှာလည်း အမှန်တကယ်အားဖြင့် ကြိုတင်ကာကွယ်တားဆီးမှုရှိထားပြီးဖြစ်သည်။ ရေဆိုသည့်အရာသည် ကျောက်တောင်ကျောက်ခဲများကိုပင် ဖြိုဖျက်နိုင်စွမ်းရှိကြောင်း သိရှိကြပြီးဖြစ်သည်။ လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက်ညပိုင်းတွင် မိုးသန်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြုံတွေ့ခဲ့ရသည်။

လူတိုင်းသည်လောကဓံရှစ်ပါးနှင့်ကြုံတွေ့နေကြရသည်။ "ဆင်းရဲချမ်းသာသဘာဝ၊ တွေ့ကြုံနေကြလူတိုင်းပေ၊ ကောင်းဆိုးနှစ်တန်အစုံတွဲလို့၊ တစ်လှည့်စီလှည့်အမြဲနေ၊ လောကဓံကြုံမဖြုံတမ်းပေ့ါ၊ မတုန်စမ်းနဲ့ စိတ်ခိုင်စေ"ဆိုသည့်တရားအတိုင်း ရင်ဆိုင်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်တစ်ခုခုဖြစ်ပွားပါက နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့သည် ဖြူစင်သောစိတ်ထားဖြင့် ကူညီရိုင်းပင်းကြသည်။ ပြုစုစောင့်ရှောက်ပေးကြသည်။ လူမျိုးဘာသာမခွဲခြားဘဲ ပေးကမ်းလှူဒါန်းကြသည်။ ပရဟိတစိတ်ထားအပြည့်အဝရှိကြသည်။

မြန်မာလူမျိုးတို့၏ထုံးစံအတိုင်း လှူဒါန်းလိုသူများပေါ်များသည်။ အနယ်နယ်အရပ်ရပ်ကလာရောက်လှူဒါန်းမှုပြုကြသကဲ့သို့ ကူညီကယ်ဆယ်ရေးများလည်း ရောက်ရှိကယ်ဆယ်လျက်ရှိသည်။ ရေဘေးတွေ့နေကြသူများကို ရေဘေးကယ်ဆယ်ရေးစခန်းများအဖြစ် လေးမျက်နှာမြို့နယ်တွင် ၁၃ ခု၊ ဟင်္သာတမြို့နယ်တွင် လေးခု၊ ရေကြည်မြို့နယ်တွင် ခြောက်ခုနှင့် ကျုံပျော်မြို့နယ်တွင်တစ်ခု ဖွင့်လှစ်ထားသည်။ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍ ရေဘေးသင့်ပြည်သူများကို ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများကို ဘေးလွတ်ရာသို့ကူညီရွှေ့ပြောင်းခြင်းများ၊ စားသောက်ဖွယ်ရာများလိုက်လံပို့ဆောင်ပေးခြင်း၊ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

မြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန်အတွက် ရေကာတာ တာပေါင်မြေဖို့ခြင်း၊ တာခြေထောက်ခြင်းအဖြစ် ကမ်းထိန်းအိတ်များချခြင်း၊ ရေရှိန်တားပြုလုပ်ခြင်းများကို တပ်မတော်နှင့်ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ မည်သည့်ဘေးအန္တရာယ်မျိုးကိုမဆို ကြုံတွေ့ခံစားရသူများအနေဖြင့် စိတ်ပင်ပန်းလူပင်ပန်းဖြစ်ကြမည်မှာ သဘာဝဖြစ်သည်။ ဤသို့ဖြစ်ပျက်တတ်သည့် အခိုက်အတန့်လေးကို စိတ်အားငယ်ခြင်းမရှိပါနှင့်။ ပြည်သူများအတွက် နိုင်ငံတော်အစိုးရရှိနေသည်။ တပ်မတော်ရှိနေသည်။ လူမှုရေးအသင်းအဖွဲ့များရှိနေသည်။ ယခုလည်း ကူညီနေကြဆဲဖြစ်သည်။

ရေများဝင်ရောက်လာမှုမရှိစေရေးအတွက် မြစ်ကမ်းနားများတွင် ရေကာတာများတည်ဆောက်ထားသော်လည်း ရေများရေနိုင်သည့်ပမာဖြစ်သွားသည်။ မြစ်ရေများသည် များသည်ထက်များကာ ရေကြီးရေလျှံပြီး မြို့၊ ရွာများအတွင်း ရေဝင်ရောက်လာခြင်းဖြင့် ဒေသခံပြည်သူများကို ရေဘေးသင့်ပြည်သူများအဖြစ်သို့ ရောက်သွားစေခဲ့သည်။ အခြားသော မြို့၊ ရွာများအနေဖြင့်လည်း ယခုကဲ့သို့ ဖြစ်စဉ်မျိုးဖြစ်ပွားခြင်းမရှိစေရေးအတွက် ကြိုတင်သတိပြုကာကွယ်ခြင်းများဖြင့် နေထိုင်ကြရမည်ဖြစ်ကြောင်း အသိပညာပေးရေးသားလိုက်ရပါသည်။

အထူးသဖြင့် အကြံပြုလိုသည်မှာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ကြေညာသတိပေးချက်များကို နေ့စဉ်နှင့်အမျှ နားထောင်ကြရန်လိုအပ်သည်။ ဩဂုတ် ၂၃ ရက်နေ့ထုတ် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း"နာရာ"(Narra) မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်သက်မှုများဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း ဩဂုတ် ၂၃ ရက်နံနက်မှ ဩဂုတ် ၂၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "နာရာ"(Narra) မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်သက်မှုများဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးသင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် ရေဘေးအန္တရာယ်ကို ပြင်ဆင်ကာကွယ်ထားကြရန်ဖြစ်ပါကြောင်း အသိပေးရေးသားလိုက်ရပေသည်။

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းလျှောက်လွှာများအား ၂၉-၆-၂၀၂၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၂၇-၈-၂၀၂၆ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## လျှင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။




"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဧေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊

စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊

၀၆၇-၈၁၀၃၃၃၄၊

Email Address - accm@accm.gov.mm၊

Website Address - http://www.accm.gov.mm


# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၂၂၅၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

ကန့်ဘလူ ဩဂုတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၂၂၅၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ပဲတီစိမ်း ဧက ၂၂၅၀၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါပဲတီစိမ်းစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပဲတီစိမ်း ဧက ၂၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ပဲတီစိမ်းစိုက်ပျိုးမှု အနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိပါမယ်၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါမယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကြို့ပင်ကောက်မြို့နယ် သပြေတန်းကျေးရွာ၌ သောက်သုံးရေရရှိရေးဆောင်ရွက်နေမှု စစ်ဆေး

ကြို့ပင်ကောက် ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြို့ပင်ကောက်မြို့နယ် သပြေတန်းကျေးရွာ၌ သောက်သုံးရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာ ကော်မတီဝင်များနှင့်အတူ ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေဖြင့် သပြေတန်းကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ သပြေတန်းကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း၊ မီတာတပ်ဆင်ခြင်းနှင့် အရှည်ပေ ၈၆၀ ရေပိုက်လိုင်း သွယ်တန်းခြင်း လုပ်ငန်းတို့ကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၀ ဒသမ ၈၁၂ သန်းဖြင့် Royal Lucky Paing ကုမ္ပဏီက ဩဂုတ်လ ပထမပတ်မှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။ **သန်းလွင်(မကွေး)**

ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ နှင့် MOUNT PLEASANT COFFEE

ပင်ရင်းအရောင်းဌာန
ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART NINE MILE Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh နဲ့ ဖြည့်စွမ်းထား

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဒေါနခြံ အကွက် (၄၄၇)နေ ဒေါ်ခင်ဝင်းမာ (၉/မရတ(နိုင်)၀၂၄၉၆၀)၏ သား မောင်နေခိုင်လင်း (၉/ခမစ(နိုင်)၀၂၆၅၀၇)သည် မိဘစကား နားမထောင်ဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ဝင်းမာ
(၉/မရတ(နိုင်)၀၂၄၉၆၀)

## ပျောက်ဆုံးကြောင်း

ကုန်းကြမ်းမြို့ တာကုန်းကြမ်းအုပ်စု ရှောက်ကျုံးရှမ်းရွာနေ ရန်စစ်ချင် (ဘ) ဦးရန်စီး (၁၃/လကန(နိုင်)၀၁၆၃၆၈)၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-692073079.

## ပျောက်ဆုံးကြောင်း

တာမိုးညဲမြို့ ရပ်ကွက်(၇)နေ မောင်ရန်ခွေရှိန်း (ဘ) ဦးရန်ကျိန်းယုံ (၁၃/တမည(နိုင်)၀၀၃၅၆၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ 09-690807771.

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့ ရပ်ကွက်(၇) နယ်(၁၉)နေ ရန်ဟွာ (ဘ) ဦးကွင်းဖြင် (၁၃/လရန(နိုင်)၁၉၃၆၇၃)၏နိုင်ငံကူးလက်မှတ်အမှတ် MF 642480 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေး ပါရန်။ 09-650472646.

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့နယ် ငွေပဒေသာရပ်ကွက် မူလွန်ငွေပဒေသာ ကျောင်း တတိယတန်းတွင် ပညာသင်ကြားနေသော မောင်သုတကျော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေ စာရင်းအရ ဦးမျိုးကျော်ကျော် ဖြစ်ပါကြောင်း။

ဦးမျိုးကျော်ကျော်(၅/စကန(နိုင်)၂၅၂၂၁၇)

## ဖခင်အမည်မှန်

မလှိုင်မြို့ မြတံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မအိန္ဒြှန်းလဲ့ခင်၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းဟိန်း ဖြစ်ပါကြောင်း။

ဦးကျော်မင်းဟိန်း
(၉/မလန(နိုင်)၀၈၄၈၇၈)

## ပျောက်ဆုံးကြောင်း

နမ့်ခမ်းမြို့ ကုန်းကန်ရွာ ဗန်ဆေးအုပ်စုနေ မကျိန်ဆူးရှမ်း (ဘ)ဦးမြင်ချမ် (၁၃/နခန(နိုင်)၁၀၀၆၂၄)၏ နိုင်ငံကူး လက်မှတ်အမှတ် MJ 692290 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ 09-988600988.

**သစ်တောနဲ့သစ်ပင်**
**ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကို**
**နှစ်စဉ်စိုက်**
**ရွှေတိုက်ကိုစိုး**

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှုးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



## မီးလောင်နေစဉ်တွင်ရှောင်ရှားသင့်သည့် အချက်များ။

၁။ မီးလောင်နေသော အဆောက်အအုံ အတွင်းသို့ ပြန်လည် ဝင်ရောက်ခြင်း မပြုရ။



၂။ မီးလောင်နေစဉ်တွင် ဝင်လမ်း/ထွက်လမ်း ပိတ်ဆို့ခြင်း၊ လူစုခြင်း၊ လမ်းပေါ်တွင် ပစ္စည်းများချထားခြင်း မပြုလုပ်ရ။



၃။ အထပ်မြင့်တိုက်များတွင် မီးလောင်နေစဉ် ခုန်ချခြင်း မပြုလုပ်ရ။(အရေးပေါ် ထွက်ပေါက်ကိုအသုံးပြုပါ။)



❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# အိန္ဒိယသမ္မတနိုင်ငံက တပ်မတော်ဆေးတက္ကသိုလ်အတွက် ဆေးပညာသင်ကြားရေးဆိုင်ရာသင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်း




နေပြည်တော် ဩဂုတ် ၂၄

တပ်မတော်ဆေးတက္ကသိုလ်တွင် ဘွဲ့ကြို ဘွဲ့လွန် ဆေးပညာသင်ကြားရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် အိန္ဒိယသမ္မတနိုင်ငံအစိုးရက လှူဒါန်းသည့် ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှတစ်ဆင့် ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင် အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးပြည့်စုံလင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ဇော်မျိုးဟန်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur၊ စစ်သံမှူး Colonel Arjun N Singh နှင့် တာဝန်ရှိသူများ၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ဆေးပညာသင်ကြားရေးဆိုင်ရာသင်ထောက်ကူပစ္စည်းများ လှူဒါန်းမှုဆိုင်ရာ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ရာ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ဇော်မျိုးဟန်က လက်ခံရယူစဉ်။

## ASEAN Hyundai Cup Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၂၄


၂၀၂၆ ခုနှစ် ASEAN Hyundai Cup Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် ဗီယက်နမ်အမျိုးသားလက်ရွေးစင်အသင်းနှင့် ထိုင်းအမျိုးသားလက်ရွေးစင်အသင်းတို့သည် ဩဂုတ် ၂၆ ရက် ည ၇ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ မိုင်ဒင်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အဆိုပါပွဲစဉ်ကို ယင်းနေ့ည ၇ နာရီ ၁၅ မိနစ်တွင် MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၄

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "နာရာ"(NARRA)မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းရိုးတန်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော

စာမျက်နှာ ၂၆ ကော်လံ ၄ ■




## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၂၄

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ (A)၌ ယနေ့မှစတင်၍ စက်တင်ဘာ ၂ ရက်ထိ ၁၀ ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို

စာမျက်နှာ ၂၃ ကော်လံ ၁ ❖




## ချမ်းအေးသာစံ၊ ချမ်းမြသာစည်မြို့နယ်တို့တွင် ငွေကျပ် ၉၅၉၃ ဒသမ ၅ သိန်းတန်ဖိုးနှင့် ဗဟန်းမြို့နယ်တွင် ငွေကျပ်သိန်း ၅၇၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၄

ချမ်းအေးသာစံ၊ ချမ်းမြသာစည်မြို့နယ်တို့တွင် ငွေကျပ် ၉၅၉၃ ဒသမ ၅ သိန်းတန်ဖိုးနှင့် ဗဟန်းမြို့နယ်တွင် ငွေကျပ်သိန်း ၅၇၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိပြီး တရားခံများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၉ ရက်နံနက် ၁၀ နာရီခွဲတွင် သတင်းအရ ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်တွင် အောင်မြေသာစံမြို့နယ်

စာမျက်နှာ ၂၆ ကော်လံ ၁ ●

အီညားရှို့၊ အန်တောမြို့တို့ကို ဖမ်းဆီးရမိသည့် ဘိန်းဖြူ ၁၁ ကီလို၊ စိတ်ကြွဆေးပြား ၃၆၆၀၀၀၊ ဘိန်းစိမ်း ၄၈ ကီလို၊ ဘိန်းဆီခဲ ၁၂ ဒသမ ၅ ကီလိုတို့နှင့်အတူ တွေ့ရစဉ်။